# ပထမအကြိမ်ပြည်သူ့လွှတ်တော်
# ဒုတိယပုံမှန်အစည်းအဝေး
# ၂၃ ရက်မြောက်နေ့မှတ်တမ်း(မူကြမ်း)
# ၂၂-၉-၂၀၁၁

**အချိန် ၊၁၀ ႏ ၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၂၃ ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး ရှိတဲ့အနက် ၃၆၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၂.၆၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနဲ့စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးအစီအစဉ်များကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။ ယခုအစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဗိုလ်မှူးဇော်ဝင်းနိုင်(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၂၆၈၈၁ ဗိုလ်မှူးထွန်းထွန်းဦးဟာ တုပ်ကွေးရောဂါနဲ့ ဖျားနေပါသောကြောင့် ယနေ့ ၂၂-၉-၂၀၁၁ ရက်နေ့ကို ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ကျွန်တော် ပြန်တမ်းဝင်အမှတ် ကြည်း ၂၆၂၅၇ ဗိုလ်မှူးဇော်ဝင်းနိုင်မှ လေးစားစွာပန်ကြားတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကရင်ပြည်နယ်၊ သံတောင်မဲဆန္ဒနယ်မှ ဦးစောနေကော်ကြီးသည် နေမကောင်းဖြစ်နေပါသဖြင့် ယနေ့ကိုခွင့်တစ်ရက်အဖြစ်သတ်မှတ်ပေးပါရန် ကျွန်မ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက ပန်ကြားအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါက်တာသန်းဝင်း(မြောက်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ကျွန်တော် ဒေါက်တာ သန်းဝင်းက ကိုယ်စားခွင့်ပန်ကြားမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းသည် ၎င်းပိုင်ကုမ္ပဏီ၏ ဘဏ်လုပ်ငန်းများ နှင့်ပတ်သက်၍ မလွှဲမရှောင်သာဆောင်ရွက်ရန် အရေးတကြီးအကြောင်းကိစ္စပေါ်ပေါက်ပါသဖြင့် ယနေ့ကျင်းပပြုလုပ်သော ပြည်သူ့လွှတ်တော်အစည်းအဝေးနှင့် မနက်ဖြန်ကျင်းပပြုလုပ်မည့် ပြည်သူ့ လွှတ်တော်အစည်းအဝေးနှစ်ရက်ကိုခွင့်အဖြစ်သတ်မှတ်ပေးရန် ဦးခင်မောင်ဝင်းကိုယ်စား လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးကျော်ခိုင်ဝင်း(မဲ့စဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကယားပြည်နယ်၊ ဖာဆောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းတင်သည် ၎င်း၏ဇနီးအရေးပေါ်ခွဲစိတ်မီးဖွားရန်လိုအပ်ပါသဖြင့် အနီးကပ်ပြုစုစောင့်ရှောက် နိုင်ရန် ယနေ့ ၂၂-၉-၂၀၁၁ ရက်နေ့မှ ၂၃-၉-၂၀၁၁ ရက်နေ့ကို အစည်းအဝေးတက်ရောက်နိုင်ခြင်း မရှိပါ၍ ခွင့်ရက်နှစ်ရက်အဖြစ်သတ်မှတ်ပေးပါရန် ဦးရဲထွန်းတင်၏ကိုယ်စား ကျွန်တော် ဦးကျော်ခိုင်ဝင်းမှ လေးစားစွာခွင့်ပန်ကြားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဦးသန်းနွယ်(ဘုတလင်ဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းနွယ် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ကိုယ်စား ခွင့်ပန်ကြားခြင်းဖြစ်ပါတယ်။ ဦးကျော်မြင့်ဟာ ကိုယ်တိုင်ဆောင်ရွက်ရမည့် ရုံးကိစ္စအတွက် ရန်ကုန်မြို့သို့ သွားရောက်ရန်ရှိပါသဖြင့် ယနေ့

၂၂-၉-၂၀၁၁ ရက်နေ့မှ ၂၃-၉-၂၀၁၁ ရက်နေ့အထိ ခွင့်နှစ်ရက်ကိုခွင့်ပြုပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ခွင့်ပြုပါတယ်။

**ဒေါက်တာအောင်သန်း(ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမဲဆန္ဒနယ်မှ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေသည် နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆရာဝန်ကြီး၏ ညွှန်ကြားချက်အရ နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံသို့သွားရောက်၍ ဆေးစစ်၊ ဆေးကုသမှုခံရမည်ဖြစ်ပါသဖြင့် ယနေ့ ၂၂-၉-၂၀၁၁ရက်နေ့ ပြည်သူ့လွှတ်တော်အစည်းအဝေးမတက်ရောက်နိုင်ခြင်းအား ခွင့်တစ်ရက်အဖြစ်သတ်မှတ်ပေးပါရန် ရွှေဘိုမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဒေါက်တာအောင်သန်းမှ ဦးခင်မောင်ရွှေကိုယ်စား ခွင့်တိုင်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးမျိုးသန့်(ရေတာရှည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မဲဆန္ဒနယ်မှ ကျွန်တော်ဦးမျိုးသန့်ကခွင့်ပန်ကြားခွင့်ပြုပါခင်ဗျား။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမင်းဆွေသည် ဇနီးဖြစ်သူကျန်းမာရေးအတွက် ဆက်လက်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ယနေ့ ၂၂ ရက်နဲ့ နက်ဖြန် ၂၃ ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဦးမင်းဆွေကိုယ်စား လေးစားစွာတင်ပြခွင့်တောင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဌေးလွင်(ခ)ဦးဒီလုံး(နမ့်ဆန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖယ်ခုံမြို့နယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဖရန်စစ္စကိုသည် ခုတင် ၁၀၀၀ ဆေးရုံကြီးတွင် ဆေးစစ်မှုပြန်လည်ခံယူရမှာဖြစ်သဖြင့် ၂၂-၉-၂၀၁၁ရက်နေ့ တစ်ရက်အား ခွင့်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် ဦးဖရန်စစ္စကို၏ကိုယ်စား ကျွန်တော် ရှမ်းပြည်နယ်၊ အလယ်ပိုင်း၊ နမ့်ဆန်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင်(ခ) ဦးဒီလုံးမှ လေးစားစွာခွင့်ပန်ကြားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးကျင်ဝမ်း(ဟိုပန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ဟိုပန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဦးကျင်ဝမ်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ လောက်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်နီနိုင်ကိုယ်စားခွင့်ပန်ကြားခြင်းဖြစ်ပါတယ်ခင်ဗျား။ ဦးကျော်နီနိုင်သည် ယနေ့ ၂၂-၉-၂၀၁၁ နေ့ရက်တွင်နေမကောင်းပါသဖြင့် ခွင့်တစ်ရက်အဖြစ်သတ်မှတ်ပေးပါရန် ဦးကျော်နီနိုင်ကိုယ်စား လေးစားစွာတိုင်ကြားပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးဇောင်းခေါင်(ဆော့လော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖုံးတိန့်သည် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံတွင် ကျန်းမာရေးစစ်ဆေးရန်လိုအပ်နေပါသဖြင့် ၂၂-၉-၂၀၁၁ ရက်နေ့တွင် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိပါသဖြင့် ခွင့်တစ်ရက်သတ်မှတ်ပေးပါရန် ဦးဖုံးတိန့်ကိုယ်စား ဆော့လော်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဇောင်းခေါင်မှ ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးစိုင်းသန်းနိုင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင် ဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောထွန်းခေါင်လွင်သည် ဝမ်းကိုက်ရောဂါခံစားနေရပါသဖြင့် ယနေ့ကျင်းပသော လွှတ်တော်အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိပါ။ သို့ပါ၍ ယနေ့ ၂၂-၉-၂၀၁၁ ရက်နေ့ တစ်ရက်ကိုခွင့်ရက်အဖြစ်သတ်မှတ်ပေးနိုင်ပါရန် ဦးစောထွန်းခေါင်လွင်ရဲ့ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးအောင်ကျော်စိုး(နတ်မောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုး ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ အောင်လံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွန်းဟာ လွှတ်တော်ပြင်ပမှာနိုင်ငံခြားဧည့်သည်များ လိုက်ပါပို့ဆောင်ရေးလုပ်ငန်းကိုဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် ယနေ့ ၂၂-၉-၂၀၁၁ ရက်နေ့ကို ခွင့်တစ်ရက်အဖြစ်သတ်မှတ်ပေးပါရန် ဦးကိုကိုထွန်းရဲ့ကိုယ်စား လေးစားစွာခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၇ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၂၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်းကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခု မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။ ပထမဦးစွာပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးအောင်ဆန်းအား မေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ဆန်း(ပန်းဘဲတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ယနေ့ ကြွရောက်လာသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြား ထားသောဧည့်သည်များနှင့် ပြည်ထောင်စုဝန်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်း ဖြစ်ပါတယ်။ လေးစား အပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-နေပြည်တော်အဝေးပြေးလမ်းမကြီးတွင် သွားလာနေကြသော ခရီးသွားပြည်သူများနှင့် ယာဉ်မောင်းများ၏ အသက်အန္တရာယ်လုံခြုံရေးအတွက် အောက်ပါမေးခွန်း များကို လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-နေပြည်တော် အဝေးပြေး လမ်းမကြီး၏ မိုင်တိုင် ၅၀ ပတ်ဝန်းကျင်တွင် ညအချိန်မတော်နွားများမကြာခဏတွေ့နေရပြီး နွားများကိုရှောင်တိမ်းလိုက်ရာ မော်တော်ယာဉ်တိမ်းမှောက်လုမတတ်ဖြစ်သွားတာ အကြိမ်ကြိမ် ဖြစ်ပါပြီ။ နောက်တစ်ခါ နွားများကိုတိုက်မိပြီး နွားများသေဆုံးမှုအထိလည်းဖြစ်ပွားနေသည်ကို တွေ့ရှိ ရပါသည်။ ကျွန်တော်မေးခွန်းတင်ထားတုန်းအချိန်မှာပဲ ၁၁-၉-၂၀၁၁ နေ့က အဝေးပြေးခရီးသည်တင် အမြန်ကားကြီးမှာနွားကိုတိုက်မိပြီးတော့ တိမ်းမှောက်လုမတတ်ဖြစ်ကြောင်းထပ်မံပြီးတော့ သိရှိရ

ပါတယ်။ သို့ပါ၍ အဆိုပါနွားများကြောင့် ခရီးသည်များ၏အသက်အန္တရာယ်ကို လွန်စွာစိုးရိမ်နေရပါသဖြင့် သက်ဆိုင်ရာမှအရေးယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ ၊ မရှိ သိလိုပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-နေပြည်တော်လမ်းမကြီးတစ်လျှောက်တွင် မော်တော်ဆိုင်ကယ်စီးနင်းခြင်းမပြုရဟုတားမြစ်ထားသော်လည်း မော်တော်ဆိုင်ကယ်များစီးနင်းနေသည်ကို တွေ့ရှိရပါသည်။ ၎င်းကိစ္စမှာလည်းခရီးသည်တင်ယာဉ်ကြီးများအတွက် အန္တရာယ်များတွေ့ရှိနိုင်သည်ဖြစ်ပါ၍ သက်ဆိုင်ရာမှအရေးယူဆောင်ရွက်ရန် အစီအစဉ်ရှိ ၊ မရှိသိရှိလိုပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာပြည်တစ်ဝန်း အဝေးပြေးလမ်းမကြီးများတွင် ယာဉ်မောင်းများ၏ မှားယွင်းစွာကျင့်သုံးသော အချက်ပြမီးကိစ္စတင်ပြပါမယ်။ မော်တော်ယာဉ်၏ အချက်ပြမီးသဘောမှာ မိမိကွေ့လိုသောဘက် သို့မဟုတ် မိမိယာဉ်ကြောပြောင်းလိုသောဘက်သို့ ပြသရန်ဖြစ်သော်လည်း အဝေးပြေးလမ်းမကြီးတစ်လျှောက်တွင်မူ မိမိ၏နောက်မှယာဉ်ကို ကျော်တက်စေလိုပါက လက်ဝဲဘက်ကအချက်ပြမီးကိုပြ၍ ကျော်တက်စေခြင်းပြုလုပ်နေကြပါသည်။ လုံးဝမှားယွင်းသောစနစ်ဖြစ်ပါသည်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်-နေပြည်တော်အဝေးပြေးလမ်းမကြီးမှာ ထိုကဲ့သို့ အချက်ပြမီးမှားယွင်းမှုကြောင့် ကျော်တက်မှုမှားယွင်းသဖြင့် ၂၀၁၀ ခု၊ ဒီဇင်ဘာလက မိုင်တိုင် ၉၃ မှာ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားပြီး ကျွန်တော်၏မိတ်ဆွေတစ်ဦးသေဆုံးပြီး မိသားစု ၂ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ ထိုသို့အချက်ပြမီးမှားယွင်းမှုကို သက်ဆိုင်ရာမှနည်းမျိုးစုံဖြင့် ပညာပေးသည်ကိုလည်း တွေ့ရှိရပါသည်။ ရုပ်မြင်သံကြား၊ သတင်းစာ၊ ရေဒီယိုတို့မှ ပညာပေးသော်လည်း ယနေ့ထိလိုက်နာမှုမရှိသေးသည်ကိုတွေ့ရှိရပါတယ်။ သို့ပါ၍ အဆိုပါကိစ္စအား ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရန် အစီအစဉ်ရှိ ၊ မရှိ သိရှိလိုပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းရဲ့ ရန်ကုန်-နေပြည်တော် လမ်းမကြီးတစ်လျှောက် မော်တော်ဆိုင်ကယ်နဲ့တိရစ္ဆာန်များ ဖြတ်သန်းသွားလာမှု၊ ယာဉ်မောင်းများအချက်ပြစနစ်မှားယွင်းကျင့်သုံးနေမှုကြောင့် ယာဉ်အန္တရာယ်ဖြစ်နိုင်တဲ့ကိစ္စနဲ့စပ်လျဉ်းတဲ့မေးခွန်းအပေါ် ကျွန်တော်ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ပြန်လည်ဖြေကြားသွားမှာဖြစ်ပါ

တယ်။ ကျွန်တော်တို့ လက်ရှိအခြေအနေမှာ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမပေါ်မှာရှိတဲ့ (ဃ) အဆင့်ရဲစခန်းတွေကို ရန်ကုန်နဲ့နေပြည်တော်အကြားမှာ ၇ ခု၊ နေပြည်တော်နဲ့မန္တလေးကြားမှာ ၅ ခုထားရှိပြီးတော့ အမြန်လမ်းတစ်လျှောက်လုံခြုံရေးနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး တို့အတွက်ကို ထားရှိခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် အမြန်လမ်းမကြီးပေါ်မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အပြည့်အဝဆောင်ရွက်နိုင်ဖို့ (ဃ) အဆင့်ရဲစခန်းတွေကနေ (က)အဆင့်ရဲစခန်းများ အထိ မြှင့်တင်အင်အားတိုးချဲ့ရေးနဲ့ ရဲစခန်းများနဲ့အလှမ်းကွာဝေးတဲ့ တံတားကြီးများမှာလည်း တံတားကင်းရဲစခန်းများထားရှိပြီး လုံခြုံရေးနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်ဖို့စီမံထားရှိပြီးလည်းဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့က ထုတ်ပြန်ပြဋ္ဌာန်းထားတဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရဲ့ လမ်းမကြီးများ ဥပဒေအမှတ်(၈/၂၀၁၀) မှာလည်း လမ်းမကြီးများဥပဒေပုဒ်မ ၂၉(က)အရ လမ်းမကြီးရဲ့လမ်းမျက်နှာ ပြင်ပေါ်မှာ တိရစ္ဆာန်များကို မောင်းနှင်ခြင်း၊ ဆွဲယူခြင်း၊ စီးနင်းခြင်း၊ ချည်နှောင်ထားခြင်း၊ ထိန်းကျောင်းခြင်း၊ လွှတ်ကျောင်းခြင်းမပြုရလို့ ပြဋ္ဌာန်းထားသလို အဲ့ဒီဥပဒေကို ဖောက်ဖျက်လို့ ရှိရင်လည်း ထောင်ဒဏ်သုံးလအထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် စလုံးဖြစ်စေ၊ ချမှတ်ခြင်းခံရမယ်လို့လည်း ပြဋ္ဌာန်းထားပြီး ဆောင်ရွက်လျက်ရှိနေပါတယ်။ အမြန်လမ်းမကြီး ဘေးတစ်လျှောက်မှာရှိတဲ့ရွာများက ကျန်းမာရေး၊ ပညာရေးနဲ့ လူမှုရေးကိစ္စတွေအတွက် အမြန်လမ်းမကြီးပေါ်မှာ ဆိုင်ကယ်များအသုံးပြုသွားလာနေမှုများကိုဖြစ်စေ၊ အလားတူ ရန်ကုန်မှ မိုင်တိုင် ၅၀ ပတ်ဝန်းကျင်မှာ နွားများအုပ်စုလိုက်ညအချိန်မတော်လမ်းမပေါ်တက်ရောက်နေမှုများ ကိုဖြစ်စေ၊ အမြန်လမ်းမကြီးပေါ်မှာတာဝန်ပေးထားတဲ့ ရဲစခန်းများနဲ့ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းတို့က အရေးယူဆောင်ရွက်လျက်ရှိနေပါတယ်။ ယာဉ်မောင်းများရဲ့မှားယွင်းတဲ့ အချက်ပြ စနစ်ကို ကျင့်သုံးနေတဲ့ကိစ္စနဲ့ပတ်သက်ပြီး အမြန်လမ်းမကြီးပေါ်မှာယာဉ်ကျော်တက်ဖို့ အချက်ပြတဲ့ အခါယာဉ်ရဲ့ဝဲဘက်အချက်ပြမီးကိုအသုံးပြုပြီး ကျော်တက်ခိုင်းလေ့ရှိတာကိုတွေ့ရှိရတဲ့အတွက်လည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ ယာဉ်ထိန်းတပ်ဖွဲ့ဝင်တွေက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောဆွေးနွေးလျက်ရှိနေပါတယ်။ ဒါ့အပြင် အဲဒီဟောပြောပွဲတွေမှာ မှားယွင်း နေတဲ့အချက်ပြစနစ်ကို အသုံးမပြုဖို့ထည့်သွင်းဟောပြောတဲ့အပြင် အသိပညာပေးခြင်းနဲ့ မြန်မာ့ အသံနှင့်ရုပ်မြင်သံကြားတို့ကလည်းပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိနေပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်းအား မေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ထွန်း(လပွတ္တာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဖိတ်ကြားထားတဲ့ ဧည့်သည်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ထွန်းဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ နှစ်ခုရှိပါတယ်။ နံပါတ်တစ် လပွတ္တာမြို့ရဲ့ ရွှေးမြစ်နဲ့ပြာမလေ့ာမြစ်ကြားမှာရှိတဲ့ စိုက်ပျိုးမြေများကိုရေငန်ဝင်ရောက်မှုမှကာကွယ်ရန်၊ ရေငန်တားတာများပြုလုပ်ပေးမယ့် အစီအစဉ်နဲ့ ယခင်ရှိပြီးသား စပါးတစ်၊ စပါးနှစ်စီမံကိန်းအရ တည်ဆောက်ထားတဲ့တာများရဲ့ ရေထိန်းတံခါးများပျက်စီးနေမှုကို ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်နဲ့ပတ်သက်ပြီး မေးမြန်းမှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့မေးမြန်းချက်ကို ပြည့်စုံစွာတင်ပြနိုင်ရန် စာဖြင့်ဖတ်ကြားခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်ရဲ့ စပါးစိုက်ပျိုးမြေများ ရေငန်ဝင်ရောက်မှုမှကာကွယ်နိုင်ရန်အတွက် ယခင်ကကမ္ဘာ့ဘဏ်ချေးငွေအစီအစဉ်နဲ့ စပါးတစ်၊ စပါးနှစ်စီမံကိန်းများနဲ့ ပြာမလေ့ာမြစ်အရှေ့ဘက်ကမ်းဒေသများရှိ ကျေးရွာအုပ်စုများနှင့်လယ်ယာမြေများကို ရေငန်တားတာများပြုလုပ်ပေးထားပြီးဖြစ်ပါတယ်။ အဲဒီဒေသအတွင်းရှိ လယ်သမားများအား ယခုဆိုလျှင် မိုးစပါးအပြင်၊ နွေစပါး၊ ဆောင်းသီးနှံ၊ နှမ်း၊ မြေပဲ၊ ငရုတ် စသည့်သီးနှံများ အောင်မြင်စွာစိုက်ပျိုးနိုင်တဲ့ လယ်ယာမြေများနဲ့ ကျေးရွာအုပ်စုကြီးများဖြစ်နေကြပြီးဖြစ်ပါတယ်။ အဲ့ဒီတာများကိုအသုံးပြုပြီး ကျေးရွာတစ်ရွာနဲ့တစ်ရွာဆက်သွယ်ရေးလမ်းအဖြစ်လည်း အသုံးပြုနိုင်တာ တွေ့ရပါတယ်။ မကြာသေးမီကဖြစ်ပွားခဲ့တဲ့နာဂစ်မုန်တိုင်းတိုက်ခတ်မှုကို အဲဒီတာများက အသက်ပေါင်းများစွာကိုကယ်တင်ပေးနိုင်တဲ့ အသက်ကယ်ကုန်းအဖြစ်လည်း ဆောင်ရွက်ပေးတာ တွေ့ရှိရပါတယ်။ နာဂစ်မုန်တိုင်းကြောင့်ပျက်စီးသွားတဲ့တာများကိုလည်း ယခုဆိုလျှင်ပြန်လည်ပြုပြင်ပြင်ဆင်နေတာကိုလည်းတွေ့ရှိရပါတယ်။ သို့သော်လည်း တာများရဲ့ရေထိန်းတံခါးများကတော့ ကောင်းစွာအသုံးပြုလို့မရသေးတဲ့အတွက် ရေထိန်းတံခါးများပြုပြင်မှုကိုပြုလုပ်ပေးနိုင်ဖို့ လိုအပ်ပါတယ်။ ဆက်လက်တင်ပြမယ့် ပြာမလေ့ာမြစ်ရဲ့အနောက်ဘက်ကမ်း၊ ရွှေးမြစ်ရဲ့အရှေ့ဘက်ကမ်း၊ ရွှေးမြစ်နဲ့ ပြာမလေ့ာမြစ်အကြားရှိ လယ်ဧက ၃၀၀၀၀ ခန့်နဲ့ စိုက်ပျိုးနေကြတဲ့ကျေးရွာကြီးခြောက်အုပ်စုဖြစ်ကြတဲ့ သနပ်ဖက်ကျေးရွာ၊ ထင်းပုံကွင်းကျေးရွာ၊ ကန်ဘက်ကျေးရွာ၊ ဂုံညင်းတန်းကျေးရွာ၊ ကျူတောကျေးရွာ၊ လေးပေါက်ကျေးရွာ အုပ်စုကြီးများဟာ လွန်ခဲ့တဲ့သုံးနှစ်ခန့်ကစပြီး ဇန်နဝါရီလဆိုရင် ရေငန်ဝင်ရောက်မှုကိုခံစားခဲ့ရတယ်။ သို့ပါ၍ နွေစပါးစိုက်ပျိုးရေး၊ အောင်ရေရရှိမယ့်သိုလှောင်ချိန်မှာ ရေငန်ဝင်ရောက်မှုကြောင့် နွေစပါး

စိုက်ခင်းများပျက်စီးမှုကို ကြုံတွေ့ရပါတယ်။ ဆောင်းသီးနှံစိုက်ပျိုးမရခြင်း၊ မိုးစပါး၊ ရေငန်တွေကြောင့် လယ်ယာပြုပြင်မှုခက်ခဲလာခြင်းကြောင့် သီးနှံအထွက်နှုန်းများကျဆင်းလာတာလည်းတွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော်မေးလိုတာကတော့ ပြာမလေ့ာမြစ်အရှေ့ဘက်ကမ်းရှိ တာများရဲ့ ရေထိန်းတံခါးများပြန်လည်ပြုပြင်ပေးမယ့်အစီအစဉ်နဲ့ ရွှေးမြစ်နဲ့ပြာမလေ့ာမြစ်အကြား ရေငန်တားတာ အသစ်ပြုလုပ်ပေးနိုင်မယ့်အစီအစဉ်ကိုသိလို၍ တင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးတင်လှိုင်၊ ကလေးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်လှိုင်(ကလေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့နိုင်ငံတော်အကျိုးပြုမယ့် မေးခွန်းလွှာကိုတင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မေးမြန်းဆွေးနွေးတင်ပြလိုတာကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ် ကလေး-ဂန့်ဂေါကားလမ်းနဘေး ဆယ်တောရွာအနီးမှာ မဏိပူရမြစ်ရှိပါတယ်။ အဲဒီမဏိပူရမြစ်ကိုမဏိပူရသက်စောင့်ရေလှောင်တမံအဖြစ် ၂၀၀၄-၂၀၀၅ ခုနှစ်ကစတင်ပြီးတော့မှတည်ဆောက်ခဲ့ပါတယ်။ အဲဒီတည်ဆောက်တဲ့မဏိပူရစီမံကိန်းဟာ လယ်ယာမြေဧက ၅၀၀၀၀ ကျော်ကို ရေပေးဝေနိုင်မှာဖြစ်ပြီးတော့မှ မြစ်သာမြစ်လွင်ပြင်ရေကြီးမှုကိုလည်း ကာကွယ်ပေးနိုင်ပါတယ်။ ကလေးဝအောက် ချင်းတွင်းမြစ်ရေကြီးမှုကိုလည်း ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် လျှပ်စစ်ဓာတ်အားလည်း ၃၈၀ မဂ္ဂါဝပ်ထိအောင် ထုတ်လုပ်ရရှိနေမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ချင်းပြည်နယ် ၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးတို့ကိုပါ အကျိုးပြုနိုင်မှာဖြစ်ပါတယ်။ သို့သော်လည်း ဒီစီမံကိန်းကိုဆိုင်းငံ့ထားကြောင်း သိရှိရတဲ့အတွက်ကြောင့်မို့လို့ ဒီစီမံကိန်းပြီးလို့ရှိရင် စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးအတွင်း လယ်ယာစိုက်ပျိုးမှုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တဲ့အတွက်ကြောင့်မို့ လျှပ်စစ်ဓါတ်အားလည်းရရှိမှာဖြစ်တဲ့အတွက် စက်မှုကဏ္ဍလည်းဖွံ့ဖြိုးတိုးတက်လာပါမယ်။ လူနေမှုအဆင့်အတန်းလည်းမြင့်မားလာပါမယ်။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးမှာလည်း အများကြီးအထောက်အကူဖြစ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီစီမံကိန်းပြီးစီးရေး၊ အောင်မြင်ရေးကို ပြည်သူများကမျှော်လင့်နေကြပါတယ်။ ဒါကြောင့်မို့ မေးမြန်းဆွေးနွေးတင်ပြလိုတာကတော့ မဏိပူရဘက်စုံရေလှောင်တမံစီမံကိန်းကို ဆက်လက်ပြီးတော့မှဘယ်

အချိန်မှာဆက်လက်ဆောင်ရွက်ပါမလဲ။ ဘယ်အချိန်မှာပြီးစီးရန်လျာထားပါသလဲ။ အကယ်၍ ဒီစီမံကိန်းပြီးစီးသွားတဲ့အခါမှာ လျှပ်စစ်ဓါတ်အားထုတ်ယူရရှိခဲ့လို့ရှိရင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၊ တမူးမြို့ ကလေးဝစတဲ့မြို့နယ်များ၊ မကွေးတိုင်းဒေသကြီး ဂန့်ဂေါစတဲ့မြို့နယ်များ၊ ချင်းပြည်နယ်ဒေသများကို လျှပ်စစ်မီးဖြန့်ဖြူးပေးရန်အစီအစဉ်ရှိပါသလား ဆိုတာသိရှိလိုကြောင်း မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သူရဦးအေးမြင့်၊ ဝက်လက်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**သူရဦးအေးမြင့်(ဝက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်းဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်အတွင်းမှာရှိတဲ့ ပင်းတာရိုးရေဆိုးချောင်းနဲ့ အောင်တပ်ကုန်းရေဆိုးချောင်းများ တိုးချဲ့တူးဖော်ပြုပြင်ရေးကိစ္စဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်းပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သဖန်းဆိပ်ဆည်ကြီးရဲ့ရေသောက်ဧရိယာများဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်အတွင်းက ကျေးသီးကုန်းအုပ်စု၊ ယင်းတောအုပ်စု၊ စဥ့်ပါအုပ်စု၊ ထနင်းသာအုပ်စု၊ ပင်စင်းအုပ်စု၊ ဘူးကြီးအုပ်စု၊ သရက်ကြီးအုပ်စု၊ ပေါက်တောအုပ်စုစတဲ့ကျေးရွာအုပ်စုများရဲ့ စပါးစိုက်ဧရိယာများဟာ မြို့နယ်အတွင်း မိုးရေချိန် ၂ လက်မနဲ့အထက်ရွာသွန်းတဲ့ရက်များမှာ အမြဲလိုလိုရေလွှမ်းမိုးလေ့ရှိပါတယ်။ ဒီလိုရေလွှမ်းမိုးရခြင်းဟာ ရေဆိုးထုတ်ချောင်းများပိတ်ဆို့နေမှုကြောင့်ဖြစ်ကြောင်းသိရှိရပါတယ်။ ၂၀၀၉ ခုနှစ်၊ မိုးစပါးစိုက်ပျိုးကာလမှာတစ်ကြိမ်၊ ၂၀၁၀ ခုနှစ်၊ မိုးစပါးစိုက်ပျိုးကာလမှာတစ်ကြိမ်ရေလွှမ်းမိုးခဲ့ပြီး၊ ၂၀၁၁ ခုနှစ်မှာတော့ မိုးစပါးစိုက်ပျိုးကာလမှာတစ်ကြိမ်နဲ့ နွေစပါးစိုက်ပျိုးကာလမှာတစ်ကြိမ်၊ နှစ်ကြိမ်တိတိရေလွှမ်းမိုးခြင်းခံခဲ့ရပါတယ်။ တစ်ကြိမ်မှာပျမ်းများအားဖြင့် စိုက်ဧက ၁၅၀၀ဧကခန့် ပျက်စီးဆုံးရှုံးလေ့ရှိကြောင်းလည်းသိရှိရပါတယ်။ ဒီလိုရေလွှမ်းမိုးရခြင်းရဲ့အကြောင်းအရင်းများကတော့ ရေဆိုးထုတ်ချောင်းနဘေးက အိမ်ခြံဝန်းများတိုးချဲ့မှုကြောင့် ရေနုတ်မြောင်းများကျဉ်းမြောင်းလာခြင်း၊ ဗေဒါနဲ့ချုံနွယ်များပိတ်ဆို့ခြင်း၊ သဲသောင်ခုံများဖြစ်ထွန်းခြင်းတို့ကြောင့်ဖြစ်ကြောင်းစစ်ဆေးတွေ့ရှိရပါတယ်။ ရေစီးရေလာကောင်းမွန်စေရေးအတွက် ပင်းတာရိုးရေဆိုးချောင်းနဲ့ အောင်တပ်ကုန်းဆည်ရေဆိုးချောင်းများကို ယခုနှစ်အတွင်းတွင်ပြုပြင်ပေးခဲ့တဲ့ ပြဿတ်ရေဆိုးချောင်းကဲ့သို့တိုးချဲ့တူးဖော်ပြုပြင်ပေးဖို့ ဒေသခံတောင်သူလယ်သမားများက အထူးပင်လိုလားတောင့်တ

လျက်ရှိကြပါတယ်။သို့ပါ၍ ရွှေဘိုမြို့နယ်၊ ယင်းမာကျေးရွာအနီးမှစတင်ပြီး ဝက်လက်မြို့နယ်အတွင်း သို့ ဖြတ်သန်းစီးဆင်းတဲ့ ၁၀ မိုင်ခန့်ရှည်လျားတဲ့ ပင်းတာရိုးရေဆိုးချောင်းနဲ့ အောင်တပ်ကုန်းဆည် ရေဆိုးချောင်းများကိုတိုးချဲ့တူးဖော်ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိနဲ့ ရှိပါကမည်သည့်အချိန်ကာလ တွင်ဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးကြည်မောင်၊ မြစ်သားမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကြည်မောင်(မြစ်သားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ မြစ်သားမြို့ ပန်းလှောင်မြစ်ဖြတ် စမာရေလွှဲဆည်၊ သဲထုတ်ရေတံခါးတပ်ဆင်ရန် ရန်ပုံငွေခွဲဝေချထားရေးနဲ့ပတ်သက်ပြီးတော့မှ မေးမြန်း တင်ပြမှာဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ မြစ်သားမြို့ ပန်းလှောင်မြစ်ဖြတ် စမာရေလွှဲဆည်ကိုဆည်မြောင်းဦးစီးဌာနက ၁၉၉၇-၁၉၉၈ ခုနှစ်တွင် အသေးစားဆည်တစ်ခုအဖြစ် တည်ဆောက်ခဲ့ပါတယ်။ ယင်းဆည်မှ စမာရေကူတူးမြောင်းဖြင့် ရေများလွှတ်ပြီးတော့ လယ်မြေများကို ရေပေးဝေလျက်ရှိပါတယ်။ ဆည်ရေတည်ရှိမှုမှာ မူလပန်းလှောင်မြစ်၏ရေကြမ်းပြင်မှ အထက် ၁၅ ပေ ခန့်မြင့်တက်လျက်ရှိပြီး ရေလွှဲဆည်ရဲ့အထက်ပိုင်း ရေငြိမ်အိုင်တစ်ခုသဖွယ်တည်ရှိနေပါတယ်။ သို့ပါ၍ ဆည်အထက်ပိုင်းနဲ့ ဆည်တွင်းသို့စီးဝင်သောမြစ်သားမြို့ရဲ့တောင်ဘက် ကသောင်းချောင်းတို့မှာလည်း ဗေဒါပင်များ၊ ဝက်လာပင်များနှင့် ပြည့်နှက်လျက်ရှိပါတယ်။ ယင်းဖြစ်ရပ်ကြောင့် ဗေဒါပင်နှင့် ဒိုက်များသည် ခြင်များပေါက်ဖွားရာနေရာတစ်ခုသဖွယ်တည်ရှိနေပြီး မိုးရွာသွန်းတဲ့အခါမှာလည်း မြို့ တွင်းမှရေများဟာ မြစ်ထဲသို့စီးဆင်းနိုင်ခြင်းမရှိတဲ့အတွက် ရေဆိုးရေပုပ်များအဖြစ်တည်ရှိပြီး ခြင်များ ပေါက်ဖွားရာဖြစ်ပြီးတော့မှ ငှက်ဖျားရောဂါများ၊ သွေးလွန်တုပ်ကွေးရောဂါများဖြစ်ပွားမှုများပြားလာ ကြောင်းတွေ့ရှိရပါတယ်။ ဇယားအားဖြင့်ပြရမယ်ဆိုရင်တော့ သွေးလွန်တုပ်ကွေးဖြစ်မှုမှာ ၂၀၀၈ ခုနှစ်မှာ ၄၃ ယောက်ဖြစ်ခဲ့ပြီးမှ သေဆုံးသူမရှိပါဘူး။ ၂၀၀၉ ခုနှစ်မှာ ၆၈ ယောက်၊ ၂၀၁၀ခုနှစ်မှာ ၅၆ ယောက်ဖြစ်ပွားခဲ့ပါတယ်။ ငှက်ဖျားရောဂါဖြစ်မှုကတော့ ၂၀၀၈ ခုနှစ်မှာ ၃၇၆ ယောက်ဖြစ်ပြီးတော့မှ ၁၂၇ ယောက် ဆေးရုံမှာတက်ရောက်ကုသခဲ့ရပါတယ်။ သေဆုံးမှုမရှိပါဘူး။ ၂၀၀၉ ခုနှစ်မှာ ၂၂၈ ယောက်ဖြစ်ပွားပြီးတော့မှ ၄၆ ယောက်ဆေးရုံတက်ခဲ့ရပါတယ်။ သေဆုံးမှုမရှိခဲ့ပါဘူး။ ၂၀၁၀

ခုနစ်မှာတော့ ၃၉၂ ယောက်ဖြစ်ပွားခဲ့ပြီးတော့မှ ၈၅ ယောက်ဆေးရုံတက်ကာ နှစ်ဦးကတော့သေဆုံးမှု ဖြစ်ပွားခဲ့ပါတယ်။

သို့ပါ၍ လုပ်သားပြည်သူများရဲ့ကျန်းမာရေးအတွက် ခြင်အန္တရာယ်ကင်းရှင်းစေရန်နဲ့ ပိုလျှံ ရေပုပ်ရေသိုးများ၊ ဗေဒါပင်၊ ဒိုက်များသန့်ရှင်းစေရန် ပန်းလှောင်မြစ်ဖြတ် ဆမာရေလွှဲဆည်၏ အရှေ့ဘက်သဲနှုတ်ရေတံခါးတပ်ဆင်ဖို့အတွက် ဆည်မြောင်းဦးစီးဌာနမှခွင့်ပြုထားပြီး အဆိုပါ ရေတံခါးတပ်ဆင်ရန်အတွက် ပစ္စည်းတစ်ချို့တစ်ဝက်လည်း စုဆောင်းထားရှိကြောင်းသိရှိရပါတယ်။ သို့ပါ၍ သဲနှုတ်ရေတံခါးတပ်ဆင်ခွင့်ရရှိသော်လည်း ဆက်လက်တည်ဆောက်ရန် ရန်ပုံငွေများခွဲဝေ ချထားခြင်းမရှိသေးပါသဖြင့် ယင်းကိစ္စနှင့်ပတ်သက်ပြီးတော့မှ ဆည်မြောင်းဝန်ကြီးဌာနမှ မည်သို့ ဆောင်ရွက်ထားသည် သို့မဟုတ် မည်သို့ဆောင်ရွက်ပေးမည်ကိုသိရှိလိုကြောင်း မေးမြန်းတင်ပြ အပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)** ။ ။ လေးစား အပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့နှုတ်ခွန်းဆက်သရင်းဂါရဝပြုအပ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဇော်ထွန်း၏ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရွှေမြစ် နှင့် ပြာမလော့မြစ်ကြား လပွတ္တာမြို့နယ်အတွင်းရှိ လယ်ယာစိုက်ခင်းများအတွက် ရေငန်တားတာ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ နဲ့ ပြာမလော့မြစ်ရဲ့ အရှေ့ဘက်မှာရှိတဲ့ ကမ်းပါးဘန်ကာတည် ဆောက်ထားတဲ့ ရေငန်တားတာများပေါ်ရှိရေတံခါးများ ပြုပြင်ပေးရန်ကိစ္စနဲ့ပတ်သက်ပြီးတော့ ကျွန်တော်လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်ဇော်မှ ဖြေကြားရှင်း လင်းမှာဖြစ်ပါတယ်။ အဆိုပါမေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည် မြောင်းဝန်ကြီးဌာနအနေနဲ့ နိုင်ငံသားပြည်သူလူထုများရဲ့လိုအပ်ချက်များအပေါ် စွမ်းအားရှိသမျှ ဖြစ်နိုင်သမျှ စွမ်းအားပြည့်ဖြည့်ဆည်းပေးရန်အထူးဆန္ဒရှိပါကြောင်း၊ ကျွန်တော်တို့ အစိုးရသစ် လက်ထက်တွင် သမ္မတကြီးကိုယ်တိုင်ကပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများကို ပြည်သူတို့၏ လိုအပ်ချက်မှန်သမျှ ကဏ္ဍအလိုက်စိတ်ကောင်းစေတနာကောင်းဖြင့် ဆောင်ရွက်ပေးသွားကြရန် မပြတ်လမ်းညွှန်ချက်ရှိပါတယ်။ မိမိတို့ဝန်ကြီးဌာနအနေနဲ့ ဖြည့်ဆည်းပေးသွားမှာဖြစ်ကြောင်း၊ နိုင်ငံတော်လုပ်ဆောင်ဖွယ်ရာများကိုလုပ်ဆောင်ရာတွင် အဓိကတည်မှီနေသည်မှာ ဘဏ္ဍာရေးပင် ဖြစ်ကြောင်း၊ ကာကွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးစသည်အားဖြင့် ဘဏ္ဍာငွေဦးစားပေးမှုအပေါ်

မူတည်၍ ဘဏ္ဍာငွေခွဲဝေပေးနိုင်သမျှသာဆောင်ရွက်ပေးနိုင်ကြောင်း ဦးစွာပြောကြားလိုပါတယ်။ ရွှေးမြစ်နှင့် ပြန်မလေ့မြစ်အကြားရှိ ကန်ဘက်၊ အုန်းတပင်၊ ထင်းပုံကွင်း၊ ကျူတော၊ ပေါက်ထုံ အုန်းပင်စုအစရှိတဲ့ ကျေးရွာအုပ်စုများမှ လယ်သမား ၂၄၀၀ ခန့် စိုက်ပျိုးလုပ်ကိုင်လျက်ရှိသော လယ်ယာမြေဧက ၃၀၀၀၀ ခန့်ရှိပါတယ်။ ယင်းဧရိယာများကို ရေငန်ဝင်ရောက်မှုမှ ကာကွယ်ရန်အတွက် ခန့်မှန်းအလျား ၉၅ မိုင်ခန့်ရှိသော ရေငန်တားတာကိုဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါတယ်။ ပထမအဆင့်အနေနဲ့ မြေပြင်စူးစမ်းလေ့လာတိုင်းတာခြင်း၊ ဒီဇိုင်းပုံစံထုတ်ခြင်း လုပ်ငန်းကိုဆောင်ရွက်မည်ဖြစ်ပြီးတော့ ဖြစ်နိုင်စွမ်းရှိသည့်အပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန်အတွက် နိုင်ငံတော်သို့ဦးစားပေးအစီအစဉ်ဖြင့်ဆက်လက်တင်ပြပြီး ဘဏ္ဍာငွေ ခွဲဝေရရှိမှုအပေါ်မှာမူတည်ပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြေကြားလိုပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ပြာမလေ့မြစ်ရဲ့အရှေ့ဘက်ကမ်း ကမ္ဘာ့ဘဏ်ချေးငွေနဲ့ တည်ဆောက် ထားတဲ့ ရေငန်တားတာများပေါ်ရှိ ရေတံခါးများပြုပြင်ခြင်းကိစ္စဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ကျွန်တော်တို့ ကမ္ဘာ့ဘဏ်ချေးငွေနဲ့တည်ဆောက်ထားတဲ့ ဒီရေငန်တားတာနဲ့အတူ ပျက်စီးသွားတဲ့ ရေတံခါးများကိုလည်း ကျွန်တော်တို့ နာဂစ်မုန်တိုင်းအပြီးမှာ အချိန်နဲ့ ဆက်လက်ဆောင်ရွက်လျက် ရှိပါတယ်။ နှစ်အလိုက်ရရှိတဲ့ ရန်ပုံငွေပေါ်မှာမူတည်ပြီးတော့ ကျွန်တော်တို့ဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ အခုမေးမြန်းထားတဲ့ ဒီရေတံခါးနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့မှာရရှိတဲ့ ရန်ပုံငွေပေါ်မူတည်ပြီးတော့ ဒီတာတွေ၊ ရေတံခါးတွေကို ပြုပြင်သွားမယ်ဖြစ်ပါကြောင်း ကျွန်တော် တင်ပြလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒုတိယမေးခွန်းဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ကလေး-ဂန့်ဂေါကားလမ်း ဆည်တော်ရွာအနီး တည်ဆောက်လျက်ရှိသော မဏိပူရမြစ်ကို မဏိပူရဘက်စုံရေလှောင်တမံစီမံကိန်းနဲ့ ပတ်သက်ပြီး တော့ မေးမြန်းထားချက်ကို ဖြေကြားပါမယ်ခင်ဗျား။ ပထမဦးစွာ အခုလိုမေးမြန်းတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်လှိုင်ကို ဖြေကြားခွင့်ရရှိတဲ့အတွက်ကြောင့် ကျေးဇူးတင်ကြောင်းပြောကြား လိုပါတယ်။မဏိပူရရေလှောင်တမံစီမံကိန်းဟာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ ကလေး-ဂန့်ဂေါကားလမ်း ဆည်တော်ကျေးရွာအနီး မဏိပူရမြစ်ကို မဏိပူရဘက်စုံရေလှောင်တမံစီမံကိန်း အဖြစ် ၂၀၀၄-၂၀၀၅ ခုနှစ်မှာ စတင်ခဲ့ပါတယ်။ စီမံကိန်းဟာ လယ်မြေဧက ၅၀၀၀၀ ကို ရေပေးနိုင်ပြီး မြစ်သာမြစ်လွင်ပြင် ရေကြီးမှုကိုကာကွယ်ကာ ကလေးဝအောက်ပိုင်း ချင်းတွင်းမြစ်ရေကြီးမှုကို လျော့ချ နိုင်မှာဖြစ်တဲ့အပြင် ရေအားလျှပ်စစ်ဓာတ်အား ၃၈၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မှာဖြစ်လို့ ချင်းပြည်နယ်၊

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၊ မကွေးတိုင်းဒေသကြီးတို့ရဲ့ လျှပ်စစ်ဓာတ်အားလိုအပ်မှုကိုပါ ဖြည့်ဆည်းပေးနိုင်မှာဖြစ်ပါတယ်။ ဒီဇိုင်းပုံစံရေးဆွဲခြင်းလုပ်ငန်းများလည်း ဆောင်ရွက်ဆဲဖြစ်ပါတယ်။ မဏိပူရရေလှောင်တမံစီမံကိန်းကို ၂၀၁၁-၂၀၁၂ ခွဲဝေရရှိတဲ့ရန်ပုံငွေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ယခုနှစ်အကုန်တွင်လုပ်ငန်းအားလုံး၏ ၁၃.၅ ရာခိုင်နှုန်းပြီးစီးမည်ဟုခန့်မှန်းပါတယ်။ ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းကဏ္ဍနဲ့ပတ်သက်လို့ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဆောင်ရွက်ရန်ဖြစ်ပြီး ချင်းပြည်နယ်၊ ကလေးဒေသနဲ့ ဂန့်ဂေါဒေသများသို့ လျှပ်စစ်ဓါတ်အားဖြန့်ဖြူးပေးနိုင်ရေး အနေအထားရှိကြောင်းသိရှိရပါတယ်။ စီမံကိန်းလုပ်ငန်းများအား ၂၀၀၄-၂၀၀၅ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီးဖြစ်၍ နိုင်ငံတော်၏ဘဏ္ဍာငွေသုံးစွဲကုန်ကျခံနိုင်မှု ဦးစားပေးအစီအစဉ်များအပေါ် မူတည်၍ လုပ်ငန်းကာလမှာမူတည်နိုင်ပါကြောင်းဖြေကြားအပ်ပါတယ်။

တတိယမေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော်တင်ပြမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအေးမြင့်ရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်အတွင်း ပင်းတာရိုးရေဆိုးထုတ်ချောင်းနှင့် အောင်တပ်ကုန်းဆည်ရေဆိုးထုတ်ချောင်းများ တိုးချဲ့တူးဖော်ပြုပြင်ရေးကိစ္စဆောင်ရွက်ပေးရန်အစီအစဉ် ရှိ ၊မရှိ ဆိုတဲ့မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်ဖြေကြားမှာဖြစ်ပါတယ်။

သဖန်းဆိပ်ရေလှောင်တမံမှဆည်ရေကို ကာဘိုးရေလွှဲဆည်၏ ရွှေဘိုတူးမြောင်းမကြီးမှ တစ်ဆင့်ဝက်လက်မြို့နယ်အတွင်း ဆည်ရေသောက်ဧရိယာ ၁၀၁၂၇၉ ဧကအား ဆည်ရေပေးဝေလျက်ရှိပါတယ်။ ဝက်လက်မြို့နယ်အတွင်း လယ်မြေများမှ ပိုလျှံရေများကို ပြဿဒ်ရေဆိုးထုတ်ချောင်း၊ ပင်းတာရိုးရေဆိုးထုတ်ချောင်းနှင့် အောင်တပ်ကုန်းဆည်ရေဆိုးထုတ်ချောင်းတို့မှထုတ်နှုတ်ပါတယ်။ ရွှေဘိုမြို့နယ်နှင့် ဝက်လက်မြို့နယ်အတွင်း မိုးရေချိန်လေးလက်မအထက်ရွာသွန်းပါက တင်ပြပါ ရေဆိုးထုတ်ချောင်းများပိတ်ဆို့နေမှုကြောင့် ဝက်လက်မြို့နယ်အတွင်းဆည်ရေသောက်ဧရိယာများ ရေလွှမ်းမိုးလေ့ရှိပါတယ်။ အဆိုပါရေကြီးနစ်မြုပ်မှုမှကာကွယ်ရန် ပြဿဒ်ရေဆိုးထုတ်ချောင်းကို တူးဖော်ဆောင်ရွက်ပေးပြီးဖြစ်ပါတယ်။ တိုင်းတာတွက်ချက်ထားမှုအရ ပင်းတာရိုးရေဆိုးထုတ်ချောင်းသည် အရှည် ၁၉ မိုင်နှင့် ဆောင်ရွက်ရမည့်မြေကြီးကျင်းပေါင်း ၇၀၀၀၀ ဖြစ်ပြီး ဆောင်ရွက်ပြီးစီးပါက လယ်မြေဧက ၇၅၀ ခန့်အား ရေကြီးနစ်မြုပ်မှုမှကာကွယ်နိုင်မည်ဖြစ်ပါတယ်။ အလားတူ အောင်တပ်ကုန်းဆည်ရေဆိုးထုတ်ချောင်းသည် အရှည် ၂၀ မိုင်ရှိပြီး ဆောင်ရွက်ရမည့်မြေကြီးကျင်း ပမာဏမှာ ၇၅၀၀၀ ကျင်းဖြစ်ပြီး လယ်မြေဧက ၅၀၀ အားရေကြီးနစ်မြုပ်မှုမှကာကွယ်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဆည်မြောင်းဦးစီးဌာနအနေနဲ့ ကာဘိုးရေလွှဲဆည်၏ဆည်ရေသောက်စနစ်အတွင်းရှိ

ရေဆိုးထုတ်ချောင်းများအား တိုးချဲ့တူးဖော်ဆောင်ရွက်လျက်ရှိရာ ပင်းတာရိုးရေဆိုးထုတ်ချောင်း တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းနှင့် အောင်တပ်ကုန်းဆည်ရေဆိုးထုတ်ချောင်း တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရအဖွဲ့သို့ရန်ပုံငွေတင်ပြတောင်းခံ၍ နိုင်ငံတော် အစိုးရအဖွဲ့၏လုပ်ငန်းဦးစားပေးအစီအစဉ်အရ ရန်ပုံငွေခွဲဝေခွင့်ပြုပေးနိုင်မှုအပေါ် မူတည်ပြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စတုတ္ထမေးခွန်းဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး၊ မြစ်သား မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မောင်၏ မြစ်သားမြို့ ပန်းလောင်မြစ်ဖြတ် စမာရေလွှဲဆည် သဲထုတ်ရေတံခါးတပ်ဆင်ရန် ရန်ပုံငွေခွဲဝေချထားပေးရန်ဟူသော မေးခွန်းနှင့် ပတ်သက်၍ ကျွန်တော်ဆက်လက်ဖြေကြားပါမယ်။ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ပန်းလောင်မြစ်ဖြတ် စမာရေလွှဲဆည်ကို ဆည်မြောင်းဦးစီးဌာနမှ ၁၉၉၇-၁၉၉၈ ခုနှစ်ကတည်ဆောက်ခဲ့ပါတယ်။ အဆိုပါ ဆည်မှစမာရေကူတူးမြောင်းဖြင့် လယ်ယာမြေများကို စိုက်ပျိုးရေပေးဝေလျက်ရှိပါတယ်။ ရေလွှဲဆည်အထက်ပိုင်းနှင့် ဆည်အတွင်းသို့စီးဝင်သော ကသောင်းချောင်းအတွင်းရှိ ဗေဒါနှင့်ဒိုက်များဖယ်ရှားရှင်းလင်းရန်နှင့် ရေစီးရေလာကောင်းမွန် စေရေးအတွက် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများကို စက်ယန္တရားများဖြင့်ဆောင်ရွက်ရန်စီမံထားရှိပြီး ဖြစ်ပါတယ်။ ထို့အပြင် စမာရေလွှဲဆည် သဲထုတ်ရေတံခါးတပ်ဆင်ခြင်းလုပ်ငန်းအတွက် မြေပြင် တိုင်းတာခြင်း၊ ဘူမိဗေဒစူးစမ်းလေ့လာခြင်း လုပ်ငန်းများကိုဆောင်ရွက်ပြီးဖြစ်၍ ဒီဇိုင်းပုံစံများလည်း ရရှိပြီးဖြစ်ပါတယ်။ သဲထုတ်ရေတံခါးတပ်ဆင်ခြင်းလုပ်ငန်းဆက်လက်ဆောင်ရွက်ပေးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံ၍ နိုင်ငံတော်အစိုးရအဖွဲ့၏ ဦးစားပေးလုပ်ငန်း အစီအစဉ်များအရ ရန်ပုံငွေခွဲဝေပြုပြင်ပေးနိုင်မှုအပေါ် တွင်မူတည်ပြီး ဦးစားပေးအလိုက် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ဦးစားပေး အစီအစဉ်များအရ ဘဏ္ဍာငွေများခွဲဝေသတ်မှတ်ခွင့်ပြုချက်ဆောင်ရွက်ပေးလျက်ရှိသည်ကို သိရှိ နားလည်ပေးပါရန်နှင့် လက်ရှိတည်ဆောက်ပြီးစီးပြီးဖြစ်နေသော ဆည်တမံကြီးများ၏ရေသွယ်မြောင်း စနစ်များ တည်ဆောက်ပြီးစီးနိုင်ရေးလုပ်ငန်းကြီးများကိုပင်လျှင် ရန်ပုံငွေဦးစားပေးအစီအစဉ်များ ထည့်သွင်းလျာထားပေးနိုင်ရေးအတွက် တင်ပြတောင်းခံလျက်ရှိနေပါကြောင်း သိရှိနားလည် ပေးနိုင်ရန် ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဦးစံလင်း၊တောင်ကြီးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစံလင်း(တောင်ကြီးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆန္ဒပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစံလင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့နိုင်ငံတော်ဟာ လက်မှုလယ်ယာစိုက်ပျိုးရေးကနေ စက်မှု လယ်ယာစိုက်ပျိုးရေးသို့ တဖြည်းဖြည်းတိုးတက်ပြောင်းလဲလာနေပြီဖြစ်ပါတယ်။ ကျေးလက်နေ ပြည်သူများဟာလည်း စက်များ၊ ယာဉ်များကို ပိုမိုအသုံးပြုလာကြပြီဖြစ်ပါတယ်။ ကျေးလက်ဒေသ များရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယ်ယူပို့ဆောင်ရေးနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ ထော်လာဂျီယာဉ်များကိုလည်း ကျယ်ပြန့်စွာသုံးစွဲလာကြပြီဖြစ်တဲ့အတွက် ဒေသအတွင်းမှာလုပ်ငန်း ဆောင်တာများ ပိုမိုတိုးတက်အဆင်ပြေမြန်ဆန်လာကြပြီဖြစ်ပါတယ်။ အလားတူ အဲဒီယာဉ်များကို ရှမ်းပြည်နယ်မှာလည်းသုံးစွဲလျက်ရှိနေတာမှာ ၂၀၁၁ ခုနှစ်၊ မေလအတွင်းက ရှမ်းပြည်တောင်ပိုင်း၊ လွိုင်လင်မြို့နယ်မှဒေသခံများဟာ ထော်လာဂျီ(ထုံကုန်း၊လေးလုံးထိုး)ယာဉ်များကို တရားဝင်သုံးစွဲနိုင် ရေးအတွက်အခွန်ပေးဆောင်ပြီး ယာဉ်မှတ်ပုံတင်ခွင့်ရရှိရေးဆောင်ရွက်ရာမှာ အဲဒီယာဉ်များဟာ အခွန်ဆောင်ခွင့်မရရှိတဲ့အပြင် အကောက်ခွန်ဥပဒေပုဒ်မ ၁၆၇ (ဂ) အရ ပြည်သူ့ဘဏ္ဍာအဖြစ် အပြီးတိုင် သိမ်းဆည်းခြင်းခံရမယ်လို့သိရပါတယ်။ ဒါ့အပြင် သွင်းကုန်ထုတ်ကုန် ဥပဒေပုဒ်မ ၅(၁)၊ ၅(၃)အရ ယာဉ်ပိုင်ရှင်နဲ့ ယာဉ်မောင်းများဟာလည်း အရေးယူခံရမယ့်အခြေအနေမျိုးကိုရောက်ရှိ နေပါတယ်။ သို့ပါသော်လည်း အလားတူထော်လာဂျီ(ထုံကုန်း၊လေးလုံးထိုး)ယာဉ်များဟာ ရန်ကုန်မြို့နဲ့ အခြားမြို့ကြီးများမှာ ကုမ္ပဏီများအနေနဲ့ တရားဝင်ကြော်ငြာ၍လည်းကောင်း၊ အရောင်းပြခန်းများ ဖွင့်လှစ်၍လည်းကောင်း အများပြည်သူသုံးစွဲနိုင်ဖို့ရောင်းချပေးလျက်ရှိတာကိုတွေ့ရပါတယ်။ သို့ပါ၍ အဆိုပါထော်လာဂျီ(ထုံကုန်း၊လေးလုံးထိုး)ယာဉ်များမှတ်ပုံတင်ခွင့်ရရှိရေးတွင် မည်သို့သောအကြောင်း အချက်များကြောင့် ထိုသို့ကွဲလွဲချက်များရှိနေသည်ကိုသိရှိလိုပါကြောင်း လေးစားစွာတင်ပြအပ်ပါ တယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးအောင်မင်း(ပြည်ထောင်စုဝန်ကြီး၊ရထားပို့ဆောင်ရေးဝန်ကြီး)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရှမ်းပြည်နယ် တောင်ပိုင်း၊ တောင်ကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစံလင်းမှ ထော်လာဂျီ (ထုံကုန်း၊လေးလုံးထိုး)ယာဉ်များမှတ်ပုံတင်ခွင့်ရရှိရေးတွင် မည်သို့သောအကြောင်းအချက်များကြောင့်

ကွဲလွဲချက်များရှိနေသည်ကိုသိရှိလိုပါကြောင်းကို မေးမြန်းထားသည့်မေးခွန်းကို ရထားပို့ဆောင်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ကျွန်တော်ဦးအောင်မင်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျေးလက်ဒေသများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၌အသုံးပြုရန်ရည်ရွယ်၍ မြန်နှုန်းနိမ့် မောင်းနှင်နိုင်သောထော်လာဂျီယာဉ်များအား လယ်ယာသုံးထရပ်ယာဉ်အဖြစ် အောက်ပါ ကန့်သတ်ချက်များဖြင့် မှတ်ပုံတင်ပေးလျက်ရှိပါတယ်။ ယာဉ်အတိုင်းအတာ ၅၄၀၀x၂၀၀၀x၂၄၅၀ မီလီမီတာ၊ ဝန်တင်အား-၂၀၀၀ ကီလိုဂရမ်၊ ဝန်ရိုး-၃၀၀၀ ကီလိုဂရမ်အောက် စက်(အင်ဂျင်)-ဆလင်ဒါ နှစ်လုံးထိုးအများဆုံး၊ တာယာအရွယ်အစား ၇.၅၀x၁၆ လက်မတို့ဖြစ်ပါတယ်။ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှလည်း ပြည်တွင်းစက်မှုဇုန်များမှထုတ်လုပ်သော ထော်လာဂျီ ယာဉ်များအတွက် ခွင့်ပြုထားသည့်စံသတ်မှတ်ချက်များသည် အထက်ပါကန့်သတ်ချက်များ ဘောင်အတွင်း၌ပင်ဖြစ်ပါတယ်။ ယခုမေးမြန်းထားသည့် ထော်လာဂျီ(ထုံကုန်း၊လေးလုံးထိုး) ယာဉ်များ အား တရားဝင်ကြော်ငြာ၍ အရောင်းပြခန်းများဖွင့်လှစ်ရောင်းချခြင်းအား ခွင့်ပြုထားခြင်းမရှိပါ။ ခွင့်ပြုထားခြင်းမရှိကြောင်းကိုလည်း ညွှန်ကြားချက်များထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ ယခု အခါမှာလည်း ထိုသို့ဆောင်ရွက်ခြင်းမရှိကြောင်းလည်းတင်ပြအပ်ပါတယ်။ တရုတ်နိုင်ငံထုတ် အချို့ထော်လာဂျီအမျိုးအစားယာဉ်များသည် Light Truck မော်တော်ယာဉ်ထက် အရွယ်အစား ကြီးမားပြီး တင်အားပိုမိုသယ်ဆောင်နိုင်၍ မြန်နှုန်းမြင့်မောင်းနှင်နိုင်သော စက်စွမ်းအား တပ်ဆင်ထားသည့် လယ်ယာသုံးထရပ်ထော်လာဂျီများပါရှိကြောင်းတွေ့ရှိရပါတယ်။ အဆိုပါ ထော်လာဂျီယာဉ်များသည် မော်တော်ယာဉ်တစ်စီးကဲ့သို့တည်ဆောက်ထားပြီး ထော်လာဂျီယာဉ် သတ်မှတ်ချက်များထက်များစွာကျော်လွန်နေပါသည်။ သို့ဖြစ်ပါ၍ မြန်နှုန်းမြင့်မောင်နှင်နိုင်သော ဆလင်ဒါလေးလုံးထိုးအင်ဂျင်တပ်ယာဉ်များအား ထော်လာဂျီယာဉ်အဖြစ်သတ်မှတ်မှတ်ပုံတင်ခွင့် မပြုနိုင်ပါ။ အဆိုပါယာဉ်များသည် မော်တော်ယာဉ်ကဲ့သို့တည်ဆောက်ထားသဖြင့် မော်တော်ယာဉ် အဖြစ်လျှောက်ထားခြင်း၊ တင်သွင်းခွင့်ပြုခြင်း၊ အကောက်ခွန်ပေးဆောင်ခြင်းစသည့် တရားဝင် လုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်ပြီးမှသာ မော်တော်ယာဉ်အဖြစ်မှတ်ပုံတင်ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်းနှင့် နယ်မြေဒေသအပေါ် မူတည်၍ ကွဲလွဲသတ်မှတ်ချက်များဆောင်ရွက်ပေးခြင်းမျိုး မရှိဘဲ တစ်နိုင်ငံလုံးတစ်ပြေးညီသတ်မှတ်ချက်များဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ ယခုအစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ ၁၉၆၄ ခုနှစ်၊ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များပြဋ္ဌာန်းသည့်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေကြမ်းအား သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က တင်သွင်းရန်ဖြစ်ပါတယ်။ တင်သွင်းမည့်သူအားဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကြည်(ပြည်ထောင်စုဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီး ဦးအောင်ကြည် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်သမားဝန်ကြီးဌာနဟာ တည်ဆဲအလုပ်သမားရေးရာဥပဒေများနဲ့ အလုပ်သမားများရဲ့ရပိုင်ခွင့်များကို အပြည့်အဝခံစားရရှိစေရန်အတွက် ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါတယ်။ အလုပ်သမားရေးရာဥပဒေများအနက် ခေတ်စနစ်နဲ့လျော်ညီမှုမရှိတော့တဲ့ ဥပဒေများကိုပြန်လည်စိစစ်၍ ရုပ်သိမ်းခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်း၊ အလုပ်သမားများရဲ့ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရာတွင် ပြည့်စုံမှုမရှိသောဥပဒေများကိုလည်း ပိုမိုပြည့်စုံထိရောက်မှုရှိစေရန်အတွက် အသစ်ပြဋ္ဌာန်းခြင်းတို့ကိုဆောင်ရွက်လျက်ရှိပါတယ်။ အလုပ်သမားဝန်ကြီးဌာနကစီမံခန့်ခွဲတဲ့ ဥပဒေများအနက် တည်ဆဲဥပဒေတစ်ရပ်ဖြစ်တဲ့ ၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးကောင်စီဥပဒေအမှတ် ၆ ဖြစ်သော ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များပြဋ္ဌာန်းသည့်ဥပဒေသည် ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကာကွယ်စောင့်ရှောက်သောဥပဒေတစ်ရပ်ဖြစ်ပါတယ်။ အဆိုပါဥပဒေဟာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်အတွက်လည်းကောင်း၊ ဈေးကွက်စီးပွားရေးစနစ်အတွက်လည်းကောင်း အထောက်အကူပေးနိုင်စွမ်းမရှိတော့ကြောင်းတွေ့ရှိရပါတယ်။ ထို့အပြင် ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏အခြေခံရပိုင်ခွင့်

နှင့်တာဝန်များ ဥပဒေအခန်း(၇) အပြစ်ဒဏ်များ ပုဒ်မ ၁၁ အရ စွဲဆိုခြင်းခံရလို့ ယင်းဥပဒေအရ ထုတ်ပြန်တဲ့ ညွှန်ကြားချက်နဲ့အမိန့်များကိုဖောက်ဖျက်ခဲ့လျှင် အလုပ်ရှင်သည်ထောင်ဒဏ်မှအပ အခြားပြစ်ဒဏ်ကျခံစရာမရှိသည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၃၅ အရ ခွင့်ပြုထားတဲ့ နိုင်ငံတော်၏ဈေးကွက်စီးပွားရေးစနစ်တွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများအတွက် ကြီးမားသောအဟန့်အတားတစ်ခုဖြစ်နေပါကြောင်းကိုလည်း တွေ့ရှိရပါတယ်။ အဆိုပါဥပဒေရုပ်သိမ်းနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက်တောင်းခံခဲ့ရာ သဘောတူညီပါကြောင်းနှင့် အဆိုပါဥပဒေအား ရုပ်သိမ်းလိုက်သော်လည်း ပုဒ်မ ၁၂ အရ နည်းဥပဒေအဖြစ် မှတ်ယူထားခဲ့ရသောအလုပ်သမားရေးရာဥပဒေများမှ ရုပ်သိမ်းခြင်း မပြုရသေးသောဥပဒေများသည် တည်ဆဲဥပဒေများအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ပါသောကြောင့် ဆက်လက်ကျင့်သုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်ကြားချက်အရသိရှိရပါတယ်။ ထို့အပြင် ၈-၉-၂၀၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် ၂၁/၂၀၁၁ သို့တင်ပြခဲ့ရာ မူအားဖြင့်သဘောတူညီမှုရရှိခဲ့ပြီးဖြစ်ပါတယ်။ ထို့ကြောင့် ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များ ပြဋ္ဌာန်းတဲ့ဥပဒေကို ရုပ်သိမ်းခွင့်ပြုပါရန်တင်ပြရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များပြဋ္ဌာန်းသည့် ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေကြမ်းအား ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုဝန်ကြီးရဲ့တင်ပြချက်ကို ထောက်ခံမယ့်ကိုယ်စားလှယ်ရှိပါသလား ခင်ဗျား။

**ဦးသန်းမြင့်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ဖြစ်ပါတယ်။ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များပြဋ္ဌာန်းသည့်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေကြမ်းတင်သွင်းမှုအပေါ် ထောက်ခံပါကြောင်းတင်ပြပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တင်သွင်းတဲ့အဆိုကိုထောက်ခံတဲ့အတွက် ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏အခြေခံရပိုင်ခွင့်နှင့်တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(ခ)အရ ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်ပါတယ်။ ရှင်းလင်းမယ့်သူအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးရယ်(ဒီမောဆိုးမဲဆန္ဒနယ်)**။ ။ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာကြပြီး ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးတို့ကို ဆတက်ထမ်းပိုးထမ်းရွက်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ ဒီမောဆိုးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးရယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များပြဋ္ဌာန်းသည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီမှ လေ့လာစိစစ်တွေ့ရှိချက်အစီရင်ခံစာကို ကော်မတီအဖွဲ့ရဲ့ကိုယ်စားဖတ်ကြားရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား စိစစ်တွေ့ရှိချက်ကို အစီရင်ခံတင်ပြခြင်း အပိုဒ်(၁) ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား ဥပဒေကြမ်းကော်မတီသို့စိစစ်ရန် ပေးပို့လာခဲ့၍ ဥပဒေကြမ်းကော်မတီမှ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ ဖြင့် စိစစ်ဆောင်ရွက်ခဲ့ပါတယ်။ အပိုဒ်ခွဲ(က)ပေးပို့လာသည့် ဥပဒေကြမ်းကို ရုပ်သိမ်းရခြင်းရည်ရွယ်ချက်နှင့် အကျိုးအကြောင်း ဖော်ပြချက်တွင် ရုပ်သိမ်းရန်တင်ပြသည့်ဥပဒေသည် ဆိုရှယ်လစ်သဘောတရားအမြင်ကို ဖော်ပြထားပြီး ယခုဖွဲ့စည်းပုံအခြေခံဥပဒေအရလည်းကောင်း၊ နိုင်ငံတော်၏ဈေးကွက်စီးပွားရေးစနစ်အရလည်းကောင်း၊ လျော်ညီခြင်းမရှိတော့သည့်အတွက် ယင်းဥပဒေကိုရုပ်သိမ်းရန် တင်ပြရခြင်းဖြစ်ကြောင်းလေ့လာတွေ့ရှိရပါတယ်။ အပိုဒ်ခွဲ(ခ) ရုပ်သိမ်းသည့်ဥပဒေသည် ယခင် ဆိုရှယ်လစ်စီမံကိန်းများအောင်မြင်ရေးအတွက် ဦးတည်ပြဋ္ဌာန်းထားသဖြင့် ယခုလက်ရှိအခြေအနေနှင့် ကိုက်ညီမှုမရှိတော့ကြောင်း စိစစ်တွေ့ရှိရပါသည်။ အပိုဒ်ခွဲ(ဂ) ရုပ်သိမ်းမည့်ဥပဒေသည် အလုပ်သမားအဖွဲ့အစည်းတစ်ရပ်ဖွဲ့စည်းရန် ပြဋ္ဌာန်းထားရှိပြီး ယခုလက်ရှိမြန်မာနိုင်ငံကလက်ခံထားသည့် ILO ပြဋ္ဌာန်းချက်အမှတ် ၈၇ အရလည်းကောင်း၊ လွှတ်တော်တွင်တင်သွင်းထားရှိသည့် အလုပ်သမားအဖွဲ့အစည်းဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ဆီလျော်မှုမရှိတော့ကြောင်း စိစစ်တွေ့ရှိရပါသည်။ အပိုဒ်ခွဲ(ဃ) ရုပ်သိမ်းလိုသည့်ဥပဒေပါ ပြစ်ဒဏ်ပြဋ္ဌာန်းချက်များတွင် ပြဋ္ဌာန်းသည့်ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်နှင့်အမိန့်များကို ဆန့်ကျင်ဖောက်ဖျက်သည့် အလုပ်ရှင်သို့မဟုတ် မန်နေဂျာ၊ စီမံအုပ်ချုပ်သူတို့အား ထောင်ဒဏ်ကျခံရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားရှိသဖြင့်

ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံလိုသူများအပေါ် အဟန့်အတားတစ်ခုဖြစ်နေကြောင်း စိစစ်တွေ့ရှိရပါသည်။ အပိုဒ် ၂ ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းစိစစ်ရာတွင် အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ စိစစ်ဆောင်ရွက်ခဲ့ရာ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့် နှင့်တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား အခြေခံမူ ၁၂ ချက်နှင့်ကိုက်ညီကြောင်း စိစစ်တွေ့ရှိရပါသည်။ အပိုဒ် ၃၊ သို့ဖြစ်ပါ၍ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီအနေဖြင့်ရုပ်သိမ်းသင့်ကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၅ နဲ့အညီ အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ဥပဒေကြမ်းကော်မတီ။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကိုအတည်ပြုနိုင်ရေးအတွက် အဆိုတင်သွင်းရန် ပြည်ထောင်စုဝန်ကြီးအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကြည်(ပြည်ထောင်စုဝန်ကြီး၊အလုပ်သမားဝန်ကြီးဌာန)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ထောက်ခံမယ့် ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးသန်းမြင့်(ဆားလင်းကြီးမဲဆန္ဒနယ်)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့် ဖြစ်ပါတယ်။ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအားအတည်ပြုပေးပါရန် တင်သွင်းမှုအပေါ် ထောက်ခံပါကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များပြဋ္ဌာန်းသည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်အားလုံးထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရဲ့ ဥပဒေကြမ်းတင်သွင်းစဉ်မှာ တင်ပြတဲ့အကျိုးအကြောင်းဖော်ပြချက်အတိုင်း လက်ရှိကာလအခြေအနေနှင့်ကိုက်ညီမှုမရှိတော့တဲ့ဥပဒေကို ရုပ်သိမ်းတဲ့ဥပဒေကြမ်းဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအပါအဝင် ကိုယ်စားလှယ်အားလုံး တစ်စုံတစ်ရာပြင်ဆင်ရန်မလိုသည့် ဥပဒေကြမ်းဖြစ်တဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၉ ၊ နည်းဥပဒေခွဲ(ဃ)အရ ဥပဒေကြမ်းကို

အတည်ပြုနိုင်ရန် လွှတ်တော်ရဲ့အဆုံးအဖြတ်ရယူပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေကြမ်းကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့်တာဝန်များပြဋ္ဌာန်းသည့်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄ ၊ နည်းဥပဒေခွဲ(က)အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေကြမ်းကို လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းရန်ဖြစ်ပါတယ်။ တင်သွင်းမည့်သူအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာစေကြောင်းနှင့် မင်္ဂလာအပေါင်းနှင့် ပြည့်စုံစေရန် ဆုတောင်းဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော်အခွင့်အရေးကော်မတီ၊ အတွင်းရေးမှူး ဒေါက်တာစိုးရင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်အခွင့်အရေးကော်မတီကိုယ်စား တိုင်းဒေသကြီး သို့မဟုတ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ တင်သွင်းမှာဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း(၄) ဥပဒေပြုရေးအခန်းမှာပါဝင်တဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့် သက်ဆိုင်တဲ့လုပ်ငန်းများကို အဆင်ပြေချောမွေ့စွာအကောင်အထည်ဖော်နိုင်ဖို့အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ နှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေကို ဥပဒေအမှတ် ၁၄/၂၀၁၀ ဖြင့် ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ထိုဥပဒေနှင့်အညီ ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ အနေဖြင့် ပထမပုံမှန်အစည်းအဝေးများကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ လွှတ်တော်ဥပဒေမှာပါရှိတဲ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအမည်နှင့် စကားရပ်များကိုပြင်ဆင်ရန်အတွက်လည်းကောင်း၊ လွှတ်တော်လုပ်ငန်းများကိုလက်တွေ့ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေး အတွက်လည်းကောင်း၊ လွှတ်တော်အနေနဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးတို့ကို ထိရောက်စွာ အပြန်အလှန်ညှိနှိုင်းထိန်းကျောင်းပေးနိုင်ရေးအတွက်လည်းကောင်း၊ လွှတ်တော်ဆိုင်ရာ လုပ်ငန်းများကို ပီပြင်စွာဆောင်ရွက်ပေးနိုင်မယ့် လွှတ်တော်ရုံးကိုဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၏လုပ်ပိုင်ခွင့်၊ တာဝန်များ၊ အခွင့်အရေးဆိုင်ရာကိစ္စရပ် များကို ပိုမိုပြည့်စုံစွာရရှိစေရန်အတွက်လည်းကောင်း လွှတ်တော်ဥပဒေကို ပြင်ဆင်ရေးဆွဲရန် လိုအပ်လာတဲ့အတွက်ကြောင့် ဤတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥပဒေကြမ်းကို ပြင်ဆင်ရေးဆွဲတင်ပြရခြင်းဖြစ်ကြောင်းဖော်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံတွင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အချိန်ကို ငဲ့ညှာသောအားဖြင့် ဤဥပဒေကြမ်းကို အသေးစိတ်ဖတ်ပြခြင်းမပြုတော့ဘဲ လိုအပ်တဲ့အချက်များကို အကျဉ်းချုံးပြီး လွှတ်တော်သို့တင်ပြခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအားပန်ကြားအပ်ပါတယ်ခင်ဗျား။ လေးစား အပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေကြမ်းကို နိဒါန်းနှင့် အခန်း(၁)မှ အခန်း(၁၄)အထိ အခန်းပေါင်း(၁၄)ခန်း ပါဝင်ကြောင်းတွေ့ရှိရမှာ ဖြစ်ပါတယ်။ အခန်း(၁)မှာတော့ အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်များပါရှိပါတယ်။ အခန်း(၂)မှာ လွှတ်တော်ဖွဲ့စည်းခြင်းနှင့် လွှတ်တော်သက်တမ်းတို့ကိုဖော်ပြထားပါတယ်။ အခန်း(၃)မှာ လွှတ်တော် သဘာပတိရွေးချယ်ခြင်းနှင့် သဘာပတိတာဝန်များပါရှိပါတယ်။ အခန်း(၄)ကတော့ လွှတ်တော် ကိုယ်စားလှယ်များကဏ္ဍဖြစ်ပါတယ်။ ဒီအခန်းမှာ လွှတ်တော်ကိုယ်စားလှယ်များရဲ့တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ကျင့်ဝတ်နှင့်စည်းကမ်းများ၊ ရပိုင်ခွင့်နှင့် အခွင့်အရေးများတို့ကိုပြဋ္ဌာန်းထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ မိမိတို့မဲဆန္ဒနယ်မြေအတွင်းကွင်းဆင်းပြီး မဲဆန္ဒရှင်များနှင့် တွေ့ဆုံရာမှာ လွှတ်တော်လုပ်ငန်းများကို ရှင်းလင်းပြတဲ့အခါမှာ နေရာထိုင်ခင်းလုံခြုံရေးနှင့် အခြား လိုအပ်တဲ့ကိစ္စရပ်များကို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများထံမှရယူခွင့်ရှိခြင်းကို ဖြည့်စွက် ပြဋ္ဌာန်းထားတာကိုတွေ့ရှိကြမှာဖြစ်ပါတယ်။ အခန်း(၅)မှာ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း၊ တာဝန်ထမ်းဆောင်ခြင်း၊ တာဝန်မှရပ်စဲခြင်းတို့ကိုဖော်ပြထားပါတယ်။

အခန်း(၆)မှာတော့ လွှတ်တော်အဖွဲ့အစည်းများဖွဲ့စည်းခြင်းနှင့် အဖွဲ့ဝင်ဦးရေ၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းသတ်မှတ်ခြင်းတို့ကို ပြဋ္ဌာန်းထားပါတယ်။ အခန်း(၇)ကတော့ လွှတ်တော် အစည်းအဝေးများကဏ္ဍကိုဖော်ပြထားပါတယ်။ လွှတ်တော်ပုံမှန်အစည်းအဝေးများ၊ အထူး အစည်းအဝေးနှင့် အရေးပေါ်အစည်းအဝေးများကိစ္စကိုဖော်ပြထားပါတယ်။ ဒီအခန်းမှာ လွှတ်တော် ပုံမှန်အစည်းအဝေးများကို တစ်နှစ်တွင် ၃ ကြိမ် ကျင်းပရန် ပြဋ္ဌာန်းပေးထားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ အစည်းအဝေးမှာဆောင်ရွက်ရမယ့်ကိစ္စများကိုလည်းတွေ့ရှိရမှာဖြစ်ပါတယ်။ လွှတ်တော် အစည်းအဝေးများမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ ရှင်းလင်း ပြောဆိုတင်ပြခွင့်ကိုလည်းထည့်သွင်းပြဋ္ဌာန်းထားပါတယ်။ အခန်း(၈)မှာတော့တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ၊ ဝန်ကြီးဌာနအရေအတွက်နှင့် အဖွဲ့ဝင်ဦးရေတို့ကို ဆုံးဖြတ်ပေးခြင်းဆိုင်ရာကိစ္စရပ်များကို ပြဋ္ဌာန်းထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၉)မှာ ဥပဒေပြုရေးဆိုင်ရာကိစ္စတွေကို ပြဋ္ဌာန်းထားပါတယ်။ လွှတ်တော်သို့ ဥပဒေကြမ်းများ တင်သွင်းခွင့်၊ ဥပဒေများအတည်ပြုခွင့်၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်း များကို ထုတ်ပြန်ခွင့်၊ ပြင်ဆင်ခွင့်၊ ပယ်ဖျက်ခွင့်တို့ကို ပြဋ္ဌာန်းထားပါတယ်။ အခန်း(၁၀)မှာတော့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နယ်နိမိတ် ပြင်ဆင်သတ်မှတ်ခြင်းများကို ပြဋ္ဌာန်းထားပါတယ်။ အခန်း(၁၁) မှာ နိုင်ငံတော်သမ္မတ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်နဲ့ လွှတ်တော်ကြား ဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များကို ပြဋ္ဌာန်းထားပါတယ်။ အခန်း(၁၂)မှာတော့ အရေးပေါ်ကာလ ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် လွှတ်တော်ကဏ္ဍကို ဖော်ပြထားပါတယ်။ အခန်း(၁၃)မှာ တားမြစ်ချက် နှင့် ပြစ်ဒဏ်များကို ဖော်ပြထားပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၁၄) အထွေထွေအခန်းမှာ လွှတ်တော်ရဲ့ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကိစ္စများကို အချင်းချင်း အပြန်အလှန်ထိန်းကျောင်းကူညီဆောင်ရွက်ရေးနှင့် လိုက်လျောညီထွေမှုရှိသော လွှတ်တော်ရုံးကို ဖွဲ့စည်းတည်ထောင်ပေးဖို့ ဖြည့်စွက်ပြဋ္ဌာန်းပေးထားတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ လွှတ်တော်အနေနဲ့ လွှတ်တော်ရုံးနဲ့ လွှတ်တော်ဆိုင်ရာကိစ္စအဝဝအတွက် သုံးစွဲကုန်ကျမယ့် နှစ်စဉ် ဘဏ္ဍာငွေအသုံးခန့်မှန်းခြေငွေစာရင်းလျာထားချက်များကို ရေးဆွဲပြုစုပေးဖို့လည်းပဲဖြည့်စွက်ပြဋ္ဌာန်း ပေးထားပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအတွက် သက်ဆိုင်ရာမြို့နယ်များတွင် လိုအပ်ပါက

လွှတ်တော်ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်နိုင်ရေးအတွက်လည်း ဖြည့်စွက်ပြဋ္ဌာန်းပေးထားတာတွေ တွေ့မြင်ကြရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါသောကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေကြမ်းအားသက်ဆိုင်ရာလွှတ်တော်လုပ်ငန်းများအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက်နှင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ကိုပီပြင်စွာ ညှိနှိုင်းထိန်းကျောင်းနိုင်ရေးတို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်ပါကြောင်းနှင့် ဤဥပဒေကြမ်းကို လွှတ်တော်မှဆွေးနွေးအတည်ပြု ပေးနိုင်ပါရန်အတွက် တင်သွင်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်အခွင့်အရေးကော်မတီက တင်သွင်းတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေကြမ်းကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ စတုတ္ထပတ်အတွင်းမှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၅၊ ၁၅၇ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များသည် ပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်း အရာ၊ စာသားတို့ကို တိတိကျကျဖော်ပြ၍ ၂၃-၉-၂၀၁၁ ရက်(သောကြာနေ့)နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ၁ နာရီခန့် ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များ ဆက်လက်မဆောင်ရွက်မီ လွှတ်တော်ကိုတင်ပြစရာရှိပါတယ်။ အားလုံးသိတဲ့အတိုင်းပဲ ကျွန်တော်တို့လွှတ်တော်ဟာ အသစ်ဖွဲ့စည်းပြီးတော့ဆောင်ရွက်တဲ့ လွှတ်တော် ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့လွှတ်တော်မှာ အတွေ့အကြုံလည်းနည်းပါတယ်။ အဲဒီနည်းတူပဲ လွှတ်တော်ဖွဲ့စည်းတဲ့နေရာမှာ ဒီလွှတ်တော်ရုံးအနေနဲ့ ဒီလွှတ်တော်လုပ်ငန်းတာဝန်များထမ်းဆောင် နိုင်ဖို့ဆိုလို့ရှိရင် လက်ရှိဖွဲ့စည်းပေးထားမှုဟာ နိုင်နိုင်နင်းနင်းနဲ့ စနစ်တကျဆောင်ရွက်နိုင်တဲ့

အနေအထားလည်းမရှိပါဘူး။ အလွယ်ဆုံးပြောရမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ လွှတ်တော် ဖွဲ့စည်းတဲ့နေရာမှာ ပြည်သူ့လွှတ်တော်သည် သီးခြားလွှတ်တော်တစ်ရပ်ဖြစ်သော်လည်း ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်ပေါင်းပြီးတော့ဖွဲ့ထားတယ်။ ပြီးတဲ့အခါမှာ ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်က လွှတ်တော်နှစ်ရပ်ရဲ့ စီမံခန့်ခွဲရေးနဲ့ အုပ်ချုပ်ရေးကိစ္စများကို ဆောင်ရွက် နေရတာဖြစ်ပါတယ်။ ဒါ့ကြောင့် လွှတ်တော်မှာပြောရမယ်ဆိုလို့ရင်တော့ ဒီလွှတ်တော်နှစ်ရပ်၊ နောက် ပြည်ထောင်စုလွှတ်တော်သုံးရပ်မှာမှ ဒီလွှတ်တော်ရဲ့ စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေး ကိစ္စအရပ်ရပ်ကိုဆောင်ရွက်ဖို့ ဦးဆောင်၊ ဦးရွက်ပြုမယ့် Staff အကြီးအကဲဟာ ညွှန်ကြားရေးမှူးချုပ် တစ်ယောက်ပဲရှိပါတယ်။ လွှတ်တော်မှာ တစ်ခါ တာဝန်ထမ်းဆောင်နေတဲ့သူများကနေ ပြန်ကြည့်မယ် ဆိုလို့ရှိရင်လည်း ဒါလွှတ်တော်ကိုယ်စားလှယ်များဆိုတာက တိုင်းပြည်အနှံ့မှာရှိကြတဲ့ ပြည်သူများရဲ့ ကိုယ်စားလှယ်တွေအားလုံးပါဝင်ဖွဲ့စည်းထားတယ်။ ပြည်သူ့လွှတ်တော်မှာ ပြန်ကြည့်မယ်ဆိုရင်တော့ ပြည်သူ့ကိုယ်စားလှယ် ၃၃၀နဲ့ တပ်မတော်သားကိုယ်စားလှယ် ၁၁၀ စုစုပေါင်း ၄၄၀ ရှိပါတယ်။ ဒီ ၄၄၀ ရဲ့ အုပ်ချုပ်မှုကိစ္စတွေ၊ စီမံခန့်ခွဲမှုကိစ္စတွေနဲ့ ဥပဒေပြုရေးကိစ္စတွေဆောင်ရွက်ဖို့ဆိုတဲ့နေရာမှာ အခု ဖွဲ့စည်းပေးထားတဲ့ ဖွဲ့စည်းမှုနဲ့လူအင်အားနဲ့ မမျှတဲ့သဘောရှိပါတယ်။ အဲဒီနေရာမှာ လွှတ်တော်များရဲ့ အဓိကတာဝန်က ဥပဒေပြုရေးတာဝန်ဖြစ်တဲ့အတွက် ဥပဒေပြုတဲ့နေရာမှာ အထောက်အကူပြုနိုင်တဲ့၊ အထောက်အကူပြုစေမယ့် ဥပဒေအကြံပေးလိုပုဂ္ဂိုလ်များလည်း လက်ရှိ ဖွဲ့စည်းတာဝန်ပေးဖို့ကမရှိပါဘူး။ မရှိတဲ့အတွက် လွှတ်တော်အနေနဲ့ ဒီဥပဒေပြုရေးကိစ္စအပါအဝင် အခြားကိစ္စတွေမှာ တော်တော်ကြိုးစားပြီးတော့ဆောင်ရွက်နေတဲ့ အနေအထားလည်းရှိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် လွှတ်တော်အနေနဲ့တော့ မိမိလုပ်ရမယ့်လုပ်ငန်းတာဝန်များ အောင်အောင်မြင်မြင်၊ အဆင်ပြေပြေဖြစ်အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ဒါကြောင့်လည်း မနေ့က လွှတ်တော် ကိုယ်စားလှယ်များဆီ တင်ပြခဲ့တဲ့ ပြည်သူ့လွှတ်တော်ဥပဒေ၊ ဥပဒေမှာလည်း ခုနက လွှတ်တော်ရုံး ဖွဲ့စည်းမှုလိုအပ်တဲ့အတွက် အဲဒီထဲမှာလည်း ကျွန်တော်တို့ထည့်ပြီးတော့ ဒါလွှတ်တော်ကို တင်ပြထားတာရှိပါတယ်။ အဲဒီလိုလုပ်တဲ့နေရာမှာ ပြီးခဲ့တဲ့ရက်တွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဥပဒေပြုတဲ့ကိစ္စတွေလုပ်ရတာရှိပါတယ်။ နောက်တစ်ခါ အဆိုတင်သွင်းတဲ့အခါမှာ အဆိုနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးတယ်၊ ညှိနှိုင်းတယ်၊ မဲခွဲဆုံးဖြတ်ရတာတွေရှိပါတယ်။ ရှိတဲ့အချိန်မှာ လုပ်ငန်းလည်းအဆင်ပြေချောမွေ့အောင် မလိုဘဲနဲ့အချိန်တွေလည်း မကုန်ရအောင်ဆိုတဲ့အခါမှာ မဲခွဲဆုံးဖြတ်တဲ့နေရာမှာ ပြောင်မဲဆန္ဒပေးတဲ့စနစ်ကိုကျင့်သုံးခဲ့ပါတယ်။ ကျင့်သုံးတဲ့နေရာမှာ အနိုင်အရှုံးကိုအဓိကထားပြီးတော့ ဒီအဆိုပြုချက်နဲ့ပတ်သက်လို့ နိုင်တယ်။ အဆိုပြုချက်က ရှုံးတယ်

ဆိုတာကို ပြောင်မဲဆန္ဒပေးတာကိုကြည့်ပြီး ကျွန်တော်တို့ ဆုံးဖြတ်လိုက်ပါတယ်။ သို့ရာတွင် မှတ်တမ်းကျန်အောင် ထောက်ခံမဲဘယ်လောက်၊ ပြီးတဲ့အခါမှာ ကြားနေမဲဘယ်လောက်၊ ကန့်ကွက်မဲဘယ်လောက်ဆိုတာတော့ ရေတွက်ခိုင်းထားပြီးတဲ့အခါမှာ မှတ်တမ်းတင်ပြီးတဲ့အခါမှာ လွှတ်တော်ပြန်ပြီးတော့ တင်ပြမယ်ဆိုပေမယ့်လို့ လွှတ်တော်ပြီးဆုံးတဲ့အထိ ဒီဟာကို ကျွန်တော်တို့ မဆောင်ရွက်နိုင်ခဲ့ပါဘူး။ မဆောင်ရွက်နိုင်ဘူးဆိုပေမယ့်လို့ တကယ့်အဓိကကျတဲ့ဟာတော့ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ မဲနိုင်တယ်၊ မဲရှုံးတယ်ဆိုတာနဲ့ပတ်သက်လို့တင်ပြချင်တာက ကျွန်တော်တို့ ဘယ်လိုပဲကြိုးစားလုပ်လုပ် တစ်ခါတစ်ခါကျရင်တော့ လိုအပ်ချက်တွေ၊ အားနည်းချက်တွေ ရှိကောင်းရှိပါမယ်။ အဲဒီလိုရှိတဲ့အခါမှာလည်း ကျွန်တော်တို့ ခံယူထားတာက ဒါနဲ့ပတ်သက်လို့ လိုအပ်ချက်တွေအများကြီးရှိတယ်ဆိုရင် အချိန်မရွေးတင်ပြကြဖို့၊ ညှိနှိုင်းကြဖို့ ဒါအမြဲတမ်း ကမ်းလှမ်းထားတာဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ဘက်ဆိုတာ ကျွန်တော်တို့တာဝန်ရှိတဲ့ဘက်ကတော့ Policy ရယ်၊ Principle ရယ် Procedure ရယ်ရှိတဲ့နေရာမှာ Policy မလွတ်အောင်၊ Principle မလွတ်အောင်တော့ ဘယ်အချိန်မှမလွတ်အောင်တော့ ထိန်းနိုင်ခဲ့ပါတယ်။ ထိန်းလည်း ထိန်းပါတယ်။ သို့ရာတွင် Procedure အပိုင်းနဲ့ ကျရင်တော့ ကျွန်တော်တို့ရဲ့ အတွေ့အကြုံနဲ့ လက်ရှိအခြေအနေနဲ့ တစ်ချို့ Procedure နဲ့ ပတ်သက်လို့ ကျော်တာတို့၊ ကျန်တာတို့ ရှိကောင်း၊ ရှိမယ်။ သို့ရာတွင် ခုနက Policy နဲ့ Principle က ကျန်ခဲ့တာလည်းမရှိပါဘူး။ ရှေ့သွားတဲ့ခရီးမှာလည်း Policy နဲ့ Principle မကျန်အောင်လည်းဆက်လက်ထိန်းပါတယ်။ အကယ်လို့များ Procedure များကျန်တာရှိတယ်။ လိုတာရှိတယ်ဆိုလို့ရှိရင်လည်း အချိန်မရွေးကျွန်တော်တို့ဆီ မိမိရှိတဲ့နေရာကမတ်တပ်ရပ်ပြီးတော့ Mic တောင်းပြီးတော့ ဒါဆောင်ရွက်နိုင်ပါတယ်။ ဒါလည်း ကျွန်တော်တို့ မည်သူမဆို ရနိုင်တဲ့အခွင့်အရေးလို့ ဒီလိုပဲ ခံယူထားပါတယ်။

ဒီအတိုင်း ပြန်ပြောရင်းနဲ့ ပြီးခဲ့တဲ့ရက် လယ်ယာမြေဥပဒေနဲ့ ပတ်သက်လို့ ကျွန်တော်ဒီကနေပြီးတော့ မဲခွဲဆုံးဖြတ်မယ်ဆိုတဲ့အချိန်မှာ ကျွန်တော်တော့ အမှုမဲ့၊ အမှတ်မဲ့ပဲ ရှမ်းတိုင်းရင်းသားကိုယ်စားလှယ်တစ်ဦးက မတ်တပ်ရပ်ပြီးတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား လို့ပြောတယ်။ ပြောပါတယ်။ ဒါပေမယ့် ကျွန်တော်တော့ မကြားဘူး။ တကယ်လို့ အဲဒီတုန်းကကြားရင်လည်း ကျွန်တော်ပြောခွင့်ပြုမှာပါ။ ဘာကြောင့် မကြားလဲဆိုတဲ့အခါမှာ ခုနက Mic က မပေးတော့ အသံထွက်တယ်လို့မထင်ပါဘူး။ အဲဒီအတိုင်းပဲ။ ကျွန်တော်အခု ဒီကနေပြောတဲ့ဟာလည်း လွှတ်တော်ကိုယ်စားလှယ်တွေအားလုံး မကြားတဲ့အတွက် နောက်ပိုင်းက လွှတ်တော်ကိုယ်စားလှယ်တွေဆိုလို့ရှိရင် ဒီနားကြပ်တွေနဲ့ နားထောင်ရတဲ့ အနေအထားလည်းရှိပါတယ်။ ဒီလိုဆိုရင် နောက်ပိုင်းက

ကိုယ်စားလှယ်တွေ ပြောတဲ့အခါမှာ တစ်ခါတစ်ခါလည်း ကျွန်တော်ကြားချင်မှ ကြားရပါမယ်။ အဲဒီတော့ ဒါနဲ့ပတ်သက်လို့တော့ ကျွန်တော် ကြားနိုင်အောင် အားလုံးကျွန်တော့်ကို အားမနာပါနဲ့ တင်ပြစရာရှိတာ၊ ညှိနှိုင်းစရာရှိတာ၊ ဆွေးနွေးစရာရှိတာ ဆွေးနွေးနိုင်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ မူအားဖြင့်၊ Policy အားဖြင့်၊ Principle အားဖြင့်၊ အခြေခံအားဖြင့် မလွတ်ဘူးဆိုသော်လည်း ဒီ Procedure က ကျွန်တော်ပြောခဲ့ပါတယ်။ ပြောခဲ့ပေမယ့်လို့ အဲဒီနေ့က မကြေညာပေးနိုင်တဲ့ မဲခွဲဆုံးဖြတ်မှုတွေကိုလည်း အခုလွှတ်တော်မှာ တစ်ခါတည်းအနိုင်အရှုံးကတော့ ဆုံးဖြတ်ပြီးသားပါ။ ဒါပေမယ့်လို့ မဲဘယ်လောက်ရတယ်ဆိုတာကိုတော့ ကျွန်တော် အခုပြန်ပြီးတော့ ကြေညာပေးပါမယ်။ အဲဒါက ဘာလည်းဆိုရင် ပထမဦးဆုံး ဦးစိုင်းဘိုးအောင်ရဲ့အဆိုကို မဲခွဲဆုံးဖြတ်တဲ့နေရာမှာ ထောက်ခံမဲ ၁၅ မဲ ဖြစ်ပါတယ်။ ကန့်ကွက်မဲ ၃၅၃ မဲ ဖြစ်ပါတယ်။ ကြားနေမဲ ၉ မဲ ဖြစ်ပါတယ်။ နောက်ကျွန်တော်တို့ လယ်ယာမြေဥပဒေ အပိုဒ် ၄(ခ)အဲဒီနေ့ ဆွေးနွေးသွားတဲ့နေရာမှာ ဦးတင်မောင်ဦးရယ်၊ ဦးရဲထွန်းရယ်၊ ဦးစိုင်းသီဟကျော်ရယ်၊ ဦးစိုင်းဘိုးအောင်ရယ်၊ ဦးအောင်သိန်းရယ်၊ နောက်ဆုံးမဲခွဲတဲ့အခါမှာ အဲဒီနေ့ကတော့ မဲခွဲမှုက နှစ်ယောက်တည်းမဟုတ်ဘဲနဲ့ ၄ ဦးနဲ့ ခွဲရတာ ဖြစ်တဲ့အတွက် အဲဒီနေ့က ရတဲ့မဲတွေကိုရေတွက်ပြီးသော်လည်း ဒီမှာမကြေညာခဲ့တဲ့ နေရာမှာ မဲရရှိမှုအနေအထားပါ။ ဦးတင်မောင်ဦးရဲ့အဆိုကို ထောက်ခံတဲ့ထောက်ခံမဲက ၃၅၃ မဲ ဖြစ်ပါတယ်။ ကန့်ကွက်မဲ ၃ မဲ ဖြစ်ပါတယ်။ ကြားနေမဲ ၁၉ မဲ ဖြစ်ပါတယ်။ ဦးရဲထွန်းရဲ့အဆိုကို ထောက်ခံမဲက ၈ မဲ၊ ကန့်ကွက်မဲ ၃၅၈ မဲ၊ ကြားနေမဲ ၉ မဲ ဖြစ်ပါတယ်။ ဦးစိုင်းသီဟကျော်အတွက် ထောက်ခံမဲက ၁၉ မဲ၊ ကန့်ကွက်မဲ ၃၅၁ မဲ၊ ကြားနေမဲ ၅ မဲ ဖြစ်ပါတယ်။ ဦးစိုင်းဘိုးအောင်ကို ထောက်ခံမဲက ၁၅ မဲ၊ ကန့်ကွက်မဲ ၃၅၄ မဲ၊ ကြားနေမဲ ၆ မဲ ဖြစ်ပါတယ်။ ဦးအောင်သိန်းကို ထောက်ခံမဲ ၄ မဲနဲ့ ကန့်ကွက်မဲ ၃၆၇ မဲ၊ ကြားနေမဲ ၄ မဲ ဖြစ်ပါတယ်။ အဲဒီလိုပဲ အပိုဒ် ၄(ဂ) ဦးဌေးဦးရဲ့အဆိုကို ထောက်ခံမဲ ၃၅၁ မဲဖြစ်ပြီးတော့ ကန့်ကွက်မဲ ၁၄ မဲ၊ ကြားနေမဲ ၁၀ မဲပဲ ဖြစ်ပါတယ်။ ဦးစိုင်းသီဟကျော် အပိုဒ် ၄ နဲ့ ပတ်သက်ပြီးတော့ သူ့ရဲ့အဆိုကို မဲခွဲတဲ့အခါမှာ ထောက်ခံမဲ ၂၄ မဲ၊ ကန့်ကွက်မဲ ၃၄၅ မဲ၊ ကြားနေမဲ ၆ မဲ ဖြစ်ပါတယ်။ အပိုဒ် ၇(င)ဦးရဲထွန်းရဲ့အဆို မဲခွဲတဲ့နေရာမှာ ထောက်ခံမဲက ၂၀ မဲ၊ ကန့်ကွက်မဲ ၃၄၃ မဲ၊ ကြားနေမဲ ၁၁ မဲ ဖြစ်ပါတယ်။ ဦးတင်မောင်ဦးရဲ့အဆိုကို မဲခွဲတဲ့နေရာမှာ ထောက်ခံမဲက ၁၆၂ မဲ၊ ကန့်ကွက်မဲ ၉၄ မဲ၊ ကြားနေမဲ ၁၁၉ မဲ ဖြစ်ပါတယ်။ အဲဒီနေ့ကတော့ ကြားနေမဲ ၁၁၉ မဲအထိတောင် ရှိပါတယ်။ နောက်အပိုဒ် ၂၆(က) ဦးစိုင်းသီဟကျော်၊ ဦးစိုင်းဘိုးအောင်အဆိုကို မဲခွဲခြင်းဖြစ်ပါတယ်။ အဲ့ဒီနေရာမှာ ဦးစိုင်းသီဟကျော်ရယ် ဦးစိုင်းဘိုးအောင် နှစ်ဦးက ပယ်ဖျက်သွားပြီးတဲ့အခါမှာ ကျန်တာကို မဲခွဲတဲ့အခါမှာ ထောက်ခံမဲက ၈ မဲနဲ့ ကန့်ကွက်မဲ ၃၅၈ မဲ၊ ကြားနေမဲ ၉ မဲ ဖြစ်ပါတယ်။

ဒါကတော့ ဆုံးဖြတ်ပြီးဖြစ်ပါတယ်။ သို့ရာတွင် ရရှိမဲကိုကြေညာဖို့ ကျန်ခဲ့တဲ့အတွက်၊ ကျန်ခဲ့တာမဟုတ်ပါဘူး။ ထပ်ကြေညာမယ်ပြောပေမယ့် အချိန်အရ ကြေညာမှုမပြုနိုင်တဲ့အတွက် ထပ်ပြီးတော့ တင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေးအစီအစဉ်အတိုင်း ဆက်လက်ပြီးဆောင်ရွက်ပါမယ်။ အစည်းအဝေး ၂၁ ရက်မြောက်နေ့မှာ တင်သွင်းခဲ့တဲ့ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းအလျင်အမြန်အကောင်အထည်ဖော်ပေးပါရန်အဆိုနှင့်စပ်လျဉ်းပြီးဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်သုံးဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်အား ဆွေးနွေးရန်ဖိတ်ခေါ်ပါတယ်။

**ဦးရွှေမောင်(ဘူးသီးတောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင် ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့မှာ ကျင်းပခဲ့တဲ့ ၂၁ ရက်မြောက်အစည်းအဝေးမှာ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံလှိုင်တင်သွင်းခဲ့တဲ့ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်း အလျင်အမြန်အကောင်အထည်ဖော်ပေးပါရန်ဆိုသောအဆိုကို ကျွန်တော့်အနေနဲ့ဆွေးနွေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာ ၁၉၆၅ ခုနှစ်မှာ ဘူးသီးတောင်မြို့၌မွေးဖွားခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ကျွန်တော်အဖေဟာ ဘူးသီးတောင်ရဲစခန်းမှာ ထိုစဉ်တုန်းက ဒုတိယလုံခြုံရေးမှူးခေါ်တဲ့ ဒု-ရဲအုပ်အဖြစ်တာဝန်ထမ်းဆောင်ပြီးတော့ နယ်မြေလုံခြုံရေးကို အဓိကတာဝန်ယူခဲ့ရတယ်လို့ ကျွန်တော့်အဖေမှ ပြောပြလို့သိရှိရပါတယ်။ ဒီအကြောင်းကို ကျွန်တော်ပြောပြရတဲ့ ရည်ရွယ်ချက်က ကျွန်တော့်အဖေ ကျွန်တော့်ကိုပြောပြတာမှာ ကျွန်တော်မမွေးခင် ၁၃ နှစ် အရင်လောက်က ၁၉၅၂ ခုနှစ် ဝန်းကျင်လောက်မှာ ကျွန်တော်တို့ ဘူးသီးတောင်မြို့နယ်ကို အမေရိကန်တွေလာရောက်ပြီးတော့ ဒီစိုင်းဒင်ရေတံခွန်မှ ရေအားလျှပ်စစ်ထုတ်လုပ်ဖို့အတွက် တိုင်းထွာရေးတွေလုပ်ခဲ့တယ်လို့သိရှိရပါတယ်။ ၁၉၈၃ ခုနှစ်မှာ ကျွန်တော်ဆယ်တန်းအောင်ပြီးတော့ အောင်တဲ့နှစ်မှာ ဘူးသီးတောင်မြို့ပေါ်မှာ စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းရုံးဆိုပြီးတော့ ရုံးတစ်ခုကို ကျွန်တော်တို့

တွေ့မြင်ခဲ့ပါတယ်။ ကျွန်တော် ရန်ကုန်စက်မှုတက္ကသိုလ်ကနေဘွဲ့ရပြီးတဲ့နောက်ပိုင်း ၁၉၉၅ ခုနှစ် ဘူးသီးတောင်မြို့ကိုရောက်သွားတဲ့အခါမှာ အဲဒီစီမံကိန်းရုံးကိုပိတ်ထားတာကိုလည်း ကျွန်တော်တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အဓိကတင်ပြချင်တာကတော့ ကျွန်တော်ဟာ Electrical Power Project အကြောင်းကိုနားလည်တဲ့ ကျွမ်းကျင်သူပညာရှင်တစ်ယောက်တော့မဟုတ်ပါဘူး။ သို့သော်လည်း ကျွန်တော့်အနေနဲ့ Mechanical Engineering ကို အထူးပြုဘာသာရပ်ဖြင့် သင်ကြားခဲ့သည်ကတစ်ကြောင်း အဲဒီစီမံကိန်းတည်နေရာဖြစ်တဲ့ ဘူးသီးတောင်မြို့နယ်ဟာ ကျွန်တော့်ရဲ့မဲဆန္ဒနယ်ဖြစ်နေတဲ့အတွက် ဒီစိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းအကြောင်းကို ကျွန်တော်လွှတ်တော်ရဲ့ အချိန်ကိုငဲ့ညှာသောအားဖြင့် ကျွန်တော်အနည်းငယ်ပဲတင်ပြလိုပါတယ်။ စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းဟာ ရခိုင်ပြည်နယ်မြောက်ပိုင်း၊ မောင်တောခရိုင်ရှိ ဘူးသီးတောင်မြို့နယ်မှ ၁၀ မိုင်လောက်ကွာဝေးတဲ့ စိုင်းဒင်ချောင်းပေါ်မှာတည်ရှိပါတယ်။ ရခိုင်ပြည်နယ်ရဲ့မြို့တော် စစ်တွေမြို့မှဆိုရင် မိုင် ၅၀ လောက်ဝေးပါတယ်။ အရင်တုန်းက ကျွန်တော်တို့ ဆက်သွယ်ရေးမကောင်းပေမယ့် အခုအခါတော့ Speed Boat ပေါ်လာတဲ့အတွက် အဲဒီစီမံကိန်းနေရာကို လွယ်လွယ်ကူကူသွားလို့ရပါတယ်။ ပုံမှန်စက်လှေတစ်စီးနဲ့ ဘူးသီးတောင်ကနေသွားမယ်ဆိုရင် တစ်နာရီခွဲနှစ်နာရီလောက်ကြာပေမယ့် အခုအမြန်ယာဉ် Speed Boat နဲ့ သွားမယ်ဆိုရင် မိနစ် ၄၀ လောက်ပဲကြာပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ မေယုတောင်တန်းနဲ့ စိုင်းဒင်တောင်တန်းဆိုပြီးတော့ မြောက်ဘက်ကနေတောင်ဘက်ကိုသွယ်တန်းနေတဲ့ တောင်တန်းနှစ်ခုရှိပါတယ်။ အဲ့ဒီတောင်တန်းနှစ်ခုကြားမှာ ဘူးသီးတောင်မြို့တည်ရှိပါတယ်။ အဲ့ဒီဘူးသီးတောင်မြို့မှာ တခါ မေယုမြစ်နဲ့ စိုင်းဒင်ချောင်းဆိုပြီးတော့ သဘာဝကပေးထားတဲ့ အမွေအနှစ်နှစ်ခုရှိပါတယ်။ မေယုမြစ်ကတော့ ဘူးသီးတောင်မြို့နယ်ရဲ့ အလယ်မှာတည်ရှိပြီးတော့ မြောက်ဘက်ကနေတောင်ဘက်သို့ စီးဆင်းပြီးတော့ နောက်ဆုံး ဘင်္ဂလားပင်လယ်အော်ထဲသို့စီးဝင်သွားပါတယ်။ သို့သော် စိုင်းဒင်ချောင်းရဲ့ထူးခြားချက်ကတော့ အဲဒီချောင်းက စိုင်းဒင်တောင်တန်းပေါ်မှာတည်ရှိနေပြီးတော့ စိုင်းဒင်ချောင်းရဲ့အောက်ခြေဘက်ကအကုန်လုံး Rock တွေ မာကျောတဲ့ကျောက်တွေအဖြစ် တည်ရှိနေတာကိုတွေ့ရပါတယ်။ အဲဒီချောင်းဟာ ဘူးသီးတောင်မြို့နယ်ရဲ့အပိုင် ဖိုယိုလိပ်ကျေးရွာရဲ့ အရှေ့ဘက်နားမှာ ရေတံခွန်ဖြစ်သွားပြီးတော့ ဖိုယိုလိပ်၊ ကင်းတောင်၊ သရက်ပြင်၊ လေးမြို့စတဲ့ ကျေးရွာအုပ်စုတွေကိုဖြတ်သန်းပြီးမှ ဒီမြေပြန့် ဘူးသီးတောင်မြို့ရဲ့ အလယ်မှာရှိတဲ့ မေယုမြစ်ထဲကိုစီးဝင်သွားပါတယ်။ အဲဒီရေတံခွန်ဟာ ၁၂ လလုံး ရေစီးဆင်းတာကောင်းပါတယ်။ ပြီးတော့ မိုးတွင်းကျရင်တော့

ရေဆင်းကတအားများတဲ့အတွက် အဲဒီအနားကိုတောင်ကပ်ဖို့မလွယ်ပါဘူး။ သို့သော် နွေရာသီမှာ ကျွန်တော်တို့ လေ့လာရေးခရီးတွေသွားတဲ့အခါမှာ အချို့သူတို့တောင်မှ တော်တော်တန်တန်အနားကို သွားဖို့အဆင်မပြေဘူး။ မိုးတွင်းဆိုရင်တော့ လူအသေအပျောက်ပါရှိနိုင်တဲ့အတွက် ဒါကျွန်တော် ရေစီးဆင်းအား ဘယ်လောက်ကောင်းတယ်ဆိုတာကို နှိုင်းယှဉ်တင်ပြလိုခြင်းဖြစ်ပါတယ်။ တချို့ နေရာမှာလို နွေရာသီမှာရေခမ်းသွားပြီးတော့ မိုးရာသီမှာပဲသုံးလို့ရတဲ့ ရေတံခွန်မဟုတ်ပါဘူး။ ဒီဟာက ၁၂ လလုံး ရေစီးဆင်းနေတဲ့ရေတံခွန်ကြီးတစ်ခုဖြစ်ပါတယ်။ ၁၉၅၂ ခုနှစ်မှာ တိုင်းထွာရေးလုပ်သွားတဲ့ ကုမ္ပဏီကတော့ အမေရိကန်နိုင်ငံ K.T.A Engineering ဆိုတဲ့ ကုမ္ပဏီဖြစ်ပြီးတော့ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရနဲ့ ၁၉၅၁ ခုနှစ်မှာ စာချုပ်ချုပ်ပြီး ၁၉၅၃ ခုနှစ်မှာ K.T.A ကုမ္ပဏီက မြန်မာနိုင်ငံအစိုးရကို Master Plan Myanmar Economic Development ဆိုပြီးတော့ Master Plan ကြီးတစ်ခုကိုတင်ပြခဲ့တယ်လို့လေ့လာသိရှိရပါတယ်။ အဲဒီ Master Plan အရဆိုရင် စစ်တွေမြို့ကနေ ၂၂ မိုင်လောက်ဝေးတဲ့ ပုဏ္ဏားကျွန်းမြို့နယ် အနီးတစ်ဝိုက်မှာလည်း ဒီစီမံကိန်း ကနေထွက်လာမယ့် လျှပ်စစ်ဓာတ်အားကိုအသုံးပြုပြီးတော့ စက်မှုလက်မှုလုပ်ငန်းတွေ စက်မှုဇုန်လို သဘောမျိုးလုပ်ဖို့အတွက်လည်းပါတယ်လို့ ကျွန်တော်တို့လေ့လာသိရှိရပါတယ်။ အဲဒီအချိန်ကဆိုရင် စစ်တွေခရိုင်မှာ ဘူးသီးတောင်၊မောင်တောအပါအဝင် တခြားစစ်တွေခရိုင် ယခုလက်ရှိစစ်တွေ ခရိုင်မှာပါတဲ့ မြို့နယ်အားလုံးမှာရှိတဲ့ လူဦးရေစုစုပေါင်းဟာ ၈၄၀၀၀၀ ခန့်ရှိတယ်လို့လေ့လာသိရှိ ရပါတယ်။ အဲဒီတုန်းက K.T.A အင်ဂျင်နီယာကုမ္ပဏီရဲ့ Master Plan အရ စိုင်းဒင်စီမံကိန်းရဲ့ Capacity ဟာ 60 Mega Watt ရှိတယ်လို့သိရှိရပါတယ်။ အဲဒီတုန်းကအဲဒီစီမံကိန်းသာ လုပ်ဖြစ်မယ်ဆိုရင် စုစုပေါင်းလူဦးရေက ၈၄၀၀၀၀ ရှိတဲ့အတွက် ဒီရခိုင်ပြည်နယ်၊ စစ်တွေခရိုင် တစ်ခုတည်းမှသာ အဲဒီတုန်းကစီမံကိန်းကို အကောင်အထည်ဖော်ဖြစ်ခဲ့မယ်ဆိုရင် လူတစ်ယောက်ကို 71 Watt နှုန်းသွား ဖြစ်ပါတယ်။ ယခုအချိန်မှာသာ ရခိုင်ပြည်နယ်ရဲ့ လူဦးရေဟာ ၃ သန်းလောက် ရှိနေပါတယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ ခရိုင်လေးခု ရှိပါတယ်။ မြောက်ဘက်ကနေစပြီးမှ ပြောမယ်ဆိုရင် မောင်တောခရိုင် အဲဒီမောင်တောခရိုင်မှာ ဘူးသီးတောင်နဲ့ မောင်တောနှစ်ခု၊ စစ်တွေခရိုင်ပြီးရင် အောက်မှာကြတော့ ကျောက်ဖြူခရိုင်နဲ့ သံတွဲခရိုင်ရှိပါတယ်။ အခုအချိန်မှာ လူဦးရေစာရင်းကိုလေ့လာကြည့်တဲ့အခါမှာ မောင်တောခရိုင်တစ်ခုတည်းမှာကို လူဦးရေ ၁ သန်း လောက်ရှိပြီးတော့ စစ်တွေခရိုင်မှာလည်း ၁ သန်းခန့်ရှိပြီး သံတွဲနဲ့ကျောက်ဖြူ ခရိုင်နှစ်ခုမှာ ၁ သန်းလောက်ရှိတယ်လို့ ကျွန်တော်တို့လေ့လာသိရှိရပါတယ်။ ယခု 60 M Watt Capacity ရှိတဲ့ Hydro Electronic Power Project ကို ဒီနေ့စစ်တွေခရိုင်နဲ့ မောင်တောခရိုင်မှာ စုစုပေါင်း ယနေ့

အချိန်မှာ လူ ၂ သန်းလောက်ရှိတဲ့အတွက် 60 M Watt ကို လူ ၂ သန်းနဲ့စားမယ်ဆိုလို့ရှိရင် 30 watt perhalf လူတစ်ယောက်နှုန်းကို 30 Watt လုံး Standard ကျပါတယ်။ ဒီနေရာမှာ ကျွန်တော် မှတ်သားစရာတစ်ခုကတော့ ဒီနှစ် ၅၀ ကျော် ၆၀ နီးပါးကြာသွားတဲ့အခါမှာ ဒီလူဦးရေ တိုးပွားလာတဲ့အတွက် ၁၉၅၃-၁၉၆၀ ဝန်းကျင်မှာသာ ဒီဟာကိုလုပ်ခဲ့မယ်ဆိုရင် Perhalf က 71 Watt ဖြစ်ပြီးတော့ ဒီနေ့ဒီအချိန်အခါမှာလုပ်မယ်ဆိုရင် တိုးပွားလာတဲ့လူဦးရေကြောင့် 30 Watt Perhalf ဖြစ်သဖြင့် နှစ်ဆလောက်ကျဆင်းသွားတာကိုလည်း ကျွန်တော်တို့ဆန်းစစ်တွေ့ရှိရပါတယ်။ လက်ရှိ ကျွန်တော် မြန်မာနိုင်ငံမှာ လူဦးရေသန်း ၆၀ ရှိပြီးတော့ စုစုပေါင်း M Watt ၃၃၆၀ လောက် ရှိတဲ့အတွက် မြန်မာနိုင်ငံတစ်နိုင်ငံလုံး National Standard အရဆိုရင် 56 Watt Perhalf ဖြစ်ပါတယ်။ ဒီလောက် နှစ် ၆၀ ခန့်က ရေးဆွဲခဲ့တဲ့စီမံကိန်းကြီးကို ယခုအခါ အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ပြန်လည်အကောင်အထည်ဖော်ရန်ဆောင်ရွက်လျက်ရှိတာကိုလည်း သိရှိရတဲ့အတွက် ကျွန်တော့်အနေနဲ့ များစွာအားတက်မိပါတယ်။ ဒီစီမံကိန်းနဲ့ တွဲဖက်ပြီးတော့ စက္ကူစက်၊ ပျော့ဖတ်စက်ရုံတွေကို ထုတ်လုပ်ဖို့အတွက် Plan မှာလည်း ရှိတယ်လို့ လေ့လာသိရှိရပါတယ်။ စက္ကူတန် ၁၀၀ ဆိုရင် တစ်နှစ်မှာတန်ပေါင်း ၉ သောင်းခန့် အဲဒီမှာကျွန်တော်တို့ ထုတ်လုပ်နိုင်မှာဖြစ်ပါတယ်။ တစ်ရက်မှာ စက္ကူတန် ၁၀၀ မှာ ရက် ၃၀၀ နဲ့ ခန့်မှန်းခြေတွက်ကြည့်တာ က တစ်နှစ်ကို တန်ချိန် ၉ သောင်း ခန့် ထုတ်လုပ်နိုင်တဲ့ ဒီပျော့ဖတ်စက်ရုံတစ်ခုရှိတယ်ဆိုတာလည်း အဲဒီ Plan မှာလေ့လာသိရှိရပါတယ်။ ဒီစက္ကူတန် ၁၀၀ ထွက်ဖို့အတွက်ကို အဲဒီကုန်ကြမ်းအနေနဲ့က တစ်နေ့ကို ဝါးတန်ချိန် ၃၀၀ လောက်လိုအပ်ပါတယ်။ အဲဒါဆိုရင် ဒီ Anually တစ်နှစ်ကို စက္ကူတန် ၉ သောင်း ထုတ်ဖို့အတွက်က တစ်နှစ်ကို ကုန်ကြမ်းအဖြစ် သုံးမယ့်ဝါးက တန်ချိန်ပေါင်း ၃ သိန်းလောက် သုံးပြီးလို့ရှိရင် ဒီဟာကို နှစ်စဥ်ထွက်ရှိမှာဖြစ်ပါတယ်။ အဲဒီဝါးတွေကလည်း ခုနတင်ပြသလို စိုင်းဒင်တောင်တန်းအပေါ်မှာ အင်မတန်ဝါးတွေကထွက်ရှိနှုန်းကောင်းပြီးတော့ ဝါးတွေကို စက်ရုံ မရှိတဲ့အတွက် လမ်းကြောင်းအမျိုးမျိုးကနေ တစ်ဖက်နိုင်ငံသို့ ဈေးပေါပေါနဲ့ ရောင်းနေရတဲ့အတွက် နိုင်ငံတော်အတွက်လည်း နစ်နာရတာကိုလည်း ကျွန်တော်တို့တင်ပြလိုပါတယ်။ အဲဒီ Master Plan မှာဆိုရင် ဒီပျော့ဖတ်စက်ရုံ၊ ကာဗိုက်စက်ရုံအပါအဝင် စက်ရုံစုစုပေါင်း ၁၀ ခုလောက် Propose လုပ်ထားပါတယ်။ ဒီစက္ကူစက်တစ်ခုတည်းအတွက်ကိုလည်း လူပေါင်း ၃၅၀၀ လောက် အလုပ်ရနိုင်မယ်လို့ အဲဒီမှာ ခန့်မှန်းတွက်ချက်ထားတာကိုလည်း လေ့လာတွေ့ရှိခဲ့ရပါတယ်။ ရခိုင်ပြည်နယ်တောင်ပိုင်းမှာရှိတဲ့ ရမ်းဗြဲကျွန်း၊ မာန်အောင်ကျွန်းမှာလည်း ထုံးကျောက်တွေအများကြီး ထွက်ရှိပါတယ်။ အဲဒီက ကုန်ကြမ်းတွေကို ၁၂၅ မိုင်လောက်ဝေးတဲ့ ပုဏ္ဏားကျွန်း စက်မှုဇုန်၊ မကြာမီ

ကတည်းက အမှတ် (၂) စက်မှုဝန်ကြီးဌာနကလည်း ပုဏ္ဏားကျွန်းအနီးအနားမှာ စက်မှုဇုန်တစ်ခုလုပ်ဖို့ အတွက် စီမံကိန်းရှိတယ်လို့ ကျွန်တော်တို့ကြားသိရပါတယ်၊ ဆိုတော့ အဲဒီ စက်မှုဇုန်ကလည်း နိုင်ငံတော်ကနေ Plan ချထားတဲ့ စိုင်းဒင်လျှပ်စစ်စီမံကိန်းကနေ ထုတ်လုပ်မယ့်လျှပ်စစ်ဓာတ်အားကိုပဲ အသုံးပြုပြီးမှလုပ်မယ်လို့ ကျွန်တော့်အနေနဲ့ခန့်မှန်းတင်ပြလိုပါတယ်။ နောက်တစ်ခုလုပ်ငန်းအနေနဲ့ ရခိုင်ပြည်နယ်မှာ စီပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ရခိုင်ပြည်နယ်ဟာ ဘင်္ဂလားပင်လယ်အော်နဲ့ ဆက်စပ်နေတဲ့အတွက် ဘင်္ဂလားပင်လယ်အော်မှ ရေဂါလံ ၈၆၀၀ ကို နေလှန်းလို့ရှိရင် ဆိုဒီယမ်ကလိုရိုဒ်ဆားက ၁ တန်လောက်ထွက်ပါတယ်။ အဲဒီဆားတွေကို ပျော့ဖတ်စက်ရုံမှာ ကုန်ကြမ်း အဖြစ်သုံးလို့ရပါတယ်။ ကျွန်တော်အဓိကတင်ပြချင်တာကတော့ Hydro Electric Power Project တစ်ခုလုပ်မယ်ဆိုရင် လျှပ်စစ်ဓာတ်အားကိုသုံးစွဲဖို့ Consumer ရှိမရှိ ဖြုန်းနိုင်အား ရှိ၊ မရှိဆိုတာကို ဒီက ဘယ်စီမံကိန်းမဆိုတွက်ချက်ရပါတယ်။ ဘယ်လိုပဲစီမံကိန်းတွေပဲလုပ်လုပ် အဓိကမဖြစ်မနေ လုပ်တဲ့ဟာက Economic Fecsibility တွေရယ် Technical Feasibility ဆိုတာကိုလုပ်ရပါတယ်။ ဒီ Project ကို လေ့လာကြည့်မယ်ဆိုရင် Technical Layer Feasibility ရှိနေပြီးသားဆိုတာကိုလည်း ယုံကြည်ရပါတယ်။ စောစောက ကျွန်တော်တင်ပြတဲ့အချက်အလက်ဟာ Economic Feasibility စီးပွားရေးအရ တွက်ခြေကိုက်တယ်။ ကျွန်တော်စီးပွားရေးပညာရှင်လည်းမဟုတ်ပါဘူး။ သို့သော် ကျွန်တော်လေ့လာမှတ်သားသလောက် Cost Benifit Ratio အရ Project တစ်ခုမှာ ကုန်သွားမယ့် Cost သည် ပြန်လည်ရရှိမယ့်အကျိုးအမြတ် Ratio ဆိုတာကိုတွက်ချက်ပြီးတော့မှ စီမံကိန်းတွေ ဝန်ကြီးဌာနတွေ နိုင်ငံတော်ကနေ ဒီလိုလုပ်ရတယ်လို့လေ့လာရပါတယ်။ အဲဒီလိုလုပ်တဲ့အခါမှာ ခုနက စီမံကိန်းတွေကို အကောင်အထည်ဖော်မယ်ဆို့လို့ရှိရင် 60 MWatt ထွက်တဲ့ဟာကို ဒီပြည်တွင်းမှာတင် အထူးသဖြင့်ရခိုင်ပြည်နယ်အတွင်းမှာတင် ကျွန်တော်တို့ဖြုန်းစရာရှိတယ်ဆိုတာကိုလည်း ကျွန်တော် တင်ပြလိုခြင်းဖြစ်ပါတယ်။ စစ်တွေခရိုင်နဲ့ အခုမောင်တောခရိုင်မှာ ရှိနေတဲ့ပြည်သူတွေက ၂ သန်း လောက်ရှိနေတဲ့အတွက် အဲဒီမှာလည်းကျွန်တော်တို့ Perhalf ကို ၆၀ Watt လောက် Standard အနေနဲ့ ကျွန်တော်တို့တွက်ချက်ရတာကိုသိရပါတယ်။ပြီးတော့ ဒီလုပ်ငန်းကို ဒီ Hydro Electric Power Project လုပ်မယ်ဆိုရင် ရခိုင်ပြည်နယ်တောင်ပိုင်းက ပြည်သူများလဲအလုပ်အကိုင်ရရှိမယ်။ ထို့အပြင် နယ်စပ်မြို့ဖြစ်တဲ့ မောင်တောမြို့မှာလည်း Export Processing Factory တွေ၊ ဥပမာ-အထည်ချုပ်လုပ်ငန်းတို့၊ ငါးလုပ်ငန်းတို့ Cold Store တွေကို အဲဒါတွေက လျှပ်စစ်ဓာတ်အောက်မှာ မူတည်တဲ့အတွက် ဒီဟာတွေကို လျှပ်စစ်ဓာတ်အားသာ အလုံအလောက်ရမယ်ဆိုလို့ရှိရင် ဒီဟာကို စရိတ်သက်သက်သာသာနဲ့ထုတ်လုပ်ပြီးတော့ နိုင်ငံခြားဝင်ငွေရရှိအောင်လုပ်နိုင်မှာဖြစ်ပါတယ်။

နိုင်ငံတော်အတွက်လည်း အများကြီးအကျိုးရှိမှာဖြစ်ပါတယ်။ ကျွန်တော်နိဂုံးချုပ်အနေနဲ့တင်ပြရရင် ဒီစီမံကိန်းဟာအကောင်အထည်ဖော်သွားလို့ရှိရင် အကောင်အထည်ကိုမြန်မြန်ဖော်နိုင်လို့ရှိရင် ရခိုင်ပြည်နယ်မြောက်ပိုင်း၊ တောင်ပိုင်း၊ ရခိုင်ပြည်နယ်တစ်ခုလုံး အလုပ်အကိုင်အခွင့်အလမ်းတွေ၊ အသေးစားစက်မှုလုပ်ငန်းတွေလုပ်ကိုင်ဖို့အခွင့်အလမ်းရမယ်။ ပြီးမှ နိုင်ငံတော်မှအလေးထား ဆောင်ရွက်နေတဲ့ ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် ကျေးလက်မီးလင်းရေးစီမံကိန်းအတွက်ပါ အများကြီး အထောက်အကူဖြစ်နိုင်မယ့် စီမံကိန်းတစ်ခုဖြစ်တယ်လို့ယုံကြည်မိပါတယ်။ ဒါ့ကြောင့် ဒီစီမံကိန်းကို မြန်မြန်အကောင်အထည်ဖော်နိုင်လို့ရှိရင် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အများကြီး အထောက်အကူဖြစ်မယ်လို့တင်ပြခြင်းဖြစ်ပါတယ်။ ဒါပေမယ့် မကြာမီက ပြုလုပ်သွားတဲ့ အလုပ်ရုံဆွေးနွေးပွဲတစ်ခုမှာ ဒီလထဲမှာပဲ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက ရှင်းလင်းပြောကြားတဲ့နေရာမှာ ကျွန်တော်တို့လေ့လာမှတ်သားရပါတယ်။ ဒီမိမိအစိုးရ ငါးနှစ်သက်တမ်းကာလမှာ အကောင်အထည်ဖော်မယ့်စီမံကိန်းထဲမှာ ရခိုင်ပြည်နယ်က အထင်ကရ စီမံကိန်းတစ်ခုဖြစ်တဲ့ စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းနဲ့ သံတွဲမြို့မှာတည်ရှိတဲ့ သူဌေးချောင်း စီမံကိန်းတွေ မပါသေးတာကိုလည်းတွေ့ရှိရပါတယ်။ သို့သော်လည်း ကျွန်တော်တို့အနေနဲ့ နားလည် ပေးပါတယ်။ နိုင်ငံတော်အစိုးရမှလည်း ဒီစီမံကိန်းတွေလုပ်ရတာမှာ အခက်အခဲမျိုးစုံ၊ ဘဏ္ဍာငွေမျိုးစုံ လိုအပ်ချက်မျိုးစုံကိုလုပ်ရတဲ့အတွက် ဒီဟာကိုတော့ ကျွန်တော်တို့နားလည်သဘောပေါက်ပါတယ်။ ဒါပေမယ့် အဆင်ပြေမယ့်အချိန်မှာ အမြန်ဆုံးလုပ်ပေးနိုင်လို့ရှိရင် ဒီစီမံကိန်းသာ မြန်မြန်လေး အကောင်အထည်ဖော်နိုင်မယ်ဆိုလို့ရှိရင် ခုနက နိုင်ငံတော်ကချမှတ်ထားတဲ့ ဆင်းရဲမွဲတေမှု လျှော့ပါးရေး ကျေးလက်ဒေသမီးလင်းရေးတွေ ဒီစီမံကိန်းအတွက် အထောက်အကူပြုတဲ့အပြင် ရခိုင်ပြည်နယ်ကြီးဖွံ့ဖြိုးတိုးတက်ဖို့အတွက်လည်း အခြားပြည်မနဲ့တန်းတူ ရခိုင်ပြည်နယ်တစ်ခုလုံး အချိန်အတိုအတွင်းမှာ ဖွံ့ဖြိုးတိုးတက်လာမှာကိုယုံကြည်တဲ့အတွက် တောင်ကုတ်မဲဆန္ဒနယ်က ဒေါက်တာစံလှိုင် တင်သွင်းခဲ့သောအဆိုအား လေးလေးနက်နက်ထောက်ခံပါကြောင်း ဆွေးနွေးရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။(သြဘာသံများ)

ဥက္ကဋ္ဌ။ ။ ဦးမြင့်လွင် ကျိုက်ထိုမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

ဦးမြင့်လွင် (ကျိုက်ထိုမဲဆန္ဒနယ်) ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်က မွန်ပြည်နယ်၊ ကျိုက်ထိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင် ဖြစ်ပါတယ်။ ကျွန်တော်ယခု

ရခိုင်ပြည်နယ် တောင်ကုတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံလှိုင် တင်သွင်းသော ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်း အမြန်ဆုံး အကောင်အထည်ဖော်ပေးပါရန်ဆိုတဲ့အဆိုကို လေးလေးနက်နက်ထောက်ခံဆွေးနွေးသွားပါမယ်။ ဘာ့ကြောင့် ဒီလို ထောက်ခံဆွေးနွေးရပါသလဲလို့ဆိုရင် ကျွန်တော်တို့ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်မှာလည်း လွန်ခဲ့တဲ့ ၁၉၈၇ ခုနှစ်၊ နှစ် ၂၀ ကျော်က ယခု ရခိုင်ပြည်နယ်မှာတည်ဆောက်လိုတဲ့ စိုင်းဒင်ရေးအားလျှပ်စစ်စီမံကိန်းထက် ၅ ဆလောက်ကြီးတဲ့ ရေအားလျှပ်စစ်စီမံကိန်းကြီးတစ်ခု အကောင်အထည်ဖော်ဖို့ စီစဥ်ဆောင်ရွက်ခဲ့ဖူးပါတယ်။ အဲဒီတုန်းက တိုင်းတာရေးလုပ်ငန်းများ၊ လေ့လာရေးလုပ်ငန်းများကို သုံးနှစ်ခန့်မျှလေ့လာခဲ့တယ်လို့ ကျွန်တော်တို့လေ့လာသိရှိခဲ့ရပါတယ်။ ဒါပေမယ့် ဒီကနေ့အထိ အကောင်အထည်ဖော်နိုင်ခြင်းမရှိခဲ့ပါဘူး။ တကယ်လို့သာ ယခု စိုင်းဒင်ရေးအားလျှပ်စစ်စီမံကိန်းလို မွန်ပြည်နယ်၊ ဘီးလင်းမြို့မှာ လျှပ်စစ်စီမံကိန်း ၅ ဆ လောက်ကြီးတဲ့ စီမံကိန်းအကောင်အထည်ဖော်နိုင်မယ်ဆိုရင် မွန်ပြည်နယ်ဟာ ခုန အဆိုရှင်ကြီး ဒေါက်တာစံလှိုင် တင်သွင်းသွားသလိုပဲ ရခိုင်ပြည်နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်သလိုပဲ ကျွန်တော်တို့ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ကျိုက်ထိုမြို့နယ်၊ သထုံမြို့နယ် အပါအဝင် မြို့နယ်များစွာမှာ ဖွံ့ဖြိုးတိုးတက်မှုတွေဟာ အားရစရာရှိမယ်လို့ အဲဒီလို အားကျမိတဲ့အတွက် ကျွန်တော်က ဒေါက်တာစံလှိုင်အဆိုကို မွန်ပြည်နယ်သားတစ်ယောက်အနေနဲ့ ထောက်ခံဆွေးနွေးရခြင်း ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရေအားလျှပ်စစ်စီမံကိန်းတစ်ခု အကောင်အထည်ဖော်တဲ့နေရာမှာ မတည်ရင်းနှီးငွေမြောက်မြားစွာလိုအပ်တယ်လို့ ကျွန်တော်တို့နားလည်ပါတယ်။ ထိုနည်းတူ စက်မှုပိုင်း၊ နည်းပညာပိုင်းမှာလည်း ကျွမ်းကျင်မှုအထူးလိုအပ်တယ်လို့ ကျွန်တော်တို့နားလည်သိရှိရပါတယ်။ ဒါပေမယ့် ရေအားလျှပ်စစ်စီမံကိန်းဟာ Initial Cost မတည်ရင်းနှီးငွေများသလောက် Operating Cost ထုတ်လုပ်မှုတန်ဖိုးအလွန်နည်းတဲ့ စီမံကိန်းမျိုးဖြစ်ပါတယ်။ ဒါကြောင့် စီးပွားရေးအရ အလွန်မှတွက်ခြေကိုက်တဲ့လုပ်ငန်းဖြစ်ပါတယ်။ အဲဒီစီမံကိန်းကို ကြည့်မယ်ဆိုလို့ရှိရင် စိုင်းဒင်စီမံကိန်းကနေပြီးတော့ လျှပ်စစ်စွမ်းအား ခုနက အဆိုရှင်ကြီးတင်ပြထားသလို မဂ္ဂါဝပ် ၆၀ ထွက်မယ်လို့ ကျွန်တော်တို့သိရှိရပါတယ်။ မဂ္ဂါဝပ် ၆၀ ဆိုတာ ယခု ကျွန်တော်တို့ရှိနေတဲ့ နေပြည်တော်ကြီး ၃ ဆလောက်သုံးနိုင်တဲ့ စွမ်းအားမျိုးရှိတယ်လို့ ကျွန်တော်တို့နားလည်သိရှိရပါတယ်။ ဒီလောက်များပြားလှတဲ့ပမာဏ လျှပ်စစ်ပမာဏကိုထုတ်လုပ်နိုင်ပါလိမ့်မယ်။ တစ်ဖန် ခုနကတုန်းက (Operating Cost) ကို ပြန်ကြည့်မယ်ဆိုလို့ရှိရင် ထုတ်လုပ်မှုကုန်ကျစရိတ်ကတော့ တစ်ယူနစ်ကို ၁၇ ကျပ်လောက်ပဲကျမယ်လို့လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် တကယ်လို့များ

ဒီဇယ်စွမ်းအားနဲ့ လျှပ်စစ်ကိုထုတ်လုပ်မယ်ဆိုလို့ရှိရင် တစ်ယူနစ်ရဲ့ ကုန်ကျမှုစရိတ်ဟာ ကျပ် ၅၀၀ လောက်ရှိတယ်လို့သိရပါတယ်။ ဒါ့ကြောင့် ၁၇ ကျပ်နဲ့ ၅၀၀နဲ့ ချိုးလိုက်မယ်ဆိုရင် ၁း၃၀ လောက်ရှိပါတယ်။ တနည်းအားဖြင့် ရေအားလျှပ်စစ်ရဲ့ (Operating Cost ) ဟာ အဆ ၃၀ လောက်သက်သာပါတယ်။ အဲဒီလိုသက်သာတဲ့ လျှပ်စစ်စွမ်းအင်ကို စိုင်းဒင်လို ဘီးလင်းမြို့နယ်မှာလည်း ထုတ်လုပ်နိုင်တဲ့ဟာတွေရှိပါတယ်။ ဒါ့အပြင် ဒီလိုပေါပေါများများ၊ ဈေးသက်သက်သာသာနဲ့ ထုတ်လိုက်တဲ့ လျှပ်စစ်စွမ်းအင်ကိုသုံးနိုင်မယ့် အဆိုရှင်ကြီးတင်ပြသွားတဲ့ စက်ရုံတွေ၊ ကော့စတစ်စက်ရုံတွေ၊ စက္ကူပျော့ဖတ်စက်ရုံတွေလည်း တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် စစ်တွေခရိုင်၊ စစ်တွေဆိပ်ကမ်းကြီးကိုလည်း ခေတ်မီစက်ကိရိယာတွေတပ်ဆင်နိုင်တဲ့ ခေတ်မီဆိပ်ကမ်းကြီးတစ်ခုလည်းဖြစ်လာပါလိမ့်မယ်။ ထိုနည်းတူ စစ်တွေခရိုင်မှာလည်း စက်မှုလုပ်ငန်းကြီးတစ်ခုပေါ်ပေါက်လာမယ်လို့လည်းတင်ပြသွားပါတယ်။ ဒါ့ကြောင့် အဘက်ဘက်ကလိုက်ကြည့်လိုက်မယ်၊ သုံးသပ်လိုက်မယ်ဆိုရင် ဒီစိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းကြီးအကောင်အထည်ဖော်မယ်ဆိုရင် တိုင်းပြည်အတွက် ထုတ်လုပ်မှုတွေတိုးတက်လာမယ်။ ခုနတုန်းက အနီးတဝိုက်မှာရှိတဲ့ မာန်အောင်ကျွန်း၊ ရမ်းဗြဲကျွန်းစတဲ့ ပြည်သူတွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းရရှိလာမယ်၊ ဝင်ငွေလည်းရရှိလာမယ်။ ဒါ့ကြောင့် ထုတ်လုပ်မှုတိုးတက်လာမယ်။ လူနေမှုအဆင့်အတန်းတွေမြင့်တက်လာမယ်။ အဘက်ဘက်ကကောင်ကျိုးပြုနိုင်တဲ့ စီမံကိန်းကြီးတစ်ခုဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီစီမံကိန်းကြီးဟာ ဘာနဲ့တူသလဲဆိုတော့ သားရွှေအိုးထမ်းလာသလိုမျိုး မြင်ရတဲ့စီမံကိန်းမျိုးဖြစ်တယ်လို့ ကျွန်တော်တို့ဟာယုံကြည်တဲ့အတွက် ရခိုင်ပြည်နယ် တောင်ကုတ်မဲဆန္ဒနယ်၊ ဒေါက်တာစံလှိုင်တင်သွင်းသော ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းကို အလျင်အမြန်အကောင်အထည်ဖော်ပေးပါဆိုတဲ့အဆိုကို ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်စိန်၊ မာန်အောင်မဲဆန္ဒနယ် မှဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်စိန်(မာန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆန္ဒပြုဆုတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်က ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံလှိုင် အဆိုတင်သွင်းထားတဲ့ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး

အတွက် စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းအလျင်အမြန် စတင်အကောင်အထည်ဖော်ပေးပါရန် အဆိုကို ထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ အခုထောက်ခံတင်ပြမည့် စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းဟာ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ ဘူးသီးတောင်မြို့နယ်မှာတည်ရှိပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ဘူးသီးတောင်နဲ့မောင်တောမှာ ၁၉၉၀-၁၉၉၁ခုနှစ်များက ဝန်ထမ်းတာဝန်နဲ့ရောက်ရှိနေထိုင်ခဲ့ပါတယ်။ ဒီရေအားလျှပ်စစ်စီမံကိန်းဟာ မြန်မာနိုင်ငံအစိုးရနဲ့ အမေရိကန် KTA ကုမ္ပဏီတို့ ၁၉၅၁ ခုနှစ်၊ ဩဂုတ်လမှစတင်ပြီးတော့ စာချုပ်ချုပ်ဆိုပြီး ခုနကဘူးသီးတောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင်လည်း တင်ပြသွားပြီးဖြစ်ပါတယ်။ သို့သော်လည်း ဒီစီမံကိန်းဟာ ၁၉၅၃ ခုနှစ်မှာ စတင်အကောင်အထည်ဖော်ရန်ရှိပေမယ့်လည်း လောလောဆယ်အားဖြင့် တိုင်းပြည်စီးပွားရေးအရ တွက်ခြေမကိုက်တာရယ်၊ လက်နက်ကိုင် ရောင်စုံသောင်းကျန်းသူများရှိနေတာရယ်၊ အဲဒီအကြောင်းကြောင်းတွေကြောင့် ရပ်ဆိုင်းထားခဲ့ရကြောင်းသိရှိရပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတင်ပြတဲ့ စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းကို ရပ်ဆိုင်းထားခဲ့သည်မှာ နှစ်ကာလကြာမြင့်ပြီဖြစ်ပါတယ်။ ရောင်စုံသောင်းကျန်းသူများမရှိတာလည်း နှစ်ပေါင်း ၂၅ နှစ်မှ ၃၀ နှစ်တိုင်တိုင်ကြာနေပါပြီ။ ဒီစီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်သင့်တာကြာနေပါပြီ။ ယခုခေတ်ပြောပြောနေတဲ့ ဘန်းစကားအရပြောရရင်တော့ ကြာသလားလို့ တင်စားပြီးတော့ မေးခွန်းထုတ်ရလောက်အောင်ဖြစ်နေပါပြီခင်ဗျား။ အဲဒါကြောင့်မို့လို့ အလွန်ပင်အချိန်နောက်ကျနေပြီဖြစ်ပါ၍ အလျင်အမြန်လုပ်ဆောင်ပေးရေးအတွက် အထူးထောက်ခံတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော်တင်ပြဆွေးနွေးနေတဲ့စီမံကိန်းကို အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကလည်း စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်းသိရှိရပါ၍ လှိုက်လှဲစွာဝမ်းသာပီတိဖြစ်မိပါတယ်ခင်ဗျား။ ဒီစီမံကိန်းသာ အမြန်ဆုံးပြီးစီးအောင်မြင်ပါက ရခိုင်ပြည်နယ်အတွင်း စက်ရုံ၊ အလုပ်ရုံများ တိုးတက်ဖြစ်ထွန်းလာပြီး အလုပ်လက်မဲ့များလည်းနည်းပါးသွားမှာဖြစ်ပါတယ်။ ပေါ်ထွန်းလာမယ့် စက်ရုံအလုပ်ရုံများအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများဖြစ်တဲ့ ထုံးကျောက်၊ ဂဝံကျောက်စသည်တို့ကို ကျွန်တော်တို့ ရမ်းဗြဲကျွန်း၊ မာန်အောင်ကျွန်းနဲ့ ရဲကျွန်းတို့ကနေပြီးတော့ လိုသလောက်ထုတ်ယူပို့ပေးနိုင်တဲ့ အခြေအနေရှိပါတယ်။ ယခုကဲ့သို့လိုသလောက် ထုံးကျောက်၊ ဂဝံကျောက်များကို တူးဖော်ပို့ဆောင်ပေးရတဲ့အတွက် ကျွန်တော်တို့ဆီက လူငယ်များလည်းအလုပ်အကိုင်ရရှိကာ ဝင်ငွေများတိုးတက်ရရှိလာကြပြီဖြစ်၍ ဆင်းရဲနွမ်းပါးမှုလည်းလျော့နည်းကျဆင်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင် အဆိုတင်သွင်းထားတဲ့ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး

အတွက် စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်းကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် တပ်မတော်ရဲ့ဆောင်ပုဒ်အတိုင်း တိတိကျကျ၊ မြန်မြန်ဆန်ဆန်၊ မှန်မှန်ကန်ကန်လုပ်သင့်ပါကြောင်း လှိုက်လှိုက်လှဲလှဲတင်ပြထောက်ခံအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဇော်မင်း(ပြည်ထောင်စုဝန်ကြီး၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းပြီးတော့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် တောင်ကုတ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံလှိုင်ရဲ့အဆိုပြုတဲ့ စိုင်းဒင်စီမံကိန်းကိစ္စဆွေးနွေးတင်ပြမှာဖြစ်ပါတယ်။ စိုင်းဒင်စီမံကိန်းကို ကျွန်တော်တို့ဝန်ကြီးဌာနနဲ့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနဲ့ J.V/ B.O.T စနစ်ဖြင့်ဆောင်ရွက်ရန်အတွက် သဘောတူညီမှုစာချွန်လွှာကို ကျွန်တော်တို့ဝန်ကြီးဌာနရယ်၊ တရုတ်နိုင်ငံ China Datang Overseas Investment Co. , Ltd ရယ်၊ ပြည်တွင်းတိုင်းရင်းသားကုမ္ပဏီဖြစ်တဲ့ ရွှေတောင်ကုမ္ပဏီတို့ဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၁)ခွင့်ပြုချက်အရ ၁၈-၁-၂၀၁၁ ရက်နေ့မှာ လက်မှတ်ရေးထိုးပြီးဖြစ်ပါတယ်။ စီမံကိန်းနှင့် ပတ်သက်ပြီးတော့ ၁၉၅၃ ခုနှစ်၊ ဩဂုတ်လမှာ အမေရိကန်နိုင်ငံ (KTA)ကုမ္ပဏီက ဒေသမှာဆောင်ရွက်ရမယ့် ဝါးစက္ကူပျော့ဖတ်စက်ရုံ၊ ဂုန်လျှော်စက်ရုံ၊ အအေးခန်းစက်ရုံအစရှိတဲ့စက်ရုံများအတွက်ရည်ရွယ်ပြီးတော့ ရေးဆွဲတင်သွင်းခဲ့တဲ့ Report အရ ပထမအဆင့်အနေဖြင့် ၂၈ မဂ္ဂါဝပ်ရှိသော ဖရန်စစ်တာဘိုင် နှစ်လုံးအားတပ်ဆင်ပြီးတော့ ၂၀ မဂ္ဂါဝပ်ရှိတဲ့ ဂျင်နရေတာများကိုလည်းပတ်စေမှာဖြစ်ပြီးတော့ ဒုတိယအဆင့်အနေမှာတော့ ၂၀ မဂ္ဂါဝပ်ရှိသော ဂျင်နရေတာတစ်လုံးကိုတပ်ဆင်ရန်လျာထားပါတယ်။ ခိုင်လုံဓာတ်အားအနေနဲ့ အဲဒီအချိန်က စိစစ်တွက်ချက်ခဲ့တဲ့စာရင်းအရ ၂၅ မဂ္ဂါဝပ်ခန့်ရရှိမှာဖြစ်ပါတယ်။ ခိုင်လုံဓာတ်အားထုတ်လုပ်မှုအနေနဲ့ နှစ်စဉ်ပျမ်းမျှဓာတ်အားထုတ်လုပ်မှုမှာ ကီလိုဝပ်မဂ္ဂါသန်းပေါင်း ၂၃၆ သန်းခန့်ရှိပြီးတော ့စက်ရဲ့စွမ်းဆောင်ရည်အနေနဲ့ ပထမအဆင့်မှာ ခိုင်လုံဓာတ်အားရဲ့ ၅၇ ရာခိုင်နှုန်း၊ ဒုတိယအဆင့်မှာ ခိုင်လုံဓာတ်အားရဲ့ ၃၈ ရာခိုင်နှုန်းရရှိမှာဖြစ်ပါတယ်။ ယခုကျွန်တော်တို့ အသစ်တစ်ဖန်ပြန်လည်ပြီးတော့စူးစမ်းလေ့လာခဲ့ပါတယ်။ အဲဒီစီမံကိန်းနှင့်ပတ်သက်ပြီးတော့ ဂျပန်နိုင်ငံ NEWJEC ရဲ့နောက်ဆုံးစူးစမ်းလေ့လာချက်အရ ၂၀၁၀ ခုနှစ်မှရရှိတဲ့ Report အရဆိုရင် ၂၃.၃၅ မဂ္ဂါဝပ်စက်နှစ်လုံး စုစုပေါင်း ၄၆.၇ မဂ္ဂါဝပ်ရရှိမှာဖြစ်ပြီးတော့ နှစ်စဉ်ပျမ်းမျှဓါတ်အားထုတ်လုပ်မှုဟာ ၂၈၁ ကီလိုဝပ်နာရီသန်းပေါင်းရရှိမှာဖြစ်ပါတယ်။ စက်၏စွမ်းဆောင်ရည်ဟာ ၆၉ ရာခိုင်နှုန်းရှိကြောင်း

ဖော်ပြထားပါတယ်။ စက်တပ်ဆင်မှုအင်အားလျော့သွားသော်လည်း နှစ်စဉ်ပျမ်းမျှဓါတ်အား ထုတ်လုပ်မှုတိုးလာပြီးတော့ စက်၏စွမ်းဆောင်ရည်ဟာ ၆၉ ရာခိုင်နှုန်းရှိတဲ့အတွက် နွေရာသီ၌ပင်လျှင် လျှပ်စစ်ဓါတ်အားခိုင်လုံမှုရရှိနေမယ့် စီမံကိန်းဖြစ်တယ်လို့ စူးစမ်းဖော်ထုတ်လေ့လာရရှိထားပါတယ်။ စိုင်းဒင်စီမံကိန်းနဲ့အတူ လေးမြို့စီမံကိန်း ၆၀၀ မဂ္ဂါဝပ်၊ လေးမြို့(၁)စီမံကိန်း ၁၀၀ မဂ္ဂါဝပ်၊ အဲဒီ စီမံကိန်းသုံးခုကို တစ်တွဲတည်းဆက်စပ်ပြီးတော့ အကောင်အထည်ဖော်မယ့်စီမံကိန်းများဖြစ်ပါတယ်။ ရခိုင်ပြည်နယ်ရဲ့ ရာသီဥတု၊ မြေမျက်နှာသွင်ပြင်အနေအထားနဲ့ ဘူမိဗေဒအခြေအနေတို့ကိုလည်း ရှင်းလင်းတင်ပြမှာဖြစ်တယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်နယ်မှာ သူငွေးချောင်း စီမံကိန်း ၁၁၁ မဂ္ဂါဝပ်နဲ့ အမ်းချောင်းစီမံကိန်း ၁၀ မဂ္ဂါဝပ်တို့ကို တာဝန်ယူတည်ဆောက် လျက်ရှိပါတယ်။ အဲဒီလိုတည်ဆောက်တဲ့နေရာမှာ ရခိုင်ပြည်နယ်ရဲ့ ရာသီဥတုအခြေအနေပေးမှု Weather Window အရ တစ်နှစ်ပတ်လုံးမှာ အများဆုံး ၆ လခန့်သာ လုပ်ငန်းဆောင်ရွက် နိုင်ပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ်ရဲ့ ဘူမိဗေဒအနေအထားအရ အောက်ခံကျောက်သား အနေအထားမှာ ကောင်းမွန်မှုမရှိကြောင်းတွေ့ရှိရပါတယ်။ လက်ရှိတည်ဆောက်နေတဲ့ သူငွေးချောင်း စီမံကိန်းမှာဆိုရင် တမံအောက်ခြေမှရေစိမ့်စီးဆင်းမှုမရှိဖို့အတွက် ရေစိမ့်တားတမံ Diaphragm Wall ကို တမံအောက်ခြေမှာ သာမန်ထက်ပိုမိုပြီးထည့်သွင်းတည်ဆောက်ခဲ့ရပါတယ်။ အလျား ၆၄၈ ပေ၊ အကျယ် ၃.၃ ပေရှိပြီး၊ အနက် ၁၃၅ ပေအထိရှိတဲ့ Diaphragm Wall ကို အချိန်နဲ့ငွေကြေးများအကုန်အကျခံပြီးတည်ဆောက်ခဲ့ရပါတယ်။ ဒါ့အပြင် ရခိုင်ပြည်နယ်အတွင်းမှာရှိ တဲ့ တည်ဆောက်လျက်ရှိတဲ့ ရေအားလျှပ်စစ်စီမံကိန်းများတွင်ထည့်သွင်းတည်ဆောက်မယ့် ရေလွှဲဥမင် Diversion Tunnel ၊ ရေသွယ်ဥမင် Headrace Tunnel အစရှိသဖြင့် ဥမင်လိုဏ်များ ဖောက်လုပ်ရာမှာလည်း ဒေသ၏ဘူမိဗေဒအနေအထားကြောင့် အခက်အခဲများ၊ ကြန့်ကြာမှုများ များစွာတွေ့ကြုံရလျက်ရှိပါတယ်။ ဥပမာအားဖြင့် သူငွေးချောင်းစီမံကိန်းမှာ အချင်း ၃၃ပေ၊ အလျား ၂၃၂၆ ပေရှိတဲ့ ရေလွှဲဥမင်လိုဏ်အမှတ်(၁)နှင့် အချင်း ၃၃ပေ၊ အလျား ၁၈၇၅ ပေရှိတဲ့ ရေလွှဲဥမင်လိုဏ်အမှတ်(၂)တို့ကို စုစုပေါင်းဥမင်လိုဏ်အရှည် ၄၂၀၁ ပေဖောက်လုပ်လျက်ရှိပါတယ်။ ဒေသ၏ဘူမိဗေဒအခြေအနေဆိုးရွားမှုကြောင့် ဘူမိဗေဒနည်းပညာပိုင်းဆိုင်ရာနည်းပညာများနှင့် ဥမင်လိုဏ်ဖောက်ရတဲ့ တောင်တစ်ခုလုံးကိုပြုပြင်နေရပါတယ်။ တစ်နေ့ကို အလျားတစ်ပေခန့် ပြီးအောင် ခက်ခက်ခဲခဲကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ဥမင်လိုဏ်ဖောက်ပြီးရင်လည်း ခိုင်ခန့်မှု ရရှိဖို့အတွက် ဥမင်လိုဏ်နံရံများမှာ သံမဏိချောင်းများ၊ Rock Bolt များကို နံရံကျောက်သားများ အတွင်း အလျား၊ အနက်မြောက်မြားစွာဝင်အောင် သံမှိုစွဲသလိုရိုက်ထည့်ပြီးတော့ ထည့်သွင်း

ဆောင်ရွက်နေရပါတယ်။ ဆိုလိုသည်မှာ မြေကြီးတောင်ကို သံချောင်းနဲ့ ဘိလပ်မြေရောပြီးတော့ RC ကွန်ကရစ်တောင်ဖြစ်အောင် လုပ်ကိုင်ဆောင်ရွက်နေရတဲ့သဘောဖြစ်ပါတယ်။ စီမံကိန်းကုန်ကျစရိတ် အနေဖြင့်လည်း ဘူမိဗေဒအခြေအနေကောင်းသောနေရာများမှာတည်ဆောက်ရတာထက် ၁ မဂ္ဂါဝပ် အပေါ်မှာ ၂ ဆ သို့မဟုတ် ၂.၅ ဆ လောက် ပိုမိုကုန်ကျမှာဖြစ်ပါတယ်။ ယခု လွှတ်တော် ကိုယ်စားလှယ်ကြီး အဆိုပြုမေးမြန်းတဲ့ စိုင်းဒင်စီမံကိန်းဟာလည်း ဖော်ပြပါဘူမိဗေဒအနေအထား များကြောင့် အကောင်းဆုံးဖြစ်ရန်အတွက် စူးစမ်းလေ့လာခြင်းများ၊ ဒီဇိုင်းရေးဆွဲခြင်းများ အချိန်ယူ ဆောင်ရွက်လျက်ရှိပါတယ်။ စိုင်းဒင်စီမံကိန်းဟာ နွေအခါတွင် လျှပ်စစ်ဓာတ်အားပိုမိုရရှိမည့် စီမံကိန်းတစ်ခုဖြစ်ခြင်းကြောင့် တည်ဆောက်အကောင်အထည်ဖော်သင့်သော စီမံကိန်းတစ်ခုဖြစ်သည့် အပြင် ယခုအခါမှာ မိမိတို့အနေဖြင့်လည်း နိုင်ငံ၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသောလျှပ်စစ်ဓာတ်အားကို နိုင်ငံအတွင်းနေရာဒေသမရွေးရရှိနိုင်ရေးအတွက် အားသွန် ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး၏ အဆိုပြုချက် ဟာလည်း သင့်တင့်လျောက်ပတ်၍ ထောက်ခံသင့်သောအဆိုဖြစ်ပါကြောင်းပြောကြားလိုပါတယ်။

စီမံကိန်းနှင့်ပတ်သက်ပြီးတော့ ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလတွင် ဂျပန်နိုင်ငံ NEWJEC Inc မှ တင်ပြထားတဲ့စီမံကိန်း၏ ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာ Final Feasibility Study Report ကို ယခုအခါ ကျွန်တော်တို့ဝန်ကြီးဌာနမှ အသေးစိတ်သုံးသပ်စစ်ဆေးလျက်ရှိပါတယ်။ သုံးသပ် စစ်ဆေးရာမှာ စိုင်းဒင်စီမံကိန်းမှာတည်ဆောက်မယ့် တမံအမျိုးအစားကို မြေသားတမံ၊ ကျောက်ဖြည့်တမံ၊ ဇုန်အမျိုးအစားတမံ၊ ကွန်ကရစ်တမံ၊ မည်သည့်တမံအမျိုးအစားတည်ဆောက် ရမည်ကိုလည်း ဒေသအခြေအနေနှင့်ကိုက်ညီသော ဘူမိဗေဒအနေအထားပေါ်မူတည်ပြီး၊ စဉ်းစားပြီး အကောင်းဆုံးနှင့် အလိုက်ဖက်ဆုံးဖြစ်မယ့် တမံအမျိုးအစားကို ရွေးချယ်လျက်ရှိပါတယ်။ သဘာဝ ဘူမိဗေဒအနေအထားများအရ ကျောက်နုများစွာတည်ရှိဖြစ်ပေါ်နေတဲ့အတွက် အခြေခံအုတ်မြစ် Foundation ခိုင်မာမှုနည်းပါးသည်ကို စိစစ်တွေ့ရှိရတဲ့အတွက် တမံအမျိုးအစားသေချာအောင် ရွေးချယ်နေရခြင်းဖြစ်ပါတယ်။ ဒီဇိုင်းဆိုင်ရာကိစ္စများသေချာပြီးပါက စီမံကိန်းကို အမြန်ဆုံး ပြီးစီးအောင်ဆောင်ရွက်မည်ဖြစ်ပါတယ်။ ကျွန်တော်အထက်မှာဆွေးနွေးဖြေကြားတဲ့အတိုင်းပဲ စီမံကိန်း ဆိုင်ရာဆောင်ရွက်စရာရှိသည်များကို နည်းပညာပိုင်းဆိုင်ရာလစ်ဟာမှုမရှိအောင် သုံးသပ်ပြုစုပြီး စီမံကိန်းကို MOA စာချုပ်မှာသဘောတူညီထားသည့်အတိုင်း ဝန်ကြီးဌာနမှ အမြန်ဆုံးပြီးစီးအောင် တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းတင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုတင်သွင်းတဲ့ ဒေါက်တာစံလှိုင် ၊ တောင်ကုတ်မဲဆန္ဒနယ်က ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်း အလျင်အမြန် အကောင်အထည်ဖော်ပေးပါရန် အဆိုနဲ့ပတ်သက်ပြီးတော့ ကိုယ်စားလှယ်သုံးဦးဆွေးနွေးသွားပါတယ်။ ပြည်ထောင်စုအဆင့် ဝန်ကြီးကလည်း ဆွေးနွေးသွားပါတယ်။ ဆွေးနွေးသွားတဲ့အခါမှာ ဒီအဆိုဟာ ဆောင်ရွက်သင့်တဲ့ကိစ္စ၊ ဆောင်ရွက်ပေးရမယ့်ကိစ္စဖြစ်တဲ့အတွက် သင့်လျော်ပါကြောင်းတင်ပြသွားပါတယ်။ ဒါကြောင့်မို့လို့ ဒေါက်တာစံလှိုင်ကိုတော့ သဘောထားထပ်မေးစရာမလိုတဲ့ အဆိုပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်အနေနဲ့ ဒေါက်တာစံလှိုင် ၊ တောင်ကုတ်မဲဆန္ဒနယ်ရဲ့ ရခိုင်ပြည်နယ်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေး အတွက် စိုင်းဒင်ရေအားလျှပ်စစ်စီမံကိန်း အလျင်အမြန်အကောင်အထည်ဖော်ပေးပါရန်အဆိုနဲ့ ပတ်သက်ပြီးတော့ လွှတ်တော်ရဲ့သဘောထားရယူသွားမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုနဲ့ ပတ်သက်လို့ ဒေါက်တာစံလှိုင်ရဲ့အဆိုနဲ့ပတ်သက်လို့ လွှတ်တော်ကအတည်ပြုပါသလားခင်ဗျား။

**[**သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တောင်ကုတ် မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင်တင်သွင်းတဲ့ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုင်းဒင်ရေအား လျှပ်စစ်စီမံကိန်း အလျင်အမြန်အကောင်အထည်ဖော်ပေးပါရန်အဆိုအား အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးမျိုးဆွေ၊ တနိုင်းမဲဆန္ဒနယ်က တင်သွင်းထားတဲ့အဆိုနဲ့ ပတ်သက်ပြီးတော့ ဦးအေး၊ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။ ဦးအေးဟုမ္မလင်းမဲဆန္ဒနယ်အားအဆိုကို ထောက်ခံဆွေးနွေးပေးပါရန်ဖိတ်ကြားပါတယ်။

**ဦးအေး(ဟုမ္မလင်းမဲဆန္ဒနယ်)** ။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အဆိုရှင်တနိုင်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေရဲ့ မြေလွတ် ၊မြေရိုင်းများကို အမှန်တကယ်လုပ်ကိုင်လိုသူများ တရားမျှတစွာလုပ်ကိုင်ခွင့်ရနိုင်ရေးအတွက် လုပ်ကိုင်ခွင့်ရရှိရေး ဆိုတဲ့အဆိုကို ကျွန်တော်ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဟုမ္မလင်းမြို့နယ်မှာ ဧရိယာဧက ၂၇၀၇၀၀၀ ကျော်ရှိတဲ့အနက် တောရိုင်းမြေဧက ၇၀၀၀၀၀ ခန့်၊ လယ်ယာမြေ ၆၇၀၀၀ ကျော်၊ မြေလပ် ၁၅၀၀၀ ကျော်၊ စိုက်ပျိုးခြင်းမပြုနိုင်တဲ့မြေဧကက ၁၂၀၆၀၀၀ ကျော်လောက်

ရှိပါတယ်။ ဟုမ္မလင်းမြို့နယ်အတွင်း နှစ်ရှည်သီးနှံစိုက်ပျိုးဖို့လျှောက်ထားကြတာ အဲ့ဒီအထဲမှာ တောရိုင်းမြေတွေကိုပဲ လျှောက်ထားကြတာတွေ့ရှိရပါတယ်။ ဒေသခံပြည်သူများနဲ့ ရွှေလုပ်ငန်းရှင် အချို့ကဧက ၁၀၀၀၀၀ ခန့်လျှောက်ထားပါတယ်၊ ပြင်ပကုမ္ပဏီကြီးခြောက်ခုကကုမ္ပဏီတစ်ခုလျှင် ဧက ၅၀၀၀၀ နှုန်းနဲ့ဧက ၃၀၀၀၀၀ လျှောက်ထားခွင့်ပြုချက်ရယူထားတာကိုတွေ့ရှိရပါတယ်။ ဒေသခံပြည်သူများနဲ့ ရွှေလုပ်ငန်းရှင်များက ရာဘာစိုက်ဧက ၃၀၀၀ ကျော်စိုက်ပျိုးပြီးစီးခဲ့ပြီး ဖြစ်ပါတယ်။ ယခုပွင့်လင်းရာသီမှာ ဧက ၃၀၀ ကျော်အစေးခြစ်နိုင်တော့မှာဖြစ်ပါတယ်။ ကျန်တဲ့ ကုမ္ပဏီကြီးခြောက်ခုကတော့ ယနေ့အချိန်အထိမည့်သည့်လုပ်ငန်းမျှ ဆောင်ရွက်ထားခြင်းမရှိသေး ပါဘူး။ ကျွန်တော်တို့ဒေသခံပြည်သူများအနေနဲ့ ကုမ္ပဏီကြီးများရဲ့ရင်းနှီးမြှုပ်နှံမှုကို လှိုက်လှိုက် လှဲလှဲကြိုဆိုပါတယ်။ ဒေသအကျိုး၊ နိုင်ငံအကျိုး၊ မိမိအကျိုးစီးပွားဖြစ်ထွန်းအောင် ဆောင်ရွက်ကြဖို့ လိုပါတယ်။ ဒီလိုမှမဟုတ်ဘဲ တောရိုင်းမြေများကိုလက်ဦးမှုရအောင် လျှောက်ထားပြီးတော့ မိမိရဲ့ကိုယ်ကျိုးတစ်ခုထဲကိုကြည့်ကာ ဆောင်ရွက်ကြမယ်ဆိုရင်တော့ နိုင်ငံ့အကျိုး၊ ဒေသအကျိုး ကြည့်ပြီးတော့ ဆင်ဆင်ခြင်ခြင်လုပ်ဆောင်ကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။ မြို့နယ်အချို့မှာ တောရိုင်းမြေပေါ်က သစ်တွေသာထုတ်ယူသွားပြီး ကတိပြုထားတဲ့နှစ်ရှည်ပင်တွေကိုကျတော့ စိုက်ပျိုးမှုမပြုဘဲနဲ့ပစ်ထားခဲ့တာ၊ မြေတွေအလဟဿဖြစ်ခဲ့ကြတာ၊ လုပ်ပိုင်ခွင့်ပြန်ရုပ်သိမ်းကြတာ ကြားသိရတာအလွန်စိတ်မကောင်းစရာပါပဲ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့ရဲ့ အမိန့်ကြော်ငြာစာအမှတ် ၁/၉၁ အရ တစ်ကြိမ်လျှင် ဧက ၅၀၀၀ စိုက်ပျိုးလုပ်ကိုင်ရန် လေးနှစ်လေးဆင့်ခွဲပြီးဆောင်ရွက်ရန်။ ပထမနှစ် ၁၀ ရာခိုင်နှုန်း ဒုတိယ၊ တတိယ၊ စတုတ္ထနှစ်တွေမှာ ၃၀ရာခိုင်နှုန်းစီနဲ့ လေးနှစ်အတွင်းဧက ၅၀၀၀ စိုက်ပျိုးပြီးစီးရမှာဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်ဟာ ယခုအချိန်မှာ ရွှေတူးဖော်ရေးလုပ်ငန်းကိုပဲ အားပြုဆောင်ရွက်နေကြတာဖြစ်ပါတယ်။ ရွှေတူးဖော်မှုလုပ်ငန်းဟာ ရေရှည်ဆောင်ရွက်သင့်တဲ့ လုပ်ငန်းမဟုတ်ကြောင်းနဲ့ ရာဘာစိုက်ဧကတွေတိုးချဲ့ဆောင်ရွက်ဖို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ကလည်းပဲလမ်းညွှန်ထားခဲ့ပါတယ်။ ရေရှည်မှာကျွန်တော်တို့ရဲ့ မြေသယံဇာတတွေကို ရာဘာ စိုက်ပျိုးမှုနဲ့အစားထိုးနိုင်မှ ဒေသခံပြည်သူတွေအတွက် ရေရှည်အာမခံချက်ရရှိမှာဖြစ်ပါတယ်။ ဒါမှလည်း ခိုင်မာတဲ့ဒေသထွက်ကုန်အမယ်သစ်ပေါ်ထွက်လာမှာဖြစ်ပါတယ်။ ကုမ္ပဏီကြီးတွေက လျှောက်ထားတဲ့မြေကွက်တွေကို စံပြလုပ်ဆောင်ပြကြပါ။ အဲဒီအခါ ဒေသခံပြည်သူတွေကလည်းပဲ ခိုင်မာပြီးစီးပွားဖြစ်ထွန်းတဲ့လုပ်ငန်းဖြစ်မှန်းသိလာလျှင် နောက်ကလိုက်ပြီးဆောင်ရွက်ကြပါလိမ့်မယ်။ ဒီလိုမှမဟုတ်ဘဲ ဒီတောရိုင်းမြေတွေအပေါ်မှာ လွဲမှားတဲ့ဝိသမလောဘစိတ်ကူး အကြံအစည်တွေ

ရှိနေမယ်ဆိုရင်တော့ နိုင်ငံ့အကျိုး၊ ဒေသအကျိုးရှေ့ရှုပြီး ဒီလုပ်ကွက်တွေကိုနိုင်ငံတော်ကို ပြန်အပ်ကြဖို့လိုပါလိမ့်မယ်။ ဒါမှလည်း နိုင်ငံတော်ကနိုင်ငံ့အကျိုးအတွက် စီမံခန့်ခွဲပေးနိုင်မှာဖြစ်ပါတယ်။ ဒီအချက်ဟာ၊ အဆိုရှင် တနိုင်းပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နဲ့ ကျွန်တော့်ဆန္ဒတူညီတဲ့အတွက်၊ ဦးမျိုးဆွေရဲ့အဆိုကို ထောက်ခံပါကြောင်းဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ဦး၊ မုံရွာမဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ဦး(မုံရွာမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားလို့တက်ရောက်ပြီးတော့လာကြတဲ့ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်ဂါရဝပြုပါတယ်။ ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမဲဆန္ဒနယ်က ဦးခင်မောင်ဦးဖြစ်ပါတယ်။ ဒီနေ့ တနိုင်းမဲဆန္ဒနယ်က ဦးမျိုးဆွေတင်သွင်းတဲ့ မြေလွတ်မြေရိုင်းများအား အမှန်တကယ်လုပ်ကိုင်လိုသူများ တရားမျှတစွာ လုပ်ကိုင်ခွင့်ရရေးအဆိုကို ကျွန်တော်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အဆိုရှင်က အဆိုနဲ့ပတ်သက်ပြီးတော့ ၁၉၉၇ ခုနှစ်ကစပြီး ကချင်ပြည်နယ်အတွင်းမှာ မြေလွတ်၊ မြေရိုင်းလုပ်ပိုင်ခွင့်ချထားတဲ့ ဧကပေါင်း ၁၃၀၈၉၉၅ ဧက၊ ခန့်မှန်းခြေအားဖြင့်ပြောရရင် ၁ သန်းနှင့် ၄ သိန်းပဲ ကျွန်တော်တို့ထားကြပါစို့။ အဲဒီ ၁ သန်း ၄ သိန်းလောက်ရှိတဲ့ မြေလွတ်၊ မြေရိုင်းတွေကို နှစ်ရှည်ပင်စိုက်ဖို့၊ အခါအားလျော်စွာ ရာသီပင်စိုက်ဖို့စသည်အားဖြင့်အကြောင်းပြပြီးတော့ နိုင်ငံတော်ကလုပ်ပိုင်ခွင့်တွေ ရယူထားကြခြင်းဖြစ်ပါတယ်။ အဆိုရှင်ကတော့ ဆက်လက်တင်ပြတဲ့အခါမှာ ၂၀၁၁ ခုနှစ်ထိ ဒီမြေလွတ်၊ မြေရိုင်းတွေရဲ့ ပြင်ဆင်ပြီးတော့စိုက်ပျိုးထားတဲ့ဧကဟာ ၁ သိန်းနဲ့ ၄သောင်း လောက်ပဲ ရှိတယ်ဆိုတာကို လေ့လာပြီးတော့တွေ့ရှိရပါတယ်။ အဆိုရှင်ရဲ့ တင်ပြချက်အရ သုံးသပ်လိုက်တဲ့အခါမှာ ၁၉၉၇ ခုနှစ်ကနေပြီးတော့ ၂၀၁၁ ခုနှစ်ထိ ကာလအားဖြင့် ၁၄ နှစ်ခန့်ကြာခဲ့ပါတယ်။ လုပ်ငန်းတိုးတက်မှုကို သုံးသပ်လိုက်တဲ့အခါကျတော့ မြေလွတ်မြေရိုင်းများရရှိထားတဲ့ ပုဂ္ဂိုလ်တွေအားလုံးဟာ ကုမ္ပဏီများ၊ ဒေသခံပြည်သူများ၊ အားလုံးပေါင်း ၇၀၀ ကျော်ကရယူထားပြီးဖြစ်ပါတယ်။ ဖြစ်တဲ့ကိစ္စမှာ ၁၄ နှစ်ကြာမှ ၁၄ နှစ်ကာလတိုင်တိုင်ဆောင်ရွက်ခဲ့ကြတာ ဒီကနေ့အထိ ၁၀ ရာခိုင်နှုန်းလောက်ပဲပြီးတယ်လို့တွက်ချက်ပြီးတော့သိရှိရပါတယ်။ လုပ်ငန်းအားလုံးရဲ့ ၁၀ ရာခိုင်နှုန်းလောက်ကို ၁၄ နှစ်လုပ်ခဲ့ရင် ပျမ်းမျှခြင်းအားဖြင့် တစ်နှစ်မှာ ၀.၇၁ ရာခိုင်နှုန်းလောက်ပဲပြီးပါတယ်။ တစ်နှစ်လုံးလုပ်တာတောင် ၁ ရာခိုင်နှုန်းတောင်မပြီးတဲ့လုပ်ငန်းဟာ နိုင်ငံတော်ကိုအကျိုးပြုသည်၊ ပြည်သူကိုအကျိုးပြုသည် ရှိ၊ မရှိ သုံးသပ်နိုင်ဖို့အတွက် ကျွန်တော်တို့စဉ်းစားဖို့လိုပါလိမ့်မယ်။ အဲတော့ လုပ်ငန်း

ပမာဏကနေးကွေးခြင်း၊ ဖြစ်သင့်တဲ့အချိန်မှာဖြစ်သင့်သလောက်၊ တိုးတက်သင့်တဲ့အချိန်မှာ တိုးတက်သင့်သလောက်မဖြစ်လာတာကို ကျွန်တော်တို့စစ်ကိုင်းတိုင်းက ရှေ့က ဦးအေးကလည်း သေသေချာချာဆွေးနွေးတင်ပြသွားပြီး ထောက်ခံဆွေးနွေးသွားပြီးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေရာမှာ အဲဒီလောက်နှေးကွေးပြီးတော့နေတဲ့ကိစ္စကို သုံးသပ်လိုက်တဲ့အခါမှာ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဟာ စိုက်ပျိုးရေးကရရှိတဲ့ငွေနဲ့ စီးပွားရေးအဆင်ပြေအောင် တည်ဆောက်နေတဲ့ကာလ ဖြစ်ပါတယ်။ အခါအားလျော်စွာ ဒီလိုလွှတ်တော်ကျင်းပစဉ်ကာလမှာ Production ဘယ်လောက်အရေးကြီးတယ်ဆိုတာကို ပြောသွားတာကျွန်တော်မှတ်သားလိုက်ရပါတယ်။ နိုင်ငံတော်ရဲ့ GDP သို့မဟုတ် စီးပွားရေးတိုးတက်ဖို့အတွက် Production ဆိုတဲ့ထုတ်လုပ်မှုကဏ္ဍ၊ Service ဆိုတဲ့ ဝန်ဆောင်မှုကဏ္ဍ၊ Trade ဆိုတဲ့ ကူးသန်းရောင်းဝယ်မှုကဏ္ဍ သုံးခုဟာ ချိန်းကြိုးများ ဆက်ထားသလိုပဲလည်ပတ်နိုင်မှ နိုင်ငံတော်ရဲ့စီးပွားရေး၊ ပြည်သူတွေရဲ့စီးပွားရေး ပြေလည်မယ်၊ တောင့်တင်းလာမယ်ဆိုတာကို ပြောသွားတာကို ကျွန်တော်မှတ်သားခဲ့ရပါတယ်။ အဲဒီတော့ ဥက္ကဋ္ဌကြီးကလည်း ဒါ့ကြောင့် Production ဟာ အရေးကြီးဆုံးနေရာကနေ ရှေ့ဆုံးကနေပြီးတော့ ထုတ်လုပ်မှုကဏ္ဍဟာ အင်မတန်အရေးကြီးတဲ့အကြောင်း ကျွန်တော်တို့ကြားလည်းကြားခဲ့ရပါတယ်။ သိလည်းသိခဲ့ရပါတယ်။ ဒါကလည်း အမှန်တရားလည်းဖြစ်နေတဲ့အတွက် ဒါဟာ အရေးကြီးတဲ့ ကဏ္ဍအဖြစ် ထည့်သွင်းစဉ်းစားဖို့သင့်တယ်။ ပြီးတော့ Production ရလာအောင် စိုက်ပျိုးရေးနဲ့ လုပ်ဆောင်တဲ့အခါမှာ မြေလွတ်၊ မြေရိုင်းဖော်တဲ့ပုဂ္ဂိုလ်တွေဟာ နိုင်ငံတော်ကိုစေတနာထားပြီး ဆောင်ရွက်သောပုဂ္ဂိုလ်တွေဆိုတာ ကျွန်တော်တို့ယုံမှားသံသယမရှိပါဘူး။ သို့သော်လည်း ဝန်နဲ့အား လေးနဲ့မြှား အမှန်တကယ်မိမိတတ်နိုင်တာကိုတာဝန်ယူဖို့သင့်ပါတယ်။ မတတ်နိုင်တဲ့ အခါမှာလည်း ရိုးရှင်းစွာနဲ့ ဒီကိစ္စတွေဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာကို ပြန်လည်သုံးသပ်ကြဖို့သင့်ပါတယ်။ အဲတော့ စောစောက ဦးအေးလည်းတင်ပြသွားတဲ့အတိုင်း ဥပဒေမှာလည်းပြဋ္ဌာန်းပြီးသားရှိတယ်လို့ သိရပါတယ်။

အဲဒီတော့ အချိန်ကာလတစ်ခုအတွင်းမှာ ဘယ်လောက်မပြီးလို့ရှိရင် ပြန်လည်ပြီးတော့စီမံ ခန့်ခွဲခွင့်ရှိတယ်ဆိုတဲ့ လုပ်ထုံးလုပ်နည်းကိုကျင့်သုံးဖို့သင့်၊ မသင့် ကျွန်တော်တို့အားလုံး ရိုးရိုးသားသား နဲ့စဉ်းစားဖို့အချိန်ရောက်နေပါပြီ။ ဒီကနေ့လည်း စီးပွားရေးကော်မတီတွေ၊ နိုင်ငံခြားရေးကော်မတီတွေ၊ လယ်ယာနဲ့အလုပ်သမားကော်မတီစသည်အားဖြင့် ကျွန်တော်တို့လွှတ်တော်ကြီးမှာ ဖွဲ့စည်းထားတဲ့ ပုဂ္ဂိုလ်တွေအသီးသီး ဒီမှာတာဝန်ထမ်းဖို့အဆင်သင့်ဖြစ်နေကြပါပြီ။ ဒီတော့ ဒီကိစ္စရပ်တွေကို

ဆောင်ရွက်တဲ့အခါမှာ လက်ရှိအခြေအနေမှာအကျိုးရှိအောင် ဘယ်လိုလုပ်ကြမယ်ဆိုတာကို ကျွန်တော်တို့ပူးပေါင်းပြီးတော့ စစ်ဆေးသင့်တဲ့ပုဂ္ဂိုလ်ကစစ်ဆေးလို့ ဒီဥပဒေနဲ့မညီတဲ့အကြောင်းအရာတွေများရှိခဲ့မယ်ဆိုရင် ဥပဒေနဲ့ညီအောင်ဆောင်ရွက်ပြီးတော့မှ ပြည်သူ့အကျိုးကိုထမ်းဆောင်သွားကြမယ်ဆိုရင် နိုင်ငံတော်အတွက်ရော ကျွန်တော်တို့လွှတ်တော်ရဲ့အတွက်ရော၊ အားလုံးအတွက် သိက္ခာလည်းရှိပါမယ်။ လုပ်ငန်းတွေလည်းပြီးစီးပြီးတော့ အစစအရာရာနိုင်ငံတော်က ဆင်းရဲမွဲတေမှုလျှော့ချရေး၊ လုပ်သားပြည်သူတောင်သူလယ်သမားအားလုံးရဲ့ အကြောင်းအကျိုး၊ လူမှုကိစ္စရပ်များကို ထမ်းဆောင်ရင်းစသည်အားဖြင့် ပြီးမြောက်နိုင်မှာဖြစ်တဲ့အတွက် ဒီကနေ့ ကချင်ပြည်နယ်၊ တနိုင်းမဲဆန္ဒနယ်က ဦးမျိုးဆွေရဲ့အဆိုကို ကျွန်တော်ထောက်ခံဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးထွန်းသိန်း၊ မံစီမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း(မံစီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ မံစီမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေတင်သွင်းသွားတဲ့ မြေလွတ်၊ မြေရိုင်းများအမှန်တကယ်လုပ်ကိုင်လိုသူများ တရားမျှတစွာလုပ်ကိုင်နိုင်ခွင့်ရှိရေးဆိုတဲ့အဆိုကို ထောက်ခံဆွေးနွေးလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကချင်ပြည်နယ်ဟာ မြန်မာနိုင်ငံမြောက်ဖျားဒေသမှာ ရှိသော်ငြားလည်း ရေခံမြေခံကောင်းများ၊ တောတောင်စိမ့်စမ်းများ၊ မြေဆီ၊ မြေနှစ်များပြည့်ဝတဲ့ နယ်မြေဒေသတစ်ခုလည်းဖြစ်ပါတယ်။ ဒါ့အပြင် မြေလွတ်၊ မြေရိုင်း၊ မြေလပ်များ ပေါကြွယ်ဝလျက်လည်းရှိပါတယ်။ ယခုအခါ အဆိုပါ မြေလွတ်၊ မြေရိုင်းများကိုဖော်ထုတ်ပြီး ဒေသခံတိုင်းရင်းသားလုပ်ငန်းရှင်များနဲ့ ပုဂ္ဂလိကကုမ္ပဏီအဖွဲ့အစည်းများက စပါး၊ သီးနှံအပါအဝင်နှစ်ရှည်ပင်များဖြစ်ကြတဲ့ ကျွန်း၊ ရာဘာ အစရှိသည့်အပင်များကိုစိုက်ပျိုးနေကြပါတယ်။ ဒီနေရာမှာ အချို့ကုမ္ပဏီများနဲ့ လုပ်ငန်းရှင်များက မြေလွတ်၊ မြေရိုင်းများကို တာဝန်ရှိအဖွဲ့အစည်းထံသို့လျှောက်ထားပြီး ဧကမြောက်မြားစွာရရှိအောင် ယူထားကြသော်လည်း ၎င်းနေရာအတော်များများတွင် ဒီနေ့အချိန်အထိ စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသည်ကိုလေ့လာတွေ့ရှိရပါတယ်။ အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်ကြမယ့် ဒေသခံတိုင်းရင်းသား

လုပ်ငန်းရှင်များကတော့ မြေလွတ်၊ မြေရိုင်းရရှိရေးအတွက် အခက်အခဲအထိုက်အလျောက်ကြုံတွေ့နေကြရပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလမှာ ထုတ်ပြန်ခဲ့သော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏တာဝန်များနှင့် လုပ်ပိုင်ခွင့်များ၊ မြေယာလုပ်ပိုင်ခွင့်၊ အသုံးပြုပေးရန် လုပ်ထုံးလုပ်နည်းများဆိုတဲ့ စာအုပ်ပါအချက်အလက်များအား ထောက်ထား၍ တနိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေတင်သွင်းသွားသော မြေလွတ်၊ မြေရိုင်းများအား အမှန်တကယ်လုပ်ကိုင်လိုသူများကို ညီညွတ်မျှတစွာလုပ်ကိုင်ခွင့်ရရှိရေး ဆိုတဲ့အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးရဲထွန်း၊ သီပေါမဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးရဲထွန်း(ခ)ဦးမင်းထွန်း(သီပေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနဲ့ ပြည်ထောင်စုဝန်ကြီးများခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သီပေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း(ခ)ဦးမင်းထွန်း ဖြစ်ပါတယ်။ တနိုင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေ မနေ့ကတင်သွင်းတဲ့ မြေလွတ်၊ မြေရိုင်းများအား အမှန်တကယ်လုပ်ကိုင်လိုသူများ တရားမျှတစွာလုပ်ကိုင်ခွင့်ရရှိရေး အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာယနေ့အချိန်အထိ မြေလွတ်၊ မြေရိုင်း ဧရိယာများစွာကျန်ရှိနေသေးပြီး ပြည်သူလူထုအလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် စေတနာနဲ့ နိုင်ငံတော်ကိုပေးသွင်းရန် အာမခံကြေးငွေကို တစ်ဧကလျှင် ကျပ် ၁၀၀ သာ သတ်မှတ်ခွင့်ပြုထားတာကို အခွင့်အရေးချောင်းနေတဲ့သူများက လက်တွေ့စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိဘဲ မြေဧကများစွာရယူထားကြခြင်းကြောင့် အမှန်တကယ်လုပ်ကိုင်လိုသူလက်လုပ်လက်စားပြည်သူများ၊ ကုမ္ပဏီကြီးများအတွက် အခြေအနေမပေးတော့တာကြောင့် ပြည်သူလူထုများမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ ဆုံးရှုံးနေတာကိုတွေ့ရှိနေရကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဦးမြင့်လှိုင်က အမျိုးသားလွှတ်တော်မှာ ပဲခူးတိုင်းဒေသကြီး၊ အမှတ်(၁၀)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်းရဲ့အဆိုကို ပြန်လည်ရှင်းလင်းဖြေကြားရာမှာ ပြောကြားသွားလို့ ကျွန်တော်တို့အားလုံးသိရှိကြပြီးဖြစ်ပါတယ်။ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးပါတီရဲ့ ရွေးကောက်ပွဲမဲဆွယ်စာတမ်းအရသိရတဲ့ တောင်သူလယ်သမားများနဲ့ပတ်သက်တဲ့ပေါ်လစီကလည်း လယ်လုပ်

သူတိုင်း လယ်လုပ်ပိုင်ခွင့်ရှိရေးပဲဖြစ်ပါတယ်။ ဒီအဓိပ္ပါယ်အရ လယ်မလုပ်တဲ့သူလယ်လုပ်ပိုင်ခွင့် မရှိရေးလို့ဆိုရမှာဖြစ်ပါတယ်။ လက်ရှိတည်ဆဲမြေယာဥပဒေများအရလည်း လယ်ယာကိုကိုယ်တိုင် လုပ်ကိုင်ခြင်းမရှိဘဲအငှားချထားသူများနဲ့ လုပ်ပိုင်ခွင့်ရလယ်ယာကိုမစိုက်ပျိုးဘဲ ချန်လှပ်ထားသူများ ထံက လုပ်ပိုင်ခွင့်ကိုပြန်လည်ရုပ်သိမ်းနိုင်တယ်လို့သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးပါတီရဲ့ လယ်လုပ်သူတိုင်းလယ်လုပ် ပိုင်ခွင့်ရှိရေးဆိုတဲ့ လယ်ယာမြေပေါ်လစီဟာ လယ်ယာကိုကိုယ်တိုင်ကာယလုပ်အား စိုက်ထုတ် လုပ်ကိုင်သူများကိုရော၊ အရင်းအနှီးစိုက်ထုတ်ပြီး ကိုယ်တိုင်ကြီးကြပ်လုပ်ကိုင်တဲ့ မြေယာလုပ်ငန်းရှင်ကြီး များကိုပါ အကာအကွယ်ပေးထားတာကြောင့် ကျွန်တော်တို့တိုင်းပြည် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နဲ့ ပြည်သူလူထုအတွက် အလုပ်အကိုင်များဖန်တီးရေးမှာ ကြီးစွာသောမျှော်လင့်ချက်များထားနိုင်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် ၂၀-၉-၂၀၁၁ ရက်နေ့က ပြည်သူ့လွှတ်တော်ကအတည်ပြုခဲ့တဲ့ ၂၀၁၁ ခုနှစ် ၊ လယ်ယာမြေဥပဒေကြမ်း အခန်း(၃)၊ ပုဒ်မ ၄ ၊ အပိုဒ်ခွဲ(ခ)မှာ ပြဋ္ဌာန်းထားချက်အရ လယ်ယာမြေ လုပ်ပိုင်ခွင့်ရသူတစ်စုံတစ်ဦးဟာ အဆိုပါလယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ လုပ်ပိုင်ခွင့်အား အငှားချထားခြင်းကိုခွင့်ပြုထားတာတွေ့ရှိရပါတယ်။ ကိုယ်တိုင်မလုပ်ကိုင်ဘဲ အားလုံးကိုအငှားချထားမှတော့ တောင်သူလယ်သမားလို့လည်း အမည်ခံလို့ရနိုင်တော့မှာမဟုတ်ပါ။ လယ်မလုပ်သူလယ်လုပ်ပိုင်ခွင့်မရှိလို့ဖြစ်သင့်ပါတယ်။ ဒါပေမယ့်အဆိုပါ ဥပဒေကြမ်းရဲ့ အခန်း(၇) စည်းကမ်းချက်များကိုလိုက်နာရန်ပျက်ကွက်၍ အရေးယူခြင်း၊ တစ်နည်းအားဖြင့်ပြောရရင် စည်းကမ်း များကိုမလိုက်နာလို့ လုပ်ပိုင်ခွင့်ကိုပြန်လည်ရုပ်သိမ်းမယ်လို့ဆိုတဲ့ ပုဒ်မ ၁၈ က ညွှန်းဆိုထားတဲ့ ပုဒ်မ ၇ နဲ့ ၉ တို့မှာ လယ်ယာမြေကိုကိုယ်တိုင်မလုပ်ကိုင်ဘဲ မိမိရဲ့လုပ်ပိုင်ခွင့်ကိုသူတစ်ပါးကို အငှားချထားတဲ့ ကိစ္စကို စည်းကမ်းချိုးဖောက်မှုတစ်ခုအနေနဲ့ သတ်မှတ်ဖော်ပြထားတာမတွေ့ရပါ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအချက်ကို ကျွန်တော့်အနေနဲ့ အလေးအနက် ထောက်ပြနေရတဲ့အကြောင်းကတော့ ၂၀ ရက်နေ့က ကျွန်တော်တို့ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက် အချို့နဲ့အတည်ပြုခဲ့တဲ့ ၂၀၁၁ ခုနှစ်၊ လယ်ယာမြေဥပဒေကြမ်း အသက်ဝင်လာမယ်ဆိုရင် မြေယာ များကို လက်ဦးမှုရှိရှိလုပ်ပိုင်ခွင့်ရယူထားကာ ကိုယ်တိုင်မလုပ်ကိုင်ဘဲတစ်ဆင့်အငှားချစားတဲ့သူများ ဟာ တရားဥပဒေရဲ့အကာအကွယ်ကိုရရှိလာတော့မှာဖြစ်ပါတယ်။ မြေလွတ်၊ မြေရိုင်းဇကေ ထောင်ချီပြီး လုပ်ပိုင်ခွင့်ရထားသူက ဇကေဆယ်အချို့သာကိုယ်တိုင်လုပ်ကိုင်ကာ လယ်သမားလို့အမည်ခံပြီး ကျန်တဲ့ မြေယာအစိတ်အပိုင်းများကို တောင်သူလယ်သမားများထံ အငှားချထားခြင်းအားဖြင့်လည်း

အဆိုပါဥပဒေရဲ့အကာအကွယ်ကို ရယူအသုံးချသွားနိုင်တာဖြစ်ပါတယ်။ ၎င်းလုပ်ပိုင်ခွင့်များကို ပြန်လည်ရုပ်သိမ်းခွင့်ရှိတော့မှာမဟုတ်တဲ့အတွက် စိုက်ပျိုးရေးကိုတကယ်လုပ်ကိုင်မယ့် လုပ်ငန်းရှင်ကြီးများနဲ့ တစ်ပိုင်တစ်နိုင်လုပ်ကိုင်မယ့် တောင်သူလယ်သမားများအဖို့မှာတော့ များစွာအခက်အခဲတွေ့ကြရမှာဖြစ်ပါတယ်။ မိမိလုပ်ပိုင်ခွင့်ရ လယ်ယာမြေ သို့မဟုတ် မြေလွတ်၊ မြေရိုင်းကို ကိုယ်တိုင်မလုပ်ကိုင်ဘဲ အငှားချထားအသက်မွေးဝမ်းကျောင်းပြုခြင်းသည်လည်း လယ်ယာမြေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အတားအဆီးတစ်ရပ်ဖြစ်လို့ မြေယာကိုမစိုက်ပျိုးဘဲချန်လှပ်ထားခြင်းကဲ့သို့ မလိုလားအပ်တဲ့ကိစ္စတစ်ရပ်ဖြစ်တယ်လို့ ကျွန်တော်တို့နားလည်ထားပါတယ်။ ကမ္ဘာ့နိုင်ငံအတော်များများမှာ လယ်ယာမြေများကိုလုပ်ပိုင်ခွင့်ရှိသူကလူနည်းစု လက်တစ်ဆုပ်စာလယ်မဲ့၊ ယာမဲ့များကတော့ လယ်သမားသန်းပေါင်းများစွာဖြစ်နေကြလို့ လယ်ယာမြေပြန်လည်ဝေခြမ်းရေးတွေ လုပ်ခဲ့ကြရတယ်မဟုတ်ပါလား။ ၁၉၄၆ ခုနှစ်က ဂျပန်နိုင်ငံမှာ၊ ၁၉၄၇ ခုနှစ်က ဂျာမနီနိုင်ငံမှာ၊ ၁၉၄၈ ခုနှစ်က ကိုရီးယားနိုင်ငံမှာ၊ ၁၉၅၁ ခုနှစ်က ထိုင်ဝမ်နဲ့တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ၊ ၁၉၅၆ ခုနှစ်က အီဂျစ်နိုင်ငံမှာနဲ့ ၁၉၈၄ ခုနှစ်က ဟာဝိုင်အီတို့မှာ Land Reform လို့ခေါ်တဲ့ မြေယာပြန်လည်ဝေခြမ်းရေးတွေလုပ်ခဲ့ကြရပြီး လယ်ယာမြေဥပဒေအသစ်တွေလည်းပြန်လည်ရေးဆွဲခဲ့ကြရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျွန်တော်တို့နိုင်ငံမှာလည်း မြေယာကဏ္ဍမှာဒီလိုအခက်အခဲတွေရှိနေတာကိုသိမြင်ထားတဲ့ နိုင်ငံတော်သမ္မတက ခေတ်နဲ့အညီလိုက်လျောညီထွေပြုပြင်နိုင်ရန် ၁၂-၂-၂၀၁၁ ရက်နေ့စွဲပါအမိန့်ကြော်ငြာစာအမှတ် ၆၇/၂၀၁၁ ဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲရေးဗဟိုကော်မတီအသစ်ကိုဖွဲ့စည်းတာဝန်ပေးထားပြီး ခေတ်နဲ့အညီစီမံခန့်ခွဲဆောင်ရွက်နိုင်ရန်၊ လိုက်လျောညီထွေဖြစ်မယ့်ဥပဒေ၊ လုပ်ထုံးလုပ်နည်းအသစ်ရေးဆွဲပြုစုပြီး မူကြမ်းအဆင့်ဆင့်ပြုစုဆောင်ရွက်လျက် လွှတ်တော်သို့တင်ပြအတည်ပြုချက်ရယူသွားမှာဖြစ်တဲ့အကြောင်းကိုလည်း ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်ရဲ့ အမျိုးသားလွှတ်တော်မှာပြောကြားချက်အရ ကျွန်တော်တို့သိရှိကြပြီးဖြစ်ပါတယ်။ ဒီလို ဥပဒေ၊ နည်းဥပဒေကြမ်းတွေပြုစုတဲ့အခါမှာ ကျွန်တော်တို့ယခုတင်ပြခဲ့တဲ့အချက်အလက်များကို တောင်သူလယ်သမားများအကျိုးအတွက် ထည့်သွင်းစဥ်းစားပေးဖို့တောင်းဆိုရင်းနဲ့ ပြည်သူ့လွှတ်တော်မှာတနိုင်းမဲဆန္ဒနယ်၊ လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေတင်ပြခဲ့တဲ့ မြေလွတ်၊ မြေရိုင်းများအား အမှန်တကယ်လုပ်ကိုင်လိုသူများ တရားမျှတစွာလုပ်ကိုင်ခွင့်ရရှိရေးအဆိုကို အလေးအနက်ထောက်ခံကြောင်းတင်ပြရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုနဲ့စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကချင်ပြည်နယ်၊ တနိုင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေက မြေလွတ်၊ မြေရိုင်းများအား အမှန်တကယ်လုပ်ကိုင်လိုသူများ တရားမျှတစွာလုပ်ကိုင်ခွင့်ရရှိရေးအဆိုပြုချက်နဲ့ ပတ်သက်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး၏ကိုယ်စား ကျွန်တော် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက အကျဉ်းချုပ်ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇ (က)အရ နိုင်ငံတော်သည်နိုင်ငံတော်ရှိမြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတပစ္စည်းအားလုံး၏ပင်ရင်းပိုင်ရှင်ဖြစ်သည်ဟု ပြဋ္ဌာန်းထားရှိပါတယ်။ နိုင်ငံတော်ပိုင်မြေသယံဇာတ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိုအသုံးပြု၍ စီးပွားဖြစ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ယင်းနှင့်ဆက်နွယ်လျက်ရှိသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလုပ်ငန်းများကိုလုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့ကို ၁၃-၁၁-၁၉၉၁ ခုနှစ်၊ အမိန့်ကြော်ငြာစာအမှတ် ၄/၉၁ ဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ယင်းအဖွဲ့မှလုပ်ထုံးလုပ်နည်းများနှင့်အညီ မြေယာလုပ်ကိုင်အသုံးပြုခွင့်များကိုစိစစ်ခွင့်ပြုချထားပေးခဲ့ပါတယ်။ မြေလွတ်၊ မြေလပ် မြေရိုင်းများစိုက်ပျိုးလုပ်ကိုင်လုပ်ကိုင်အသုံးပြုခွင့်လျှောက်ထားမှုများကို ယခင်က ပြည်နယ်၊ တိုင်းဒေသကြီးအထောက်အကူအဖွဲ့များရဲ့ စိစစ်ထောက်ခံတင်ပြမှုများအပေါ် ဗဟိုအဖွဲ့က စိစစ်လုပ်ကိုင်ခွင့်ပြုခဲ့ရာမှာ လုပ်ကိုင်ခွင့်ရသူများအနေဖြင့် လုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်စည်းကမ်းချက်များတွင် ဖော်ပြထားသည့်အတိုင်း စတင်ခွင့်ပြုသည့်နှစ်မှစ၍ တစ်ကြိမ်လျှင်ဧက ၅၀၀၀ သတ်မှတ်၍ ယင်းဧက ၅၀၀၀ စိုက်ပြီးပါက နောက်ထပ် ၅၀၀၀ ဧကစီဖြင့် ဧက ၅၀၀၀၀ အထိ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုချက်ဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်ဟု အမိန့်ကြော်ငြာစာအပိုဒ် ၃(က)၌ ဖော်ပြထားပါသည်။ ၄ နှစ်တာကာလအတွင်း လုပ်ငန်းအားလုံးရာနှုန်းပြည့် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးရမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏အဆိုပြုတင်ပြစာမှာ ဖော်ပြထားတဲ့ ကချင်ပြည်နယ်အတွင်း မြေလွတ်၊ မြေရိုင်းစိုက်ပျိုးလုပ်ကိုင်ရန် ကုမ္ပဏီလုပ်ငန်းရှင်များ ၇၅၂ ကွက်က မြေဧရိယာ ၁၃၈၉၉၀၅ ဧကရယူ၍ ၁၄၂၈၆၆ ဧကကို စပါး၊ ပီလောပီနံ၊ ရာဘာနှင့်

အခြားနှစ်ရှည်ပင်များကိုစိုက်ပျိုးနိုင်ပြီး ၁၂၄၇၀၃၉ ဧက စိုက်ပျိုးရန်ကျန်ရှိနေကြောင်း တင်ပြထားတာကိုတွေ့ရှိရပါတယ်။ ယခုလက်ရှိကာလအထိ ကချင်ပြည်နယ်တစ်ခုလုံးမှာ မြေလွတ်၊ မြေရိုင်းခွင့်ပြုစိုက်ပျိုးလုပ်ကိုင်မှုပြန်လည်စိစစ်ရာတွင် ကုမ္ပဏီလုပ်ငန်းရှင် ၈၄၅ ဖွဲ့တို့က မြေဧရိယာ ၁၃၇၅၇၅၅ ဧက ရယူထားကြ၍ ၁၃၁၉၀၀ ဧကကို စိုက်ပျိုးနိုင်ခဲ့သဖြင့် ၁၂၄၃၈၅၅ ဧက စိုက်ပျိုးလုပ်ကိုင်နိုင်ခြင်းမရှိသေးကြောင်း စိစစ်တွေ့ရှိရပါတယ်။ နိုင်ငံတော်၏မြေလွတ်၊ မြေရိုင်းမြေသယံဇာတများကို အကျိုးရှိစွာဖော်ထုတ်အသုံးချရန်စီမံဆောင်ရွက်ကြရာမှာ မြေယာလုပ်ကိုင်ခွင့်ရယူထားပြီး အမှန်တကယ်ဖော်ထုတ်စိုက်ပျိုးခြင်းမရှိသေးသည့်မြေများကို အမှန်တကယ်လုပ်ကိုင်မည့်သူများသို့လုပ်ကိုင်ခွင့်ချထားပေးပြီး ဖော်ထုတ်စိုက်ပျိုးလုပ်ကိုင်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိမည့်အပြင် သီးနှံစိုက်ပျိုးထုတ်လုပ်မှုလည်း တိုးတက်လာနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ယခုကဲ့သို့မြေရယူထားပြီး စိုက်ပျိုးလုပ်ကိုင်ခြင်းမရှိသေးတဲ့မြေများအပါအဝင် နိုင်ငံတော်ပိုင်မြေသယံဇာတများကို ထိရောက်မှန်ကန်စွာအကျိုးရှိရှိအသုံးချစီမံဆောင်ရွက်သွားနိုင်ရန် နိုင်ငံတော်သမ္မတရုံး၏ ၁၂-၇-၂၀၁၁ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၆၇/၂၀၁၁ ဖြင့် ယခင်ကဖွဲ့စည်းထားခဲ့တဲ့ ဗဟိုအဖွဲ့ကိုပယ်ဖျက်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ပါတယ်။ ဗဟိုကော်မတီအနေနဲ့ မိမိတို့ရဲ့တာဝန်နဲ့ လုပ်ပိုင်ခွင့်များအရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့်ပေးခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ယခင်ဗဟိုအဖွဲ့မှ လုပ်ကိုင်ခွင့်ချထားပေးခဲ့တဲ့ မြေလွတ်၊ မြေရိုင်းများကို သတ်မှတ်ကာလအတွင်းစည်းကမ်းချက်နှင့်အညီ အမှန်တကယ်စိုက်ပျိုးလုပ်ကိုင်နိုင်ခြင်းမရှိခဲ့ရင် ပြန်လည်သိမ်းယူခြင်း၊ အမှန်တကယ်လုပ်ကိုင်မည့်သူများကို စိုက်ပျိုးလုပ်ကိုင်အသုံးပြုခွင့်ပေးခြင်းများကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေ အဆိုပြုတင်ပြလာတဲ့ မြေလွတ်၊ မြေရိုင်းများကို အမှန်တကယ်လုပ်ကိုင်လိုသူများအား တရားမျှတစွာလုပ်ကိုင်ခွင့်ရရှိရေးအတွက်၊ မြေလွတ်၊ မြေရိုင်းလုပ်ကိုင်အသုံးပြုခွင့်လျှောက်ထားလာသည့်အပေါ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီအနေနဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေကိုပြင်ဆင်ရန်အတွက် ဥပဒေကြမ်းကိုရေးဆွဲပြီးဖြစ်ပါတယ်။ အစိုးရအဖွဲ့သို့တင်ပြပြီး လွှတ်တော်ကိုတင်သွင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အထောက်အကူပြုလုပ်ငန်းဌာနအဖွဲ့များရဲ့ စိစစ်တင်ပြချက်များအရ ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များရဲ့ ထောက်ခံချက်များနှင့်

ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စိုက်ပျိုးလုပ်ကိုင်အသုံးပြုခွင့်ပေးသွားနိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးမျိုးဆွေ၊ တနိုင်းမဲဆန္ဒနယ်ရဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအား အမှန်တကယ်လုပ်ကိုင်လိုသူများ တရားမျှတစွာလုပ်ကိုင်ရေးအဆိုနဲ့ပတ်သက်ပြီး ကိုယ်စားလှယ်လေးဦးကဆွေးနွေးသလို သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ကလည်း ရှင်းလင်းဆွေးနွေးသွားခဲ့ပါတယ်။ ဒီနေရာမှာ အဆိုရှင်တင်ပြသလို သက်ဆိုင်ရာကိုယ်စားလှယ်များက ထောက်ခံဆွေးနွေးသလို၊ သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဝန်ကြီးအဖွဲ့အစည်းကလည်း ဥပဒေများထုတ်ပြန်ပြီး တင်ပြချက်၊ အဆိုတင်သွင်းချက်အတိုင်းဆောင်ရွက်နေတယ်ဆိုတာ ကြားသိရတဲ့အတွက် သီးခြားဆန္ဒမဲထောက်ခံမဲရယူစရာမလိုတဲ့ အဆိုတစ်ခုဖြစ်ပါတယ်။ သို့ရာတွင် ဒီအဆိုကို ဆွေးနွေးသွားတဲ့အထဲကမှ ဦးခင်မောင်ဦး မုံရွာမဲဆန္ဒနယ်ရဲ့ ဆွေးနွေးချက်ကလည်း ကျွန်တော်တို့လွှတ်တော်၊ လွှတ်တော်ကော်မတီများအတွက် အဓိကစဉ်းစားဆောင်ရွက်ပြီး နိုင်ငံတော်နဲ့နိုင်ငံသားများအကျိုးစီးပွားအတွက် ဆောင်ရွက်ဖို့လိုတယ်ဆိုတဲ့ဟာကို မီးမောင်းထိုးပြသွားတယ်လို့ပဲပြောရမှာဖြစ်ပါတယ်။ ဆက်စပ်ပြီးတင်ပြရမယ်ဆိုရင် လွှတ်တော်ရဲ့အဓိကတာဝန်က ဥပဒေပြုရေးဖြစ်ပါတယ်။ ဒုတိယတာဝန်က လွှတ်တော်အုပ်ချုပ်ရေးအဖွဲ့အစည်းနဲ့ တရားစီရင်ရေးအဖွဲ့အစည်းများဟာ အချင်းချင်း၊ အပြန်အလှန်ထိန်းကျောင်းရေးပဲဖြစ်ပါတယ်။ ဒီနေရာမှာ ရှင်းအောင်ပိုပြောမယ်ဆိုလို့ရှိရင် မူလအချုပ်အခြာအာဏာရဲ့ မူလပိုင်ရှင်များဖြစ်တဲ့ ပြည်သူများ၊ ပြည်သူများရဲ့ ကိုယ်စားလှယ်များနဲ့ဖွဲ့စည်းထားတဲ့ လွှတ်တော်။ လွှတ်တော်ကနေပြီးတော့ အတည်ပြုရွေးချယ်ပေးလိုက်တဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းနဲ့ တရားရေးအဖွဲ့အစည်းများဟာ လွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ဥပဒေများအတိုင်း အားလုံးလိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြည်သူများရော၊ ပြည်သူ့ကိုယ်စားလှယ်များနှင့်ဖွဲ့စည်းထားတဲ့လွှတ်တော်သည်ပင်လျှင်လည်း ပြဋ္ဌာန်းလိုက်တဲ့ဥပဒေများကို လိုက်နာဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ ခုနက ဦးခင်မောင်ဦး ဆွေးနွေးသွားသလိုပဲ ဒီလိုဥပဒေတွေကိုလိုက်နာဆောင်ရွက်တဲ့နေရာမှာ ဥပဒေရှိတယ်။ သို့ရာတွင် လိုက်နာဆောင်ရွက်မှု ရှိ၊ မရှိဆိုတာကို သက်ဆိုင်ရာလွှတ်တော်ကော်မတီများအနေနဲ့ စိစစ်ဆောင်ရွက်ပေးရမှာလည်း လွှတ်တော်ရဲ့တာဝန် လွှတ်တော်ရဲ့ တာဝန်ဖြစ်သလို လွှတ်တော်ရဲ့တာဝန်ကို ကိုယ်စားထမ်းဆောင်ရကြမယ့်ကော်မတီများရဲ့ အဓိကတာဝန်ပဲဖြစ်ပါတယ်။ ဒီနေရာမှာ ဒီအဆိုနဲ့သက်ဆိုင်တဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကိစ္စနဲ့ပတ်သက်ပြီးတော့ မိမိတိုင်းမှူး၊ တစ်နည်းအားဖြင့်ပြောရမယ်ဆိုရင် တယက၊ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတာဝန်ထမ်းဆောင်တုန်းက

မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ မြန်မာနိုင်ငံမှာများစွာရှိပါတယ်။ ကချင်ပြည်နယ်မှမဟုတ်ဘူး။ ကချင်ပြည်နယ်နဲ့အဆက်အစပ်ဖြစ်တဲ့ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ အောက်ကိုဆင်းမယ်ဆိုရင် ဧရာဝတီတိုင်း ဆက်စပ်ပြီးတော့ ပဲခူးတိုင်း၊ တနင်္သာရီတိုင်းဟာ မြေလွတ်၊ မြေလပ်အများဆုံးရှိတဲ့ တိုင်းတွေဖြစ်ပါတယ်။ အဲဒီအချိန်မှာ ထိုစဉ်ကာလက နိုင်ငံတော်ရဲ့အာဏာကိုရယူထားတဲ့ နိုင်ငံတော်အစိုးရအနေနဲ့လည်း ရည်မှန်းချက်ထားပြီးတော့ဆောင်ရွက်နေတာရှိပါတယ်။ ဒါဘာလည်းဆိုရင် နံပါတ် ၁ က Production Promotion လို့ခေါ်တဲ့ ထုတ်လုပ်မှုတိုးတက်မြင့်မားရေးအတွက် ဦးတည်ဆောင်ရွက်တယ်။ ၂ က တစ်ချိန်တည်းမှာပဲ Export Promotion ကိုယ့်နိုင်ငံကထုတ်လုပ်တဲ့ ပစ္စည်းများကို နိုင်ငံခြားကိုတင်ပို့ရောင်းချဖို့ Export Promotion ဒီလိုလုပ်လိုတယ်။ တစ်ဖက်ကလည်း နိုင်ငံခြားကနေတင်သွင်းရမယ့် Import ပစ္စည်းများကို Substitute လုပ်ဖို့ Import Substitution ဆိုပြီးတော့ ဒီလိုဆောင်ရွက်တယ်။ အဲ့ဒီနည်းတူပဲ Reduction of Waste အလေအလွင့်လျှော့ပါးရေး၊ ဒီလိုဆောင်ရွက်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ မြန်မာနိုင်ငံအတွက် Production Promotion လုပ်မယ်ဆိုရင် အဲဒီအချိန်၊ အဲဒီကာလမှာတွေ့ရတဲ့ လုပ်ငန်းကတော့ လယ်ယာထွက်ကုန်သီးနှံများ ပိုမိုထုတ်လုပ်နိုင်မှုအဓိကသွားတွေ့ပါတယ်။ မိမိတို့ နိုင်ငံဟာ စက်မှုနိုင်ငံမဖြစ်သေးဘူး။ မဖြစ်သေးတဲ့အတွက် စက်မှုထွက်ကုန်များကို ခုနကပြောတဲ့ Production Promotion သို့မဟုတ်ရင် Export Promotion ဘယ်လိုမှလုပ်နိုင်တဲ့ အနေအထားမရှိပါဘူး။ အခြေအနေသုံးသပ်လိုက်တဲ့အခါမှာ Import လုပ်မယ့်ပစ္စည်းများကို Substitute လုပ်ရမယ့် အနေအထားပဲရှိတယ်။ ဒါကြောင့်မို့လို့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ဒေသခံများ မလုပ်နိုင်တဲ့မြေများကို ကုမ္ပဏီများ၊ လုပ်ငန်းရှင်များလုပ်ဖို့တိုက်တွန်းခဲ့တယ်။ နှိုးဆော်ခဲ့တယ်။ ပြီးတဲ့အခါမှာ မက်လုံးတွေပေးပြီးဆောင်ရွက်ရတာရှိတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ သက်ဆိုင်ရာတိုင်းနယ်မြေအသီးသီးကို ခုနကပြောတဲ့ကုမ္ပဏီများ၊ သို့မဟုတ်ရင် လုပ်ငန်းရှင်များလာရောက်ပြီးတော့ မြေများယူပြီးတော့လုပ်ကိုင်ဖို့ ထိုစဉ်က လွှတ်တော်ကိုယ်စားလှယ်ကြီးတွေထဲမှာပါပါတယ်။ တယက ဥက္ကဋ္ဌများဟာလည်း ကိုယ့်တိုင်းနယ်မြေအတွင်းကို ဒီကုမ္ပဏီတွေလာရောက်ပြီးတော့ မြေလွတ်၊ မြေရိုင်းတွေကိုလုပ်ဖို့အတင်းဖိတ်ခေါ်တယ်။ မလာလာအောင်ဖိတ်ခေါ်တယ်။ မရမကဖိတ်ခေါ်တယ်။ ဘာ့ကြောင့်လည်း သူတို့လာလုပ်မှ ဒီမြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေအပေါ်မှာ စိုက်ပျိုးသီးနှံတွေ ထုတ်လုပ်ဖို့ဖြစ်နိုင်မယ်။ တစ်ဖက်ကလည်း ဘာပြန်ကြည့်မလဲဆိုရင် ပြိုင်ဆိုင်မှုကဘာလည်းဆိုရင် GDP တိုင်းအချင်းချင်း၊ ပြည်နယ်အချင်းချင်းပြိုင်ဆိုင်မှုဟာ GDP တိုးတက်မြင့်မားရေးအတွက် ပြိုင်ဆိုင်မှုတွေရှိတဲ့အတွက် သက်ဆိုင်ရာတာဝန်ရှိတဲ့သူများကလည်း ကိုယ့်တိုင်းမှာလာရောက်ပြီးတော့

ရင်းနှီးမြှုပ်နှံဖို့ တစ်နည်းအားဖြင့်ပြောရမယ်ဆိုရင်လုပ်ကိုင်ဖို့ ဒီလိုကြိုးစားပမ်းစားလုပ်ခဲ့ရတယ်။ လုပ်ခဲ့တဲ့နေရာမှာ တစ်ချို့တိုင်းတွေမှာ ရယူထားတဲ့မြေတွေကို ခုနကပြောတဲ့အတိုင်း၊ ဥပဒေအတိုင်း မလုပ်နိုင်လို့ လုပ်ငန်းရှင်များဟာလည်းပြန်လည်အပ်နှံသွားတယ်။ တချို့တိုင်းတွေကြတဲ့အခါ လုပ်နိုင်လို့ ဆက်ပြီးလုပ်ကိုင်လျက်ရှိပါတယ်။ အဲဒီတော့ ထူးထူးခြားခြားဆိုလို့ရှိရင် ဧရာဝတီတိုင်း ဆိုလို့ရှိရင် ရေအောက်မှာရှိတဲ့မြေတွေကိုဖော်ထုတ်ပြီးတော့ အခေါ်ကပေါ့လေ ရေအောက် ရတနာမြေများပြန်လည်ဖော်ထုတ်ပြီးတော့ စိုက်ပျိုးလုပ်ကိုင်ဖို့လုပ်ငန်းရှင်များဖိတ်ခေါ်ပါ၊ ဆောင်ရွက် ပါဆိုတဲ့အခါမှာ တာဝန်ရှိတဲ့သူကဖိတ်ခေါ်ဆောင်ရွက်တယ်။ မက်လုံးကဘာလဲဆိုရင် စပါးစိုက်ဧက ၅၀၀၀ စိုက်ပျိုးနိုင်တယ်ဆိုလို့ရှိရင် ထွက်လာတဲ့စပါးသီးနှံရဲ့တစ်ဝက်ကို Export လုပ်ခွင့်ရှိတယ်။ Export လုပ်ခွင့်ရှိတယ်ဆိုပြီး ဒီလိုမက်လုံးတွေပေးတယ်။ လာကြပါတယ်။ လုပ်ကြပါတယ်။ အောင်မြင်တယ်။ အောင်မြင်တယ်ဆိုပြီးတော့ပဲ ရိတ်သိမ်းချိန်ကျတဲ့အခါကျတော့ မိုးတွေရွာချတယ်။ စိုက်တဲ့စပါးတွေပျက်တယ်။ ရေတွေဝင်သွားတယ်။ ဒါကြောင့်မို့လို့ အဲဒီမှာလည်း တပ်ခေါက်ပြီး ပြန်သွားတဲ့လုပ်ငန်းရှင်တွေအများကြီး အဲဒီအတိုင်းပဲ မကွေးတိုင်းမှာဆိုလို့ရှိရင်လည်း မြေတွေ ပေးထားလိုက်တာလုပ်ကြပါတယ်။ ဝါစိုက်တယ်။ ဒါပေမယ့် ဝါစိုက်တဲ့အခါမှာ လိုအပ်သလောက် မထွက်ဘူး။ မထွက်တော့ ဒီလိုပဲရှုံးပြီးတော့ပြန်သွားပါတယ်။ အဲဒီအတိုင်းပဲ ကချင်ပြည်နယ်ဆိုလို့ရှိရင် မှတ်မိသလောက် တိုက်တွန်းချက်အရလုပ်မယ်ဆိုပြီးလာကြတယ်။ လာကြတဲ့အခါမှာ တစ်ဖက်ကလည်း ကုမ္ပဏီတွေက မိမိတို့ရဲ့လုပ်ဆောင်ချက်အားကို တိုင်းပြည်ကိုပြချင်တယ်။ အစိုးရကိုပြချင်တယ်။ ပြချင်တဲ့အတွက် ကချင်ပြည်နယ်မှာ မှတ်မိသလောက်ဆိုရင် ဆင်တွေ နဲ့ ကျူတော၊ ကိုင်းတော ရှင်းပြီးတော့ လယ်တွေထွန်ခဲ့ရတာလည်း မိမိတို့မှတ်မိတယ်။ ဒါပေမယ့် နောက်ဆုံးကျတဲ့အခါကျတော့ မအောင်မြင်ဘူး။ ရှုံးသွားတယ်။ အဲဒီမှာတစ်ခါ တနင်္သာရီတိုင်းနဲ့ပတ်သက်လို့ တနင်္သာရီတိုင်းမှာလည်း ဆီအုန်းစိုက်ပျိုးဖို့ကမ်းလှမ်းတယ်။ ဖိတ်ခေါ်တယ်။ ဖိတ်ခေါ်တာမှ ထိုစဉ်ကာလတုန်းက နိုင်ငံ့အကြီးအကဲ၊ ဒုတိယအကြီးအကဲ နောက်ကျွန်တော်လည်းစစ်ရုံးရောက်ပြီးတဲ့အခါ နယကတာဝန် ထမ်းဆောင်စဉ်အချိန်မှာ နောက်ဆုံးကျွန်တော်တို့က လုပ်ငန်းရှင်တွေမလာ၊ လာအောင်ဖိတ်ခေါ် ပြီးတော့ မြေတွေပေးရပါတယ်။ မြေတွေယူကြရပါတယ်။ ယူပြီးလုပ်ကြရပါတယ်။ လုပ်တဲ့အခါမှာ တချို့လည်းလုပ်ရင်းကိုင်ရင်းနဲ့ပဲ ဒီဟာတွေကိုစွန့်လွှတ်သွားရတဲ့သဘောရှိပါတယ်။ အဲဒီတော့ ဘာသွားတွေ့သလဲဆိုတဲ့အခါမှာ စိုက်ပျိုးရေးလုပ်တာလွယ်ပါတယ်။ စာတတ်တတ်မတတ်တတ်၊ ပညာ တတ်တတ်မတတ်တတ် ဒါပေမယ့်လို့ စိုက်ပျိုးရေးလုပ်ပြီးတော့ စိုက်ပျိုးရေးလုပ်ကိုင်နေရင်းနဲ့ စီးပွားဖြစ်သွားသလား၊ စီးပွားဖြစ်လောက်တဲ့ အနေအထားမရှိတဲ့အတွက် ဒီနေ့လယ်သမားတွေ ဒီနေ့

နိုင်ငံတော်သမ္မတကြီးဦးစီးပြီးတော့ ဆင်းရဲမှုလျှော့ပါးရေးဆောင်ရွက်နေရတဲ့ အနေအထားရှိတယ်။ ဒါနဲ့ဆက်စပ်ပြီးတော့ ခုနက တင်ပြထားတာတွေကောင်းပါတယ်။ ကိုယ့်တိုင်းနယ်၊ ပြည်နယ်က လယ်သမားတွေ၊ ရှိတဲ့လူတွေကကော ကိုယ့်တိုင်းနယ်၊ ပြည်နယ်မှာရှိတဲ့လယ်မြေတွေ။ ပြောမယ်ဆိုရင် ခုနက မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေ၊ အဲဒီ မြေလွတ်၊ မြေရိုင်းတွေကော တိုးပြီးလုပ်တာ ဘယ်လောက်ရှိပြီလဲ။ ပြန်ကြည့်ပါ။ တိုးပြီးလုပ်တာ ဘယ်လောက်ရှိပြီလဲ။ အခု နိုင်ငံတော်က ပေးထားတာ ဘာလဲဆိုရင် အဲဒီမြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေကိုပဲ ခုန ဥပဒေနဲ့အညီပေးတယ်။ ပြီးတဲ့အခါမှာ မလုပ်နိုင်ဘူး။ လုပ်နိုင်မှုအပေါ်မှာမူတည်ပြီး ဒါတွေကိုပြန်သိမ်းတယ်။ ဒီဟာတွေက ဆက်စပ်နေတဲ့သဘောရှိပါတယ်။ အလုပ်တစ်ခုဟာ ပြောတာလွယ်တယ်။ လုပ်တာခက်တယ်။ အဲဒီအတိုင်းပဲ မြေတွေချပေးတဲ့အခါမှာ ကျန်တဲ့နေရာတွေကတော့ မြေလွတ်၊ မြေရိုင်းတွေ ချထားပေးတာ ကုန်သွားပြီ၊ ကုန်သလောက်ရှိပြီ။ ဒါကြောင့်မို့ ဘယ်မှာ ကျန်သေးတယ်ဆိုတာ သွားတွေ့သလဲဆိုရင် ကချင်ပြည်နယ် သွားတွေ့တယ်။ ကချင်ပြည်နယ်မှာ မြေလွတ်၊ မြေရိုင်း အများကြီးကျန်တယ်။ အဲဒီလိုဆိုလို့ရှိရင်တော့ ကချင်ပြည်နယ်မှာရှိတဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေကိုချပေးပြီးတဲ့အခါမှာ လုပ်နိုင်တဲ့သူလုပ်မယ်ဆိုရင် ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ စတုတ္ထစပါးကျီဖြစ်ရမယ်လို့ ဒီလိုကြွေးကြော်သံနဲ့လုပ်တယ်။ လုပ်တဲ့အခါမှာ နိုင်ငံတော်အနေနဲ့ တောင်းတဲ့သူအားလုံးပေးတယ်။ လုပ်ခြင်း၊ မလုပ်ခြင်းအပိုင်းကတော့ တောင်းတဲ့သူနဲ့ပဲဆိုင်တယ်။ အဲဒီမှာ ကျွန်တော်ပြန်ချုပ်ချင်တာကတော့ တခြားမဟုတ်ပါဘူး။ ဒီနေ့ မြန်မာနိုင်ငံရဲ့စီးပွားရေးကို ဘယ်နည်းနဲ့ အဓိကထားတည်ဆောက်ရမလဲဆိုလို့ရှိရင်တော့ မိမိတို့ဘယ်လိုမှ လက်လွှတ်လို့မရတဲ့ စိုက်ပျိုးရေးကို အဓိကထား၊ အခြေခံထားဆောင်ရွက်ရမယ်။ ကျန်တဲ့သယံဇာတအရင်းအမြစ်တွေ ဆိုတာက သုံးရင်း၊ သုံးရင်းနဲ့ ကုန်သွားနိုင်တဲ့သဘောရှိတယ်။ ကချင်ပြည်နယ်မှာ အခုထွက်နေတဲ့ ကျောက်စိမ်းဆိုတာဟာလည်း တစ်ရက်ရက်တစ်ချိန်ချိန်ကျရင်ကုန်သွားမှာပါ။ အဲဒီနည်းအတိုင်းပဲ ခုနက သဘာဝဓာတ်ငွေ့ဆိုတာလည်း တစ်ရက်ရက်ကျလျှင်ကုန်သွားမှာပဲ၊ ဘာပေါ်အခြေပြုရမလဲ။ စိုက်ပျိုးရေးပေါ်အခြေပြုရမယ်။

အဲ့ဒီအခါ ဒီစိုက်ပျိုးတဲ့မြေတွေမှာ အမှန်တစ်ကယ်လုပ်ဖို့ အမှန်တစ်တယ်လုပ်ဖို့ဆိုရင် ဒီအမှန်တစ်ကယ်လုပ်လိုတဲ့သူတွေက ထိုက်သင့်တဲ့အကျိုးစီးပွားရဖို့လိုတယ်၊ အဲဒီဟာအတွက် ခုနက ကျွန်တော်အဓိကထားတင်ပြတာ ဦးခင်မောင်ဦး၊ မုံ့ရွာမဲဆန္ဒနယ်က ဒါလေးကိုမသိမသာထောက်ပြ သွားတဲ့အပေါ်မူတည်ပြီးတော့ ဒီအဆိုဟာကောင်းပါတယ်။ ဒါပေမဲ့ ဒီဟာ ရပ်ထားလို့မရဘူး။ ရပ်ထားလို့မရဘူး။ ခုနက အဲ့ဒီ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေမှာ ကိုယ့်ဒေသခံကော၊ ဒေသခံ

မဟုတ်တဲ့သူတွေရော တစ်ကယ် အမှန်တစ်ကယ်လာလုပ်ဖို့လိုတယ်။ အမှန်တစ်ကယ်လာလုပ်တယ် ဒါပေမယ်လို့ သူကအကျိုးမဖြစ်ထွန်းဘူးဆိုလို့ရှိရင် ဒီလုပ်ငန်းကရပ်ဆိုင်းသွားမှာ၊ အဲ့ဒီအတွက် အဓိကထားစဉ်းစားပေးဖို့လိုတယ်။ ဘယ်သူတွေစဉ်းစားရမလဲ။ ကျွန်တော်တို့ ပြည်သူ့ ကိုယ်စားလှယ်တွေစဉ်းစားရမယ်။ အစိုးရတစ်ခုတည်းနဲ့မရဘူး။ အဲ့ဒီအတိုင်းပဲ စဉ်းစားပြီးတဲ့အခါမှာ ဒါကိုအကောင်အထည်ဖော်ဖို့ဆိုလို့ရှိရင် အစိုးရတစ်ခုတည်းနဲ့မရဘူး။ ကျွန်တော်တို့လွှတ်တော်ရဲ့ အား၊ ပြောရမယ်ဆိုရင် လွှတ်တော်ကော်မတီရဲ့အားတွေလိုပါတယ်။ ဒါ့ကြောင့်ကျွန်တော်တို့ လွှတ်တော်အနေနဲ့ တစ်ကယ်ထားရှိရမယ့်စေတနာနဲ့ စေတနာကဘာလဲဆိုတော့ နိုင်ငံတော် နိုင်ငံသားများရဲ့အကျိုးစီးပွား။ ဒါကြောင့်မို့လို့ နိုင်ငံတော်၊ နိုင်ငံသားများရဲ့အကျိုးစီးပွားဖြစ်တဲ့အတွက် နိုင်ငံသားထဲမှာပါတဲ့ တောင်သူလယ်သမားများရဲ့ အကျိုးစီးပွားဖြစ်ထွန်းရေးကိုလည်း စဉ်းစားပြီး ဆောင်ရွက်ပေးမှသာ မြန်မာနိုင်ငံအတွက်လက်လွှတ်လို့မရတဲ့ စိုက်ပျိုးရေးလုပ်ငန်းတိုးတက် ထွန်းကားပြီး မြန်မာနိုင်ငံရဲ့စီးပွားတွေကိုဆက်ပြီးတော့ ထူထောင်နိုင်မှာဖြစ်ပါတယ်။ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှ နိုင်ငံတော်တိုးတက်မှာဖြစ်သော်လည်း လက်ရှိမြန်မာနိုင်ငံရဲ့စိုက်ပျိုးရေးလုပ်ငန်းကို လစ်လျူရှုထားပြီးတော့ စိုက်ပျိုးထုတ်လုပ်တဲ့သူတွေရဲ့ အကျိုးစီးပွားဖြစ်ထွန်းမှုကို လစ်လျူရှု ထားပြီးတော့လုပ်လို့ကတော့ မိမိတို့ရည်မှန်းချက်၊ မျှော်လင့်ချက်က မရနိုင်တဲ့အခြေအနေကိုလည်း လွှတ်တော်ကိုယ်စားလှယ်များကို သိစေအောင်တင်ပြခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ဦးခင်မောင်ဦးက ဒီအဆိုကို သာမန်ထောက်ခံရုံမဟုတ်ဘဲနဲ့ ဒါတွေသတိပြုသင့်တယ်ဆိုတဲ့အချက်အပေါ်မူတည်ပြီးတော့ ကျွန်တော့်ရဲ့ အတွေ့အကြုံနဲ့အမြင်အပေါ်မူတည်ပြီးတော့ တင်ပြခြင်းပဲဖြစ်ပါတယ်။ ဒီနေ့ ဒီအဆိုနဲ့ ပတ်သက်လို့ ဦးမျိုးဆွေ၊ တနိုင်းမဲဆန္ဒနယ်ရဲ့မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအား အမှန်တစ်ကယ် လုပ်ကိုင်လိုသူများ တရားမျှတစွာလုပ်ကိုင်ခွင့်ရရှိရေး ဒါကအရင်လည်း ဥပဒေရှိခဲ့ပါတယ်။ ဥပဒေအတိုင်းလိုက်လုပ်ဖို့ပဲလိုပါတယ်။ အခုလည်းအဲ့ဒီဥပဒေကိုထပ်ပြီးတော့ ပိုပြည့်စုံအောင် ထပ်လုပ်ထားပါတယ်။ ထွက်လာတဲ့ဥပဒေကို ဥပဒေအတိုင်း လိုက်လုပ်ဖို့လိုပါတယ်၊ လုပ်မလုပ်ဆိုတာကို မိမိတို့လွှတ်တော်ကနေပြီးတော့ ကြည့်ပြီးတဲ့အခါမှာ လုပ်အောင်ဝိုင်းပြီးတော့ ကူညီထိန်းကျောင်းဆောင်ရွက်ဖို့ပဲလိုပါတယ်။ ဒါကြောင့်မို့လို့ အစိုးရအဖွဲ့အစည်းတစ်ခုတည်းအပေါ်၊ ဌာနဆိုင်ရာအဖွဲ့အစည်းတွေအပေါ် လွှဲချထားလို့မရဘဲနဲ့ မိမိတို့မှာတာဝန်တွေရှိပါတယ်ဆိုတဲ့ ဟာကိုလည်း ကျွန်တော်တို့ခံယူထားဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ဒီအဆိုနဲ့ပတ်သက်ပြီးတော့ အထူးမဲခွဲဆုံးဖြတ်စရာမလိုတဲ့အဆိုဖြစ်တဲ့အတွက် လွှတ်တော်ကဒီအဆိုကို အတည်ပြုပေးပါရန်

လွှတ်တော်ရဲ့သဘောထားသိလိုပါတယ်။ အဆိုနဲ့ပတ်သက်ပြီးတော့ လွှတ်တော်ကအတည်ပြုပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် ဦးမျိုးဆွေ၊ တနိုင်းမဲဆန္ဒနယ်၏ မြေလွတ်၊ မြေရိုင်းများအား အမှန်တစ်ကယ်လုပ်ကိုင်လိုသူများ တရားမျှတစွာလုပ်ကိုင်ခွင့်ရရှိရေးအဆို အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို ၁၅မိနစ်ခန့်ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အစည်းအဝေးကို ၃နာရီ ၁၀မိနစ်တွင် ပြန်လည်စတင်ပါ့မယ်ခင်ဗျား။ အားလုံးထွက်ခွာနိုင်ကြပါပြီ။

[ အစည်းအဝေးကို ၁၅မိနစ်ခန့်ရပ်နားပါသည်။ ]

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆွေးနွေးမှုနဲ့ပတ်သက်လို့ ကြိုဆိုပါတယ်။ အားပေးပါတယ်။ ဒါပေမယ့် ဘောင်လွတ်တဲ့ဆွေးနွေးမှုတွေတော့ လက်မခံလိုပါဘူး။ ဦးရဲထွန်းဆွေးနွေးတာနဲ့ပါတ်သက်ပြီးတော့ ပြန်လည်သုံးသပ်ပြပါမယ်။ မိမိတို့လွှတ်တော်ကိုယ်စားလှယ်တွေဖြစ်တဲ့အတွက် သိသင့်တာတွေလည်းသိထားဖို့လိုပါတယ်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဆိုတာဘာလဲ၊ မြေလွတ်၊ မြေလပ်၊ မြေရိုင်းကို စီမံခန့်ခွဲထားတာဘာလဲဆိုတာသိဖို့လိုပါတယ်။ မိမိတို့တောင်သူလယ်သမားတွေလုပ်နေတဲ့ မြေဟာနိုင်ငံတော်ကနေပြီးတော့ လုပ်ပိုင်ခွင့်ချပေးထားတဲ့ မြေများဖြစ်ပါတယ်။ ဒီနေ့ နိုင်ငံတော်ကချပေးတဲ့မြေလွတ်၊ မြေလပ်၊ မြေရိုင်းဆိုတာ လုပ်မယ့်လူမရှိတဲ့မြေကိုချပေးတာဖြစ်တယ်။ ဒါကို ကွဲကွဲပြားပြား၊ နားလည်ဖို့လိုပါတယ်။ နောက်တစ်ချက်က လယ်သမားနဲ့လယ်ယာလုပ်သားနဲ့ ကွဲဖို့လိုတယ်။ လယ်လုပ်သူနဲ့လယ်ယာလုပ်သားနဲ့ ကွဲဖို့လိုတယ်။ ဒါကြောင့်မို့လို့ တချို့ဆွေးနွေးမှုတွေဟာ သက်ဆိုင်ရာခေါင်းစဉ်နဲ့မသက်ဆိုင်ဘဲနဲ့ ဆွေးနွေးမှုဟာ လွှတ်တော်ကိုစော်ကားရာရောက်တယ်။ ခုနဆွေးနွေးသွားတဲ့နေရာမှာပြီးခဲ့တဲ့ ဥပဒေပြုတဲ့ကိစ္စနဲ့ မဆိုင်ဘူး။ ဆိုင်တာက ခေါင်းစဉ်နဲ့ဆိုင်တဲ့မြေလွတ်မြေရိုင်းများ အမှန်တကယ်လုပ်ကိုင်လိုသူများအား

တရားမျှတစွာလုပ်ကိုင်ခွင့်ရရှိရေး ဒါနဲ့ပဲဆိုင်တယ်။ ဒါကြောင့်မို့လို့ ဒီမှာထပ်ပြောချင်တာက ဆွေးနွေးမှုကိုကြိုဆိုတယ်။ အားပေးတယ်။ သို့ရာတွင် ဘောင်အတွင်းကဆွေးနွေးဖို့လိုတယ်။ ပြီးခဲ့တဲ့အခါမှာ မိမိဆွေးနွေးတဲ့ဘောင်အတွင်းက ဆိုတဲ့နေရာမှာ ဒီမှာပါတဲ့အဓိပ္ပာယ်တွေကိုလည်း ဂဃနဏ နားလည်ဖို့လိုတယ်။ မြေလွတ်ဆိုတာဘာလဲ။ မြေရိုင်းဆိုတာဘာလဲ။ အဲ့ဒီလိုမှမဟုတ်ဘဲနဲ့။ ဒါတွေကို သေသေချာချာနားမလည်ဘဲနဲ့ သို့မဟုတ်ရင် နားလည်သော်လည်းနားမလည်ဟန်ပြုပြီးတော့ ဆွေးနွေးမှုဟာအချိန်ကုန်သလို လွှတ်တော်ကိုစော်ကားရာလည်းရောက်တယ်။ အဲဒီအတိုင်းပဲ တာဝန်ရှိတဲ့လူတွေကိုလည်း စော်ကားပုတ်ခတ်ရာလည်းရောက်တယ်။ ဒါကြောင့်မို့လို့ ထပ်ပြီးတော့ တင်ပြပါရစေ။ ဆွေးနွေးမှုကိုကြိုဆိုတယ်။ လက်ခံတယ်။ သို့ရာတွင် ဘောင်အတွင်းကဆွေးနွေးဖို့နဲ့ လွှတ်တော် သို့မဟုတ်လို့ရှိရင် သက်ဆိုင်ရာတာဝန်ရှိသူတွေကို စော်ကားတဲ့သဘောမျိုးမဖြစ်ဖို့လိုတယ် ဆိုတာကို လွှတ်တော်ကို ပြန်လည်တင်ပြခြင်းပဲဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုတင်သွင်းခြင်းအစီအစဉ် ဆက်လက်ဆောင်ရွက်ပါမယ်။ ပထမဦးစွာ အမျိုးသားအဆင့်ကျန်းမာရေးစောင့်ရှောက်မှုဆေးကုသခွင့် လုံခြုံရေးစီမံကိန်းတစ်ရပ်ကို (က) ပြည်သူအားလုံးအာမခံပေါ်လစီဝယ်ယူခွင့်ရရှိပြီးထူထောင်သည့်စနစ်၊ (ခ) ပုံမှန်လုပ်ခလစာရရှိသောလုပ်သားများ လစဉ်နှစ်တွက်ထည့်ဝင်မှုကိုအလုပ်ရှင်နှင့်အစိုးရတို့က ထပ်ဆောင်းပေးသည့် ရန်ပုံငွေဖြင့်ထူထောင်သည့်စနစ်၊ (ဂ) အလုပ်မရှိသေးသူ ရာသီအလိုက်ဝင်ငွေရတောင်သူ လယ်သမားများ၊ အလုပ်မမှန်ပုံကျလုပ်ကိုင်စားသောက်သူများအတွက် အစိုးရကယာယီစိုက်ထုတ်ထူထောင်သည့်စနစ်များသီးခြားစီထူထောင်ပြီး ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်သွားရန် အဆိုတင်သွင်းဖို့ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်အား ဖိတ်ခေါ်ပါတယ်။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်အပေါင်းတို့ခင်ဗျား။ ကျွန်တော့်အနေနဲ့ တင်သွင်းမယ့်အဆိုကတော့ ရန်ကုန်မြို့နှင့်တကွ မြို့ကြီးတွေမှာပုဂ္ဂလိကပိုင်ဆေးရုံကြီးတွေ ဟီးနေအောင်တည်ဆောက်ထားတာကို သတိပြုမိပါလိမ့်မယ်။ သို့သော်လည်း ဒီဆေးရုံကြီးတွေမှာ ပြည်တွင်းပြည်ပက အထူးကုပါရဂူကြီးများ၊ ကြပ်မတ်ပြီးတော့ဆေးကုသပေးနေတာလည်း သတိပြုကြမိပါလိမ့်မယ်။ သို့သော်လည်းပဲ ဒီဆေးရုံကြီးတွေဟာ လူချမ်းသာတွေအတွက်သာလျှင်ဖြစ်တယ်ဆိုတာကိုလည်းပဲ အားလုံးမြင်သိကြပါတယ်။ သို့သော်လည်းပဲ ဒီနေရာမှာ ကျွန်တော်တို့လိုပုဂ္ဂလိကပိုင် ပြည်တွင်း၊ ပြည်ပဆရာဝန်ကောင်းကြီးတွေ ထိုင်နေတဲ့ဆေးရုံကြီးတွေမှာ အခြားသောနိုင်ငံတွေမှာကျတော့ ထူးဆန်းသွားတာက သာမန်လူတန်းစားတွေ၊ ဆင်းရဲသားတွေပါ အဲဒီဆေးရုံတွေမှာတက်ပြီးတော့ ဆေးကုသမှုခံယူနေတာကို

ကျွန်တော်တို့အထူးသဖြင့်ပေါ့ဗျာ။ ကိုရီးယားရုပ်ရှင်ကားမျိုး၊ အမေရိကန်၊ အင်္ဂလန်ရုပ်ရှင်ကားမျိုးတွေမှာတွေ့ရပါတယ်။ ဒါတွေက ကျွန်တော်တို့အတွက်က ထူးဆန်းသလိုဖြစ်နေတယ်။ ဘာ့ကြောင့် သူတို့ကျတော့ လူချမ်းသာတွေ၊ တကယ့်ထိပ်တန်းဆရာဝန်ကြီးတွေကုတဲ့ဆေးရုံ၊ ဆေးခန်းကြီး၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းကြီးတွေမှာသွားပြီးကုနိုင်သလဲဆိုတဲ့ မေးခွန်းလေးတွေရှိကြမှာပါပဲ။ ကျွန်တော်တို့ကိုယ့်နိုင်ငံသူ၊ ကိုယ့်နိုင်ငံသားများအတွက် ကျွန်တော့်အနေနဲ့ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့အဖြေရှာကြည့်မိပါတယ်။ ကျွန်တော်တို့ဘောဂဗေဒမှာ ဒီကိစ္စကိုတော့အမျိုးသားအာမခံစနစ်လို့ခေါ်ပါတယ်။ National Insurance လို့သုံးပါတယ်။ ဒါကို Economic Dictionary မှာသုံးသလို ကျွန်တော်တို့ကလေးတွေကိုသင်တဲ့ ကျောင်းသူ၊ ကျောင်းသားတွေအားလုံးကိုင်တဲ့ Address Learners Dictionary မှာပဲ Latest 2011 အတွက် Eighth Edition ထွက်ပါတယ်။ အဲဒါမှာလည်းပဲ National Insurance ဆိုပြီးတော့ပဲသုံးပါတယ်။ Medicare, Medicade ဆိုတာမျိုးကိုလည်း အဲဒီ Dictionary မှာဖော်ပြထားတာကိုတွေ့ပါတယ်။ ဒါတွေက ခုနကျွန်တော်တို့ရှာဖွေနေတဲ့ သာမန်လူလတ်တန်းစားဆင်းရဲသားတွေလည်းပဲ တကယ့်ပညာရှင်ကြီးတွေ၊ ထိပ်သီးဆရာဝန်ကြီးတွေနဲ့ ပုဂ္ဂလိကတွေစီးပွားဖြစ်ထူထောင်ထားတဲ့ ဆေးရုံကြီးတွေမှာ ဆေးကုသမှုခံယူနေကြပါလားဆိုတာကိုဖော်ပြနေတဲ့ စနစ်အကြောင်းဖြစ်ပါတယ်။ အဲဒါကို လေ့လာကြည့်လိုက်တဲ့အခါကျတော့ကာ ပထမဦးဆုံးတွေ့တာကတော့ ကျွန်တော်တို့သိကြတဲ့ ဈေးကွက်စီးပွားရေးဆိုတာပါ။ ဈေးကွက်စီးပွားရေးကို ကျွန်တော်တို့ကအမြင်မှားနေတာရှိတယ်။ ဈေးကွက်စီးပွားရေးဆိုတာဟာ ကိုယ်ရကိုယ်ယူ တစ်ကိုယ်ကောင်းဆန်ဆန် အိမ်နီးနားချင်းဆင်းရဲစေ၊ Beggar Your neighbours ပေါ့၊ အဲဒီစနစ်လို့ထင်ကြပါတယ်။ အမှန်ကတော့ ဈေးကွက်စီးပွားရေးဆိုတာဒီလိုမဟုတ်ပါဘူး။ လူချမ်းသာတွေအတွက် လူလတ်တန်းစားနဲ့ ဆင်းရဲသားတွေကမုဒိတာပွားပါတယ်။ လုပ်ငန်းရှင်တွေအတွက် အလုပ်သမားလူတန်းစားတွေက အလုပ်ကိုလုပ်ကိုင်ပေးပါတယ်။ လူလတ်တန်းစားနဲ့ပညာရှင်တွေကအစ အောက်လွှာကပုဂ္ဂိုလ်များရဲ့ စားဝတ်နေရေးအတွက် အလုပ်အကိုင်ဆိုတာမျိုးကိုလည်းပဲ အလုပ်ရှင်တွေ၊ လူချမ်းသာတွေက ပြန်လည်ပြီးဖန်တီးပေးပါတယ်။ သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားနိုင်တယ်ဆိုတဲ့ပုံစံမျိုးနဲ့ အပြန်အလှန်ဆင်းရဲသူနဲ့ ချမ်းသာသူလုပ်ငန်းရှင်နဲ့ အလုပ်သမားစသည်ဖြင့် အပြန်အလှန်ချိတ်ဆက်ပြီးတော့ မှီခိုနေတဲ့စနစ်တစ်ခုဖြစ်ပါတယ်။ အဲဒီတော့ ဈေးကွက်စီးပွားရေးစနစ်ကို ကျွန်တော့်အနေနဲ့သုံးသပ်မိတာက သူကဆိုရှယ်လစ်စနစ်ထက်တောင်မှ ဆိုရှယ်လစ်စနစ်ဆန်နေပါတယ်။ အဲဒီတော့ ဒီဈေးကွက်စီးပွားရေးမှာ ခုနပြောသလိုအာမခံလုပ်ငန်းစနစ်ထူထောင်ပြီးတဲ့နောက် နိုင်ငံသူနိုင်ငံသားအားလုံးကျန်းမာရေးစောင့်ရှောက်မှုကို အဆင့်မြင့်မြင့်နဲ့

ဂုဏ်ရှိရှိနဲ့ခံယူနိုင်တဲ့စနစ်တစ်ခု သဘာဝအလျောက်ပေါ်ထွန်းလာတာတွေ့ရပါတယ်။ သူတို့ကတော့ ဈေးကွက်စီးပွားရေးစနစ်ကို နှစ်ပေါင်းရာချီပြီးတော့ ထူထောင်လာနိုင်တဲ့နိုင်ငံတွေဖြစ်တဲ့အတွက်ကြောင့် သဘာဝအလျောက်တိုးတက်မှုကိုရရှိခံစားကြရပေမယ့်လို့ ကျွန်တော်တို့ကတော့ နောက်မှကြားဖြတ်လိုက်ရမယ့် နိုင်ငံဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့က ပြည်သူ့လွှတ်တော်ကနေတစ်ဆင့် နိုင်ငံတော်အစိုးရအဖွဲ့ကိုတင်ပြရင်းနဲ့ နိုင်ငံတော်အစိုးရအဖွဲ့ကနေပြီးတော့ ကျွန်တော်တို့နိုင်ငံအတွင်းမှာရှိတဲ့ အကြံပေးပုဂ္ဂိုလ်များ၊ ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ဒီအမျိုးသားကျန်းမာရေးစောင့်ရှောက်မှုအာမခံလုပ်ငန်းအတွေ့အကြုံများတဲ့ နိုင်ငံကပုဂ္ဂိုလ်များ၊ ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် ကမ္ဘာ့အဖွဲ့အစည်းကြီးများပါရှိတဲ့ ပညာရှင်များနဲ့ ညှိနှိုင်းတိုင်ပင်ပြီးတော့ ဒီအမျိုးသားအာမခံကျန်းမာရေးစောင့်ရှောက်မှုလုံခြုံရေးစနစ်ကို မြန်မာနိုင်ငံမှာထူထောင်သွားဖို့ တစ်ဆင့်ပြီးတစ်ဆင့် ကျွန်တော့်အနေနဲ့ အဆိုပြုချင်တာဖြစ်ပါတယ်။ အဲဒီတော့ ဒီစနစ်မှာကျွန်တော့်ရဲ့အဆိုမှာကိုက ရေးထားပါတယ်။ ဒီစနစ်က လူချမ်းသာတွေကတော့ သူ့ငွေကြေးတတ်နိုင်တာနဲ့အမျှ သူ့ဟာသူဆေးကုသမှုခံယူပါတယ်။ နောက်ပြီးတော့ တချို့အနေနဲ့လည်း ဝကျကျဘေးထိုင်ဘိုင်ကျဘုတောတဲ့ ပုဂ္ဂိုလ်တွေကတော့ ဒီစနစ်ထဲမှာပါဝင်ချင်မှပါဝင်မှာဖြစ်ပါတယ်။ သို့သော်လည်းပဲ နိုင်ငံသူနိုင်ငံသားအားလုံးလိုလိုအများစုက ဒီစနစ်အရ ကျန်းမာရေးစောင့်ရှောက်မှုခံယူနေတာကိုတွေ့ရပါတယ်။ အဲဒီမှာ ကျွန်တော်က အုပ်စုလေး၊ ငါးခုလောက် ခွဲလို့ရပါတယ်။ အဲဒီတော့ ကျွန်တော်အနေနဲ့က အုပ်စု(က)၊ (ခ)၊ (ဂ) ဆိုပြီးတော့ ဖော်ပြထားတာလေးရှိပါတယ်။ ဒါကိုကျွန်တော်ထပ်ပြီးတော့မပြောတော့ပါဘူး။ အဲဒီမှာ ပြည်သူအားလုံးအာမခံ Policy ဝယ်ယူခွင့်ကိစ္စမှာတော့ ပြည်သူအားလုံးဆိုတာမှာ ကျွန်တော်ဒီနေရာမှာဆိုလိုတာက ရာသီအလိုက်ဝင်ငွေရတဲ့သူတွေ၊ တချိကောင်းဝင်ငွေရတဲ့သူတွေ၊ ပျံကျအလုပ်သမားတွေစသည်တို့က စိတ်ဆန္ဒရှိလို့ရှိရင်သူကဒီအမျိုးသားကျန်းမာရေးအာမခံ Policy ရောင်းချတာကိုဝယ်ယူပြီးတော့ ခံစားခွင့်ရရှိဖို့ဆိုလိုတာဖြစ်ပါတယ်။ ဒုတိယပုံမှန်လစာလုပ်ခဆိုတာကတော့ရှင်းပါတယ်။ (ဂ) မှာကျတော့အလုပ်မရှိသေးသူဆိုတဲ့အတွက်ကြောင့် သူ့ကိုနိုင်ငံတော်အစိုးရကနေပြီးတော့ အလုပ်လက်မဲ့ထောက်ပံ့ကြေးပေးတဲ့စနစ်တစ်ခုနဲ့ယှဉ်တွဲရပါမယ်။ ယှဉ်တွဲထားတာလည်းတွေ့ရပါတယ်။ အဲ့ဒီအလုပ်မရှိသေးသူကိုအလုပ်လက်မဲ့ထောက်ပံ့ကြေး နိုင်ငံတကာကပေးတဲ့အစီအစဉ်နဲ့ ယှဉ်တွဲပြီးတဲ့နောက် သူကနေပြီးတော့မှ ခုနကျန်းမာရေးစောင့်ရှောက်မှုအာမခံ Policy ကို လချင်းအနည်းငယ်စီပေးရေးနဲ့ သူ့အားဝယ်ယူပြီးခံစားခွင့်ရတဲ့ သဘောတရားဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်ဒီမှာမပါဝင်ဘဲနဲ့ ကျွန်တော်ကျန်ခဲ့တာနှစ်ခုရှိပါတယ်။ အဲဒါကတော့ အရင်းရှင်နိုင်ငံကြီး၊ဈေးကွက်စီးပွားရေးနိုင်ငံကြီးဆိုပေမယ့်လို့

ဆင်းရဲသားအတန်းဆိုတာသူတို့သတ်မှတ်ပြီးတော့ ဆင်းရဲသားတွေကို နိုင်ငံတော်အစိုးရကနေပြီး ထောက်ပံ့ကြေးပေးတဲ့စနစ်ရှိပါတယ်။ အဲဒီစနစ်ကနေပြီးတော့မှဒီဆင်းရဲသားမိသားစုတွေ ကျန်းမာရေး စောင့်ရှောက်မှုအာမခံ Policy ကိုဖွဲ့ပြီးတော့ ဝယ်ယူနိုင်အောင်လုပ်ပေးခဲ့ပြီးနောက် ဆေးကုသ ခံယူခွင့်ပေးရန် ဒါကို Medical လို့ခေါ်ပါတယ်။ အမေရိကားမှာတော့ Medicade လို့ခေါ်ပါတယ်။ အဲ့ဒီစနစ်ယှဉ်တွဲဖို့လိုပါတယ်၊ နောက်တစ်ချက်က သက်ကြီးရွယ်အိုတွေ၊ သက်ကြီးရွယ်အိုတွေ ကိုလည်းပဲ နိုင်ငံတော်အစိုးရကထောက်ပံ့တဲ့ အစီအစဉ်ဆိုတာသီးခြားရှိပါတယ်။ အဲဒီထောက်ပံ့တဲ့ အစီအစဉ်ကနေပြီးတော့မှ ခုနလို တစ်ဦးချင်းသူ့ရဲ့မိသားစုအလိုက် အမျိုးသားကျန်းမာရေး စောင့်ရှောက်မှုအာမခံစနစ်ရဲ့ Policyကိုဖွဲ့ပြီးတော့လာရင် ဝယ်ယူတဲ့စနစ်ကိုယှဉ်တွဲပေးတာရှိပါတယ်။ အဲဒါကိုတော့ Medical လို့ခေါ်ပါတယ်။ အဲဒီတော့ ဒီပုံစံနဲ့နိုင်ငံသားအားလုံး ထားပါတော့စုစုပေါင်း လေး၊ ငါးအုပ်စု လေးခုလောက်၊ ငါးခုလောက်ကနေပြီးတော့ စုဆောင်းရရှိတဲ့ငွေကြေးရန်ပုံငွေကို အမျိုးသားအာမခံစနစ်ကြီးတစ်ခုအနေနဲ့ ဈေးကွက်စီးပွားရေးမှာငွေကြေးဈေးကွက်ဆိုတာပေါ်မယ်။ ငွေကြေးဈေးကွက်မှာဘဏ်နဲ့ ဘဏ်မဟုတ်သော အခြားငွေကြေးစီးပွားရေးလုပ်ငန်းများပါဝင်ပါတယ်။ အဲဒီအထဲမှာ အာမခံလုပ်ငန်းတွေလည်းအများအပြားပါဝင်ပါတယ်။ အာမခံလုပ်ငန်းတွေက အမျိုးစုံ အောင်အာမခံပါတယ်။ အဲဒီမှာလည်းပဲ အခုကျွန်တော်ပြောနေတာက ကျန်းမာရေး စောင့်ရှောက်မှုအတွက် အာမခံသာလျှင်ဖြစ်ပေမယ့်လို့ ဗဟုသုတအနေနဲ့ ကျွန်တော်ပြန်ပြီး ပြောရလို့ရှိရင် ကျွန်တော်တို့ငယ်ငယ်တုန်းကဆိုလို့ရှိရင်လည်း ကျွန်တော်တို့မိဘကနေပြီးတော့ သူတို့ မရှိတဲ့အချိန်မှာ တိမ်းပါးသွားခဲ့သော် တက္ကသိုလ်ဆက်တက်နိုင်အောင်ဆိုပြီးတော့ ဘဏ်မှာပိုက်ဆံ ပုံထားတဲ့ပုံစံမျိုး၊ ဒါ Saving Loan ပုံစံမျိုးတွေရှိပါတယ်။ နောက်တစ်ခါ အသက် ၂၅ နှစ်လောက်မှာ အိမ်ထောင်ပြုလိုက်တယ်။ သို့သော်လည်းပဲ ၄၀၊ ၄၅ နှစ်မှာတော့ အိမ်ပိုင်ဖြစ်ဖို့လိုပါတယ်။ အဲဒီလို ဖြစ်နိုင်ဖို့အတွက်လည်း သူက အာမခံစနစ်ကငွေလက်ခံပြီးတော့စုဆောင်းပေးတယ်။ အချိန်တန်တဲ့ အချိန်မှာသူ့ကို အိုးအိမ်ဝယ်ယူနိုင်အောင်ငွေထပ်ဆောင်းပေးတယ်။ အဲဒီစနစ်တွေလည်းယှဉ်တွဲ ထားတာရှိပါတယ်။ အဲဒီလို ကျယ်ပြန့်တဲ့စနစ်ကြီးထဲမှာမှ ကျွန်တော်ခုနပြောနေတာကတော့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အာမခံကိုရရှိနိုင်ဖို့ဖြစ်ပါတယ်။ အဲဒီတော့ကာ အာမခံ လုပ်ငန်းစနစ်ကြီးကနေပြီးတော့ ပြည်သူပြည်သားတွေရဲ့ အာမခံထားငွေ၊ စုဆောင်းငွေ ဒါတွေကို လက်ခံတယ်။ လက်ခံပြီးတဲ့နောက်မှာ သူကငွေကြေးဈေးကွက်မှာပွားများအောင်လုပ်တယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့သိကြတဲ့ World Trade ဘာညာ၊ ငွေကြေးဈေးကွက်ကြီး ဘာညာဆိုတာ၊ နောက်ပြီး Newyork Stock Exchange, Euro Stock Exchange ရှိတယ်။

ဒီမှာရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်၊ လုပ်ငန်းအားလုံးက ချေးယူနိုင်တဲ့ငွေတွေအားလုံးက အမှန်စင်စစ်ကတော့ ခုနဘာမှမဟုတ်ဘူးလို့ထင်တဲ့ နေ့စား၊ လခစား၊ အလုပ်သမားလေးတွေ၊ အလုပ်သမားကြီးတွေ၊ ပင်စင်စားကြီးတွေ သူတို့ရဲ့အာမခံကြေးလေး ထည့်ဝင်ထားတဲ့ငွေတွေ၊ သားသမီးတွေကျောင်းနေဖို့အတွက် စုဆောင်းထားတဲ့ငွေတွေ အဲဒီငွေတွေသာ ဖြစ်နေတယ်ဆိုတာကို ကျွန်တော်တို့သဘောပေါက်ဖို့လိုပါတယ်။ အဲဒီတော့ စီးပွားရေးလုပ်ငန်းကြီးတွေကရယူပြီးတော့ စီးပွားရေးလုပ်တဲ့ငွေကြေးရဲ့ ၉၈ ရာခိုင်နှုန်းအထက်မှာ ပြည်သူတွေရဲ့စုဆောင်းမှုပါရှိပါတယ်။ ကျွန်တော်တို့က ကျန်းမာရေးစောင့်ရှောက်မှုအာမခံအတွက် ဒီအာမခံစနစ်၊ အမျိုးသားအာမခံစနစ်ကြီးတစ်ခုကို ကျွန်တော်ပြောရင်းကနေပြီးတော့ တစ်ဖက်မှာဆိုလို့ရှိရင် ဒီစနစ်ကြီးကနေပြီးတော့ ကျွန်တော်တို့ တိုင်းပြည်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ငွေကြေးအရင်းအနှီးကို ရှာဖွေပေးရာ ဇစ်မြစ်လည်းဖြစ်မယ်ဆိုတာလေးကို ထည့်ပြောခြင်းဖြစ်ပါတယ်။ အဲဒီအကျိုးစီးပွားကိုရရှိမှာ ဖြစ်ပါတယ်။ အဲဒီတော့ကာ အာမခံလုပ်ငန်းကနေပြီးတော့ ပြည်သူတွေဆီကနေပြီးတော့ ပိုလျှံတဲ့ငွေကြေးတွေ၊ ထည့်ဝင်တဲ့ငွေကြေးတွေ၊ နောင်ရေးစိတ်အေးဖို့အတွက်သုံးစွဲမဲ့ငွေကြေး စုဆောင်းမှုတွေကိုရယူတယ်။ ရယူပြီးတော့စီးပွားရေးလုပ်ငန်းများကိုပေးတယ်၊ ချေးတယ်။ အဲဒီတော့ စီးပွားရေးလုပ်ငန်းများကလည်းတိုးတက်တယ်။ တိုးတက်တဲ့အလျောက် စီးပွားရေးလုပ်ငန်းတွေကလည်းပဲ ဒီကောင်းရာကောင်းကြောင်းကိစ္စများအတွက် ပြန်လည်ပြီးတော့ထည့်ဝင်ခြင်း၊ လှူဒါန်းခြင်း ဆိုတာကိုပြုနိုင်ပါတယ်။ အဲဒီတော့ အမျိုးသားအာမခံစနစ်ကြီးမှာပါဝင်တဲ့ တံမျက်စီးလှည်းသမားပဲ ဖြစ်စေ၊ ကျောင်းဆရာတစ်ယောက်ပဲဖြစ်စေ၊ သူ့အနေနဲ့က ကိုယ်တိုင်နေမကောင်းလို့ဖြစ်စေ၊ မိသားစုထဲကနေမကောင်းလို့ဖြစ်စေ၊ ဆေးကုသမှုခံယူမယ်ဆိုလို့ရှိရင် အစိုးရပိုင်ဆေးရုံမှ မဟုတ်ပါဘူး။ ပုဂ္ဂလိကပိုင်ဆေးရုံကြီးတွေမှာလည်းပဲ သူ့ရောဂါနဲ့သူ သက်ဆိုင်ရာအထူးကုဆေးရုံတွေ ဆေးခန်းတွေမှာပြသပြီးတော့ ဆေးကုသခွင့်ခံယူနိုင်ပါတယ်။ သူဆေးကုသမှုခံယူတာကို နိုင်ငံခြားက ပညာရှင်ဆရာဝန်ကြီးတွေပဲဖြစ်စေ၊ မြန်မာနိုင်ငံသားထိပ်သီးအထူးကုဆရာဝန်ကြီးတွေပဲဖြစ်စေ၊ သူ့ကို ကောင်းကောင်းမွန်မွန်စောင့်ရှောက်မှာဖြစ်ပါတယ်။ လူချမ်းသာတို့နဲ့ တန်းတူဆက်ဆံမှာဖြစ်ပါတယ်။ သူကနေပြီးတော့ ကျန်းမာဝဖြိုးပြီးတော့ဆေးရုံးကဆင်းသွားပြီးပြီဆိုလို့ရှိရင်လည်း သူ့အတွက် လိုအပ်မယ့် ဆေးဖိုး၊ အရင်းအနှီး၊ နို့မှုန့်ဖိုး၊ တက္ကစီ ဒါကိုလည်းပဲ အမျိုးသားအာမခံစနစ်ကြီးကနေပြီးတော့၊ စိုက်ထုတ်ပြီးတော့ပေးလိုက်မှာဖြစ်ပါတယ်။ ရှင်းလိုက်မှာဖြစ်ပါတယ်။ ဒီမှာရှင်းရှင်းလေးပါပဲ။ အမျိုးသားအာမခံစနစ်ကတော့ သူကဆေးရုံတည်ထောင်တာမဟုတ်ပါဘူး။ ဆေးရုံကတော့ တတ်ကျွမ်းနားလည်တဲ့ပညာရှင်ကြီးတွေ သူဟာသူထောင်တာဖြစ်ပါတယ်။ သူကတော့

ငွေကြေးရန်ပုံငွေကိုကိုင်တွယ်တယ်။ တိုးပွားအောင်လုပ်တယ်။ ပြီးတဲ့နောက်မှာမှ ကျသင့်တဲ့ဆေးဖိုးဝါးခနဲ့ လိုအပ်တဲ့ခရီးသွားလာမှုတို့၊ ဆေးဝါးနောက်ထပ်ဝယ်ဖို့ကိစ္စလေးကို သူကရှင်းပေးတာသာဖြစ်ပါတယ်။ အဲဒီတော့ဒီစနစ်ဟာ ကျွန်တော်တို့အတွက်ကအသစ်အဆန်းဖြစ်ပေမယ်လို့ နိုင်ငံကြီးတွေမှာကတော့ ကျင့်သုံးတာတော်တော်ကြာခဲ့ပါ့ပြီနော်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ခုနကပြောသလိုပါပဲနောက်မှလိုက်လုပ်ရတယ်ဆိုတဲ့အခါမှာတစ်ခုတော့ရှိပါတယ်။

အကြံတူနောက်လူသာစမြဲဆိုတာမျိုး။ ကျွန်တော်တို့က သူတို့ကိုကြားဖြတ်တက်ပြီးတော့ ကျွန်တော်တို့ စနစ်ကြီးကိုပိုပြီးကောင်းမွန်ခိုင်မာအောင် ဆက်ပြီးလုပ်ဖို့လိုအပ်မယ်ဖြစ်ပါတယ်။ အဲဒီတော့ စောစောကပြောခဲ့သလိုပါပဲ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံသားအားလုံး ဂုဏ်သိက္ခာရှိရှိပြည့်ပြည့်ဝဝဆေးကုသခံယူခွင့်ရရှိရေး လုံခြုံမှုစီမံကိန်းတစ်ရပ်ကို နိုင်ငံတော်အစိုးရမှ အတိုင်ပင်ခံပညာရှင်များ၊ သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ မိတ်ဆွေနိုင်ငံကြီးများနဲ့ ကမ္ဘာ့အဖွဲ့အစည်းကြီးများမှ အတွေ့အကြုံရင့်ကျက်သူများနဲ့ တိုင်ပင်ပေါင်းစပ်ပြီးတော့ အဆင့်ဆင့်ရေးဆွဲပြဋ္ဌာန်းဖွဲ့စည်းထူထောင်လုပ်ကိုင်ပေးသွားနိုင်ရန် ဤပြည်သူ့လွှတ်တော်မှတစ်ဆင့် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးကြည်မြင့် တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးကြည်မြင့်၊ လသာမဲဆန္ဒနယ်ကတင်သွင်းတဲ့ အမျိုးသားအဆင့်ကျန်းမာရေးစောင့်ရှောက်မှုဆေးကုသခွင့် လုံခြုံရေးစီမံကိန်းတစ်ရပ်ကို (က) ပြည်သူအားလုံးအာမခံပေါ်လစီဝယ်ယူခွင့်ရရှိပြီးထူထောင်သည့်စနစ် (ခ) ပုံမှန်လုပ်ခ၊ လစာရရှိသောလုပ်သားများ လစဥ်တစ်နှစ်အတွက်ထည့်ဝင်မှုကိုအလုပ်ရှင်နှင့် အစိုးရတို့ကထပ်ဆောင်းပေးသည့်ရန်ပုံငွေဖြင့်ထူထောင်သည့်စနစ် (ဂ) အလုပ်မရှိသေးသူ၊ ရာသီလိုက်ဝင်ငွေရတောင်သူလယ်သမားများ၊ အလုပ်မမှန်ပုံကျလုပ်ကိုင်စားသောက်လုပ်ကိုင်သူများအတွက် အစိုးရကယာယီစိုက်ထုတ်ထူထောင်သည့်စနစ်များသီးခြားစီထူထောင်ပြီး ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်သွားရန်ဟူသော အဆိုကို ကျွန်တော် သဃ်န်းကျွန်းမဲဆန္ဒနယ်၊ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က ထောက်ခံကြောင်း ဥက္ကဋ္ဌကြီးအား တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့် တင်သွင်းတဲ့အဆိုကို ဆွေးနွေးမည့်ရက်ထပ်မံကြေညာပါ့မယ်။ ဆွေးနွေးလိုတဲ့လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ မနက်ဖြန်သောကြာနေ့ ညနေပိုင်းအချိန်အထိ ပြည်သူ့လွှတ်တော်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခြေခံပညာကျောင်းများတွင် အားကစားလုပ်ငန်းကိုထိထိရောက်ရောက်လက်တွေ့ဆောင်ရွက်ရေးမူတစ်ရပ်ချမှတ်ပေးရန်အဆိုတင် သွင်းရန် မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်းအား ဖိတ်ခေါ်ပါတယ်။

**ဦးထန်းလိန်း(မင်းတပ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေ ဦးစွာပထမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထန်းလိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့အဆိုပြုတင်ပြသွားမှာကတော့ အခြေခံပညာကျောင်းများတွင်အားကစားလုပ်ငန်းကို ထိထိရောက်ရောက်လက်တွေ့ဆောင်ရွက်ရေးမူတစ်ရပ်ချမှတ်ပေးပါရန် အဆိုပဲဖြစ်ပါတယ်။ ကျွန်တော့် အဆိုကို စာဖြင့်ဖတ်ကြားတင်ပြခွင့်ပြုပါရန် လေးစားစွာခွင့်ပန်ကြားအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ ဝန်းကျင်က အားကစားအဆင့်အတန်းမြင့်မားပြီး အရှေ့တောင်အာရှအဆင့်တွင်သာမက အာရှ အဆင့်ထိပင်ထိုးဖောက်အောင်မြင်ခဲ့ပါတယ်။ အဲ့ဒီခေတ်က မြန်မာ့ဘောလုံးအဆင့်အတန်းဟာ မလေးရှားနိုင်ငံမှာကျင်းပတဲ့ မာဒေးကားဘောလုံးပြိုင်ပွဲ၊ တောင်ကိုရီးယားနိုင်ငံမှာကျင်းပတဲ့ ပတ်ချုံဟီးဖလားပြိုင်ပွဲ၊ အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲများမှာ အာရှထိပ်တန်း ဘောလုံးအသင်းများဖြစ်တဲ့ တောင်ကိုရီးယား၊ ဂျပန်နိုင်ငံတို့ကို အနိုင်ယူဗိုလ်စွဲခဲ့တဲ့ အစဉ်အလာရှိတဲ့ ဘောလုံးအသင်းဖြစ်ခဲ့ပါတယ်။ အဲ့ဒီလိုအောင်မြင်မှုများရရှိနိုင်ခဲ့ခြင်းဟာ တပ်မတော်( ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများကို မှန်မှန်ကျင်းပပေးနိုင်ခဲ့ခြင်း၊ ပြည်နယ်နှင့်တိုင်းအားကစားပြိုင်ပွဲများကို မှန်မှန်ကျင်းပနိုင်ခဲ့ခြင်း၊ ကျောင်းသားအားကစားပွဲတော်များကို စနစ်တကျကျင်းပပေးနိုင်ခဲ့ခြင်း၊ အခြေခံပညာကျောင်းများမှာ ကျောင်းတွင်းအားကစားပြိုင်ပွဲများကို နှစ်စဉ်မှန်မှန်ကျင်းပပေးနိုင် ခဲ့ခြင်းစတဲ့ အကျိုးဆက်များကြောင့်ပဲဖြစ်ပါတယ်။ မျက်မှောက်ကာလမှာ အခြေခံပညာကျောင်း တွေမှာ အားကစားပြိုင်ပွဲများကျင်းပပြုလုပ်ခြင်းမရှိသလောက်ဖြစ်နေတာကို အားလုံးအသိပဲ

ဖြစ်ပါတယ်။ ကျောင်းသားကျောင်းသူများဟာလည်း နံနက်မိုးလင်းတာနဲ့ ကျူရှင်အချိန်ပိုတက်ဖို့ အပြေးအလွှားသွားကြပြီး နေ့ခင်းပိုင်းမှာလည်းပဲကျောင်းကိုပဲ စာသင်ဖို့သွားကြရပြန်ပါတယ်။ ညနေပိုင်းတွင်လည်းပဲ ကျူရှင်အချိန်ပိုတက်ဖို့ အပြေးအလွှားသွားကြရပြန်ပါတယ်။ ဒါ့ကြောင့် လူငယ်များရဲ့တစ်နေ့တာအချိန်ဟာ စာသင်ကြားခြင်း၌ အာရုံလုံးဝအပ်နှံထားရတာကိုတွေ့ရှိရပါတယ်။ ကိုယ်ပိုင်အားလပ်ချိန်၊ အပန်းဖြေချိန်၊ ကစားချိန်ဆိုလို့မရှိသလောက်ဖြစ်နေပါတယ်။ ဒါ့ကြောင့် လူငယ်များပျော်ရွှင်မှုအချိန်မရတဲ့အတွက် ကျန်းမာရေးနှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုအားနည်းလာနိုင်ပါတယ်။ စာမေးပွဲအောင်ပြီးတော့အတန်းတင်ပေးနိုင်ရန်အတွက် ကြက်တူရွေးစာကျက်ခြင်း၊ အကြံအဖန်ကိုအားကိုးလာခြင်း၊ ပညာရေးမသမာမှုများပြုလုပ်ရန်ကြံစည်လာခြင်းစတဲ့ ဆိုးကျိုးများကို ဖြစ်ပေါ်စေပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ အနာဂတ်အရေးကိုမျှော်တွေးပြီး အမျိုးသားရေးဦးတည်ချက်များချမှတ်တဲ့အခါမှာ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုတဲ့ လူမှုရေးဦးတည်ချက်တစ်ရပ်ကို ချမှတ်ထားခြင်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါ့ကြောင့် အခြေခံပညာကျောင်းများမှာ နံနက်ပိုင်းနှင့်ညနေပိုင်းအချိန်များကို ကျောင်းသား၊ ကျောင်းသူများကို မဖြစ်မနေအားကစားပြုလုပ်ရန်နှင့် အခြေခံပညာအထက်တန်းအဆင့်ရှိတဲ့ကျောင်းတွေမှာ အထက်တန်းအဆင့်နှင့် မူလတန်းအဆင့်တွေကိုနံနက်ပိုင်းစာသင်၊ ညနေပိုင်းအားကစားကစားပြီး၊ အလယ်တန်းအဆင့်ဟာနံနက်ပိုင်းမှာအားကစားကစားပြီးတော့ ညနေပိုင်းမှာစာသင်ကြားတဲ့စနစ်၊ အခြေခံပညာအလယ်တန်းနှင့် မူလတန်းအဆင့်သာရှိတဲ့ကျောင်းတွေမှာ စာသင်ကြားချိန်နှင့်အားကစားအချိန်များကို နံနက်ပိုင်းနှင့်ညနေပိုင်းတို့မှာ သင့်လျော်သလိုစီမံဆောင်ရွက်ကာ အားကစားနှင့်ပညာရေးပေါင်းစပ်လုပ်ငန်းကို ထိထိရောက်ရောက်ဆောင်ရွက်လျက် အားကစားကိုပညာရေးစွမ်းရည်တစ်ရပ်အဖြစ် လက်တွေ့အကောင်အထည်ဖော်ပေးသင့်ပါတယ်။ အရည်အချင်းရှိတဲ့မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်ပေးနိုင်ရန်နှင့် တစ်နိုင်ငံလုံးမှာအားကစားသမားများဖြန့်ကျက်ရှာဖွေနိုင်ရန်အတွက် အခြေခံပညာအလယ်တန်းအဆင့်၊ အသက် ၁၄ နှစ်အောက်အားကစားပြိုင်ပွဲများကို ခရိုင်အဆင့်ဇုန်နယ် ၈ ခုခွဲပြီး ကျယ်ကျယ်ပြန့်ပြန့်ကျင်းပပေးသင့်ပါတယ်။ အဲ့ဒီလို ခရိုင်အဆင့်ပြိုင်ပွဲများကျင်းပတဲ့နေရာမှာ ပြည်နယ်နှင့်တိုင်းဒေသကြီးများကိုအခြေမခံဘဲ သွားလာမှုလွယ်ကူပြီးစရိတ်သက်သာစေရန် နီးစပ်တဲ့ခရိုင်များကိုစုစည်းပြီး ဇုန်နယ်များသတ်မှတ်ပေးသင့်ပါတယ်။ ဇုန်နယ်အဆင့်မှာ ခြေစစ်ပွဲအောင်တဲ့အသင်းများ ကျန်ရှိတဲ့ပွဲတွေမှာဆက်လက်ယှဉ်ပြိုင်နိုင်ဖို့အတွက် ကုန်ကျစရိတ်များကိုနိုင်ငံတော်နှင့်

ကလပ်အသင်းများကကျခံရေးနှင့် အားကစားသမားများရွေးချယ်နိုင်ရေးအတွက် အားကစားနှင့်ကာယပညာသိပ္ပံများမှနည်းပြဆရာများ၊ ကလပ်အသင်းများမှနည်းပြဆရာများ၊ အကယ်ဒမီကျောင်းများမှနည်းပြဆရာများကိုစေလွှတ်ပြီး ပြိုင်ပွဲကျင်းပတဲ့နေရာမှာ သွားရောက်ကြည့်ရှုရွေးချယ်ရေးအစီအမံများချမှတ်ပေးသင့်ပါတယ်။ သို့မှသာ တစ်နိုင်ငံလုံးမှာရှိတဲ့လူငယ်မျိုးဆက်သစ်အားကစားသမားများ၊ ရွက်ပုန်းသီးအားကစားသမားများ၊ အသက်အရွယ်တိကျမှန်ကန်တဲ့ အားကစားသမားများဖော်ထုတ်နိုင်မှာဖြစ်ပါတယ်။ အားကစားအောင်နိုင်ရေးအတွက် အားကစားပါရမီရှင်မွေးထုတ်နိုင်ရေးနှင့် ရွေးချယ်မှုမှန်ကန်ရေးဟာအဓိကကျပါတယ်။ အားကစားအောင်နိုင်ရေးအတွက် ပါရမီရှင်မွေးထုတ်နိုင်ရေးဟာအလွန်အရေးကြီးပါတယ်။ ကမ္ဘာ့ဘောလုံးလောကမှာပါရမီရှင်ဖြစ်တဲ့ ပီလီဟာဘရာဇီးနိုင်ငံအသင်းကိုကမ္ဘာ့ဖလားရဖို့ရန်အတွက် အချိန်အတော်ကြာထိန်းပြီး အောင်ပွဲစွမ်းဆောင်နိုင်ပေးခဲ့တဲ့သာဓကဖြစ်ပါတယ်။ ကမ္ဘာကျော်ဘောလုံးသမားမာရာဒိုနာဟာ အာဂျင်တီးနားနိုင်ငံသားဖြစ်ပြီးတော့ ကမ္ဘာ့ဖလားကိုနှစ်ကြိမ်ဆက်တိုက်ရအောင်စွမ်းဆောင်နိုင်ခဲ့သည့် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဖြစ်ခဲ့ပါတယ်။ ဒါပေမယ့် မာရာဒိုနာအနားယူပြီးတဲ့အခါမှာ အာဂျင်တီးနားနိုင်ငံအသင်းဟာ ကမ္ဘာ့ဖလားကိုယနေ့အထိ တစ်ကြိမ်မှမရရှိခဲ့သေးကြောင်းတွေ့ရှိရပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာတော့ ဗဟာဒူးဟာ ပါရမီရှင်လို့ပြောနိုင်ပါတယ်။ ဒါ့ကြောင့် သူဟာထူးချွန်ထက်မြက်တဲ့ ဘောလုံးသမားဖြစ်တဲ့အားလျော်စွာ အာရှအဆင့်မှာလက်ရွေးစင်အဖြစ်ကစားတဲ့မြန်မာနိုင်ငံသားပါရမီရှင်ဘောလုံးသမားတစ်ဦးဖြစ်ခဲ့ပါတယ်။ ဒါ့ကြောင့် ဗဟာဒူးဟာ ၁၉၆၀ ကနေ ၁၉၇၀ ခုနှစ်တိုင်အထိ ဗဟာဒူးရဲ့အောင်မြင်မှုများဟာ မြန်မာ့ဘောလုံးလောကကို ထွန်းတောက်စေခဲ့ပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီ ပါရမီရှင်များရှာဖွေနိုင်ဖို့အတွက်ရာ လူငယ်များစုစည်းတဲ့အခြေခံပညာကျောင်းများမှာ အားကစားလုပ်ငန်းကိုထိထိရောက်ရောက်ဆောင်ရွက်နိုင်မှသာလျှင်ပါရမီရှင်များ အမှန်တကယ်မွေးထုတ်နိုင်မှာဖြစ်တဲ့အတွက် ကျောင်းတွေမှာအားကစားလုပ်ငန်းလက်တွေ့ဆောင်ရွက်ရန်ဆိုတဲ့အဆိုကို ကျွန်တော့်အနေနဲ့တင်ပြခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အစိုးရအနေနဲ့ အားကစားပြိုင်ပွဲများကျင်းပပေးခဲ့သော်လည်း ပြိုင်ပွဲဝင်အသင်းများအနေနဲ့ နီးစပ်ရာကစားသမားများဖြင့် ပြိုင်ပွဲဝင်ခြင်း၊ အသက်ကန့်သတ်တဲ့ပြိုင်ပွဲတွေမှာ အသက်လိမ်ပြီးပြိုင်ပွဲဝင်ခြင်း၊ လူငှားကစားခြင်းစတဲ့အချက်များကြောင့် ဒေသချစ်စိတ်၊ မျိုးချစ်စိတ်လျော့နည်းပြီး မြန်မာ့အားကစားအဆင့်အတန်းတစ်ခုလုံးနိမ့်ကျစေတယ်လို့ဆိုနိုင်ပါတယ်။ နိုင်ငံတော်အပေါ်မှာ အမျိုးသားရေးစိတ်ဓာတ်ပြင်းထန်

သူများရဲ့ငွေအား၊ အချိန်၊ လုပ်အားစတဲ့ ပံ့ပိုးမှုများ၊ ရင်းနှီးမြှုပ်နှံမှုများဟာ မျှော်လင့်သလိုဖြစ်မလာဘဲ စိတ်ဓာတ်လျော့ပါးကျဆင်းမှုများကို ကြုံတွေ့ခံစားစေနိုင်တယ်လို့ဆိုနိုင်ပါတယ်။ ဒါ့ကြောင့် မြန်မာ့အားကစားလောကပြန်လည်ဦးမော့လာစေရန်အတွက် အခြေခံပညာကျောင်းများတွင် အားကစားလုပ်ငန်းကိုထိထိရောက်ရောက်လက်တွေ့ဆောင်ရွက်ရန်နှင့် အသက်မှန်ကန်တဲ့လူငယ်မျိုးဆက်သစ်အားကစားသမားများ၊ ရွက်ပုန်းသီးအားကစားသမားများ၊ မီးခဲပြာဖုံးအားကစားသမားများနှင့် ပါရမီရှင်အားကစားသမားများ စနစ်တကျရွေးချယ်မွေးထုတ်ပေးနိုင်ရန်အတွက် တစ်နိုင်ငံလုံးဖြန့်ကျက်နိုင်တဲ့ ခရိုင်အဆင့်အားကစားပြိုင်ပွဲကို ခြေစစ်ပွဲအသွင်ဖြင့်ဇုန်နယ်များခွဲပြီး နှစ်စဥ်ကျင်းပပေးရေးမူတစ်ရပ်ချမှတ်ပေးပါရန်အဆိုကို လေးစားစွာဖြင့်တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဒေါက်တာရိုအုပ်(မတူပီမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာရိုအုပ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မင်းတပ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထန်းလိန်းတင်သွင်းသွားတဲ့ အခြေခံပညာကျောင်းများတွင် အားကစားလုပ်ငန်းများကို ထိထိရောက်ရောက်လက်တွေ့ဆောင်ရွက်ရန် မူတစ်ရပ်ချမှတ်ပေးရန် အဆိုအပေါ်ထောက်ခံဆွေးနွေးလိုပါတယ်။ မြန်မာနိုင်ငံအားကစားအဆင့်အတန်းတိုးတက်မြင့်မားလာနိုင်ရေးဟာ လူငယ်များအပေါ်တွင်မူတည်လျက်ရှိပါတယ်။ လူငယ်လူရွယ်များဟာ အများအားဖြင့် အခြေခံပညာကျောင်းများတွင်ရောက်ရှိပညာသင်ကြားနေတာဖြစ်ပါတယ်။ လူငယ်မျိုးဆက်သစ်အားကစားသမားများ စဥ်ဆက်မပြတ်ပေါ်ထွန်းလာနိုင်ရေးအတွက်လည်း အခြေခံပညာကျောင်းများမှာ အားကစားလုပ်ငန်းများကို စီမံချက်များချမှတ်ဆောင်ရွက်စေသင့်ပါတယ်။ ဒါ့ကြောင့် ချင်းပြည်နယ်၊ မင်းတပ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထန်းလိန်းတင်သွင်းသွားတဲ့ အခြေခံပညာကျောင်းများတွင် အားကစားလုပ်ငန်းကို ထိထိရောက်ရောက်လက်တွေ့ဆောင်ရွက်ရေး မူတစ်ရပ်ချမှတ်ပေးရန်အဆိုကို လေးလေးနက်နက်ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်းတင်သွင်းတဲ့အဆိုကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက် (သောကြာနေ့)မှာ ဆွေးနွေးမှာဖြစ်ပါတယ်။

ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီကနေ့ညနေပိုင်းမှာ ပြည်သူ့လွှတ်တော်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးကြဖို့ဖြစ်ပါတယ်။ အစည်းအဝေးမပြီးဆုံးမီ ခုနက လွှတ်တော်ကိုတင်ပြတဲ့ကိစ္စနဲ့ပတ်သက်ပြီး ဦးရဲထွန်း မရှင်းမှာစိုးလို့ ကျွန်တော်ထပ်ပြီးတော့ပြောပါမယ်။ လယ်ယာမြေဥပဒေကို ပြီးခဲ့တဲ့ ၂၀ ရက်နေ့မှာ လွှတ်တော်ကအတည်ပြုဆုံးဖြတ်ပြီးဖြစ်ပါတယ်။ အဲဒီလို ဆုံးဖြတ်တဲ့နေရာမှာ အနည်းစုရဲ့ဆန္ဒကိုမချန်လှပ်ထားဘဲနဲ့အလေးထားပြီး အများစုရဲ့ဆန္ဒမဲဖြင့် ဆုံးဖြတ်ခဲ့တဲ့ကိစ္စဖြစ်ပါတယ်။ သို့ရာတွင် ဒီနေ့ခေါင်းစဉ်နဲ့မဆိုင်တဲ့ကိစ္စမှာ ဒီအကြောင်းကိုလွှတ်တော်ကဆုံးဖြတ်ထားတဲ့အကြောင်းကို ထည့်သွင်းဆွေးနွေးခြင်းဟာ၊ လွှတ်တော်ကဒီလိုဆွေးနွေးခဲ့ခြင်းဟာ၊ ဆုံးဖြတ်ခဲ့ခြင်းဟာ၊ အဓိပ္ပာယ်တစ်မျိုးဖြစ်သွားနိုင်ပါတယ်။ ဒါ့ကြောင့်မို့လို့ အဲဒီလိုဆွေးနွေးခြင်းဟာ တစ်နည်းမဟုတ်တစ်နည်း လွှတ်တော်ကိုထိခိုက်တယ်။ ဒါ့ကြောင့်မို့လို့ ဒီလိုဆွေးနွေးတာမသင့်ဘူး။ တကယ်လို့ ကြုံကြိုက်တယ်ဆိုလို့ရှိရင်ကြုံကြိုက်တဲ့အချိန်မှာ သူ့ခေါင်းစဉ်နဲ့သူဆွေးနွေးဖို့ဖြစ်တယ်။ မဆိုင်တာတွေကိုမဆွေးနွေးပါနဲ့လို့ ဦးရဲထွန်းကိုပြောရင်း ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ်တွေပါ သတိပြုနိုင်အောင်တင်ပြခြင်းဖြစ်ပါတယ်။

**ဦးရဲထွန်း(သီပေါမဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ရိုးသားစွာဝန်ခံလိုပါတယ်။ ဒီမြေယာဥပဒေကြမ်းကိုဆွေးနွေးတဲ့အချိန်မှာ ကျွန်တော်တို့ဒေသမှာ တောင်သူတွေက ဒီလယ်ယာမြေတွေကိုတိုးချဲ့ပြီးတော့ သူတို့သဘောနဲ့သူတို့ခုတ်ထွင်စိုက်ပျိုးတာရှိပါတယ်။ အဲဒီကိစ္စအတွက်ကိုမှတ်ပုံတင်တယ်။ မှတ်ပုံတင်တယ်ဆို မြေစာရင်းဌာနမှာတရားဝင်ရဖို့အတွက်တင်တဲ့အခါ မရတဲ့ကိစ္စကိုဆွေးနွေးတဲ့အထဲမှာပြောမိပါတယ်။ ပြောတဲ့အခါကျတော့ မြေလွတ်၊ မြေရိုင်းနဲ့ဆိုင်တယ်လို့ အဲဒီနေ့ကရှင်းလင်းပြလိုက်တဲ့အခါ ကျွန်တော့်စိတ်ထဲမှာ ဒီမြေလွတ်၊ မြေရိုင်းဟာ လုပ်ငန်းရှင်ကြီးတွေကိုတော့ အများကြီးချပေးတာရှိတယ်။ ရိုးရိုးတောင်သူလယ်သမားတွေကိုတော့ အကွက်လိုက်၊ အကွက်လိုက်၊ တစ်ပိုင်တစ်နိုင်ပေါ့လေ။ အဲဒီလို ချပေးတယ်ဆိုပြီးတော့ ကျွန်တော့်စိတ်ထဲမှာ ရောထွေးပြီးတော့နားလည်မိပါတယ်။ နားလည်မိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့စိုးရိမ်တာက အခုနိုင်ငံတော်သမ္မတကလည်း ဒါနဲ့ပတ်သက်လို့ ဥပဒေတွေပြုဖို့အတွက် မြေလွတ်၊ မြေရိုင်း ဗဟိုကော်မတီအဖွဲ့အသစ်ဖွဲ့စည်းပြီးတော့ စေခိုင်းနေတယ်လို့ကြားတဲ့အခါမှာ ၂၀ ရက်နေ့ကဆုံးဖြတ်ခဲ့သလိုမျိုးပဲ အငှားချထားခွင့်ကို ဒီဥပဒေသစ်ထဲမှာများထည့်မိလို့ရှိရင် နိုင်ငံမှာတစ်ကယ်လုပ်မယ့်သူတွေအတွက် အခက်အခဲတွေ့မှာစိုးလို့ ကျွန်တော့်အနေနဲ့ထည့်သွင်းဆွေးနွေးမိတာဖြစ်ပါတယ်ခင်ဗျား။ ဒါ့ကြောင့် ဥက္ကဋ္ဌကြီးရှင်းလင်းပြောပြသွားတဲ့ဟာ ကျွန်တော့်အနေနဲ့

လေးလေးနက်နက်ခံယူပါ့မယ်အကြောင်းပြောရင်းနဲ့ ကျွန်တော့်မှာမကောင်းတဲ့ရည်ရွယ်ချက်မရှိဘူးဆိုတာကို ကျွန်တော်အသိပေးတင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီလေ။ ထပ်ခါထပ်ခါပြောနေတဲ့သဘောဖြစ်နေပါတယ်။ ဒါ့ကြောင့်မြေလွတ်၊ မြေရိုင်းဆိုတာဘာ၊ လယ်သမားဆိုတာဘာ၊ လယ်လုပ်သူဆိုတာဘာ၊ လယ်ယာလုပ်သားဆိုတာဘာဆိုတာကိုသိအောင်ကြည့်ပြီးတဲ့အခါမှာ ဆွေးနွေးဖို့ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကာယကံရှင်ကိုယ်တိုင်ကလည်း ဒါကိုသဘောပေါက်တယ်။ လက်ခံတယ်ဆိုတဲ့နေရာမှာ ကျွန်တော်တို့ဘက်ကလည်း ဒီလိုမှ လွှတ်တော်ကိုကြိုတင်တင်ပြထားတာမရှိဘူးဆိုရင် နောင်ဆက်လက်သွားမယ့် လွှတ်တော်အစည်းအဝေးတွေမှာ မဆိုင်တဲ့ကိစ္စတွေ၊ လွှတ်တော်ထဲမှာထည့်သွင်းဆွေးနွေးခြင်းအားဖြင့် အရင်ကလွှတ်တော်ကဆုံးဖြတ်ခဲ့တဲ့ကိစ္စတွေဟာ မှားသလို၊ မမှန်တသလိုဖြစ်တဲ့အဖြစ်မျိုး မဖြစ်ရအောင်ကျွန်တော်အခုလိုပြောခြင်းဖြစ်ပါတယ်။ ဒီလိုပြောတဲ့နေရာမှာလည်း ပြောပြောချင်းပဲ ကျွန်တော်ဒါကိုဟန့်တားပြီးပြောလိုက်ရင်ကောင်းမလား။ ကျွန်တော်ဆုံးဖြတ်ပါတယ်။ စဉ်းစားပါတယ်။ ကိစ္စမရှိဘူးပြောပါစေအုံး။ ချက်ချင်းဟန့်တားလိုက်မယ်ဆိုလို့ရှိရင် သူပြောတဲ့အဓိပ္ပါယ်ကို အပြည့်အဝကြားမှာမဟုတ်ဘူးဆိုပြီးတော့ ကျွန်တော်ဆက်ပြီးနားထောင်တာပါ။ နားထောင်ပြီးတော့ အစည်းအဝေးမရုပ်သိမ်းခင် ကျွန်တော်ပြန်ပြီးတော့ ရှင်းတဲ့အခါမှာလည်း ကျွန်တော့်ဘက်ကအခုအပြောဟာဒေါသပါသွားမှာစိုးရိမ်တဲ့အတွက် တန်းဖြတ်လိုက်ပါတယ်။ တန်းဖြတ်ပြီးတဲ့အခါမှာ ပြန်စဉ်းစားတယ်။ ခုနကတင်ပြချက်ဟာ တင်ပြချက်ကို ကျွန်တော်အခုလိုပြန်ပြောသင့်၊ မသင့်စဉ်းစားပြီးမှ ကျွန်တော်ပြန်ပြောခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ကျွန်တော်တို့ဘက်ကလည်း ပြောမယ်ဆိုလို့ရှိရင်လွှတ်တော်ရဲ့ဂုဏ်သိက္ခာ နောက် လွှတ်တော်ကိုယ်စားလှယ်များ လိုက်နာကျင့်ကြံဆောင်ရွက်ရမယ့်ကိစ္စ၊ ပြီးတဲ့အခါမှာ အဆိုဆိုလို့ရှိရင် အဆိုနဲ့ပတ်သက်တဲ့ဟာတွေပဲ ဆွေးနွေးဖို့။ ဦးရဲထွန်းအပြင်ကျန်တဲ့လွှတ်တော်ကိုယ်စားလှယ်များသိရှိအောင် ဒီမှာ လွှတ်တော်ကိုပဲပြန်တင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကိုရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၁ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက် (သောကြာနေ့) ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။